# ကြေးမုံ
# The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957


**ဆွေမျိုးတို့နှင့် နေရသကဲ့သို့**

သူမိုက်နှင့် ပေါင်းဖော်၍ လှည့်လည်သောသူသည် ကာလရှည်မြင့်စွာ စိုးရိမ်ရ၏။ လူမိုက်တို့နှင့် အတူနေရခြင်းသည် ရန်သူနှင့် အတူနေရသကဲ့သို့ အခါခပ်သိမ်း ဆင်းရဲရ၏။ ပညာရှိနှင့် အတူတကွ နေရခြင်းသည် ဆွေမျိုးတို့နှင့် အတူတကွ နေထိုင်ရသကဲ့သို့ ချမ်းသာ၏။

သုခဝဂ်(ဓမ္မပဒ-၂၀၇)


၁၃၈၄ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၂ ရက်၊ သောကြာနေ့။ Friday, 21 October 2022 ၁၀၈၉၅


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။
၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။
၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။
၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။
၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ မြန်မာနိုင်ငံဆိုင်ရာ နီပေါနိုင်ငံသံအမတ်ကြီး သံအမတ်ခန့်အပ်လွှာပေးအပ်

**နေပြည်တော် အောက်တိုဘာ ၂၀**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ မြန်မာနိုင်ငံဆိုင်ရာ နီပေါနိုင်ငံသံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး H.E. Mr. Harishchandra Ghimire သည် ယနေ့ နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံးသံတမန်ဆောင်ဧည့်ခန်းမ၌ ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

**ရင်းရင်းနှီးနှီး ဆွေးနွေး**

ထို့နောက် နှစ်နိုင်ငံသံတမန်ဆက်ဆံရေးနှင့် ချစ်ကြည်ရင်းနှီးမှုဆိုင်ရာ ကိစ္စရပ်များ၊ စီးပွားရေးနှင့် ကုန်သွယ်မှုတိုးမြှင့်ဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ ခရီးသွားလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ရင်းရင်းနှီးနှီး ဆွေးနွေးခဲ့ကြသည်။


**စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ မြန်မာနိုင်ငံဆိုင်ရာ နီပေါနိုင်ငံ သံအမတ်ကြီး H.E. Mr. Harishchandra Ghimire က ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်စဉ်။


ယနေ့ ဖတ်စရာ

**ထူးခြားရတနာ**
ဆောင်းပါး စာမျက်နှာ » ၆

**သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်) နေ့သင်တန်းများ ဖွင့်လှစ်ကြောင်း ကြေညာ**
စာမျက်နှာ » ၉





**ပြည်ထောင်စုပန်းများ လန်းရာမြေ**
ဆောင်းပါး စာမျက်နှာ » ၁၀





**မြေအောက်ရေဖြင့် စိုက်ပျိုးရေပေးဝေကာ တောင်သူ စီးပွားတိုးပွားစေမည်**
ဆောင်းပါး စာမျက်နှာ » ၁၈





# အင်အားကောင်းသည့်နိုင်ငံဖြစ်ရန်ကြိုးပမ်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် အောက်တိုဘာလ ၁၈ ရက်နေ့က မွန်ပြည်နယ်အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) လုပ်ငန်းရှင်များနှင့် တွေ့ဆုံစဉ် “နိုင်ငံတစ်ခုသည် စီးပွားရေးမောင်းနှင်အား၊ နိုင်ငံရေးအားနှင့် ကာကွယ်ရေးစွမ်းအားကောင်းရန်လိုကြောင်း၊ စီးပွားရေးမောင်းနှင်အားကောင်းမွန်ပါက နိုင်ငံရေးနှင့် ကာကွယ်ရေးစွမ်းအားများလည်း ကောင်းမွန်လာမည်ဖြစ်ပြီး အင်အားကောင်းသည့်နိုင်ငံတစ်ခုဖြစ်လာမည်ဖြစ်ကြောင်း” ပြောကြားချက်ကို မှတ်သားရပါသည်။

ကမ္ဘာ့သမိုင်းကိုလေ့လာကြည့်လျှင် စီးပွားရေးကောင်းမွန်သော၊ အလုပ်ကောင်းကောင်းလုပ်နိုင်သောနိုင်ငံများသည် နိုင်ငံအင်အားအဘက်ဘက်တွင် တောင့်တင်းခိုင်မာပြီး စစ်ဘေးစစ်ဒဏ် မည်မျှထိခိုက်ခံရသည်ဖြစ်စေ နိုင်ငံကို ပြန်လည်ထူမတ်ကာ အင်အားကောင်းအောင် ပြုလုပ်နိုင်စွမ်းရှိသည်ကို တွေ့ရမည်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံ၏အရေးအရာ ကဏ္ဍအသီးသီးတွင် စီးပွားရေးသည် အဓိကကျသောကဏ္ဍအဖြစ် ရပ်တည်နေသည်ကို တွေ့ရမည်ဖြစ်သည်။ ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိပြီး တိုင်းပြည်၏ အခြေခံကောင်းများနှင့် အလုပ်လုပ်နိုင်သော စွမ်းပကားများ ပေါင်းစပ်လိုက်ပါက အင်အားတောင့်တင်းသော တိုင်းပြည်ဖြစ်နိုင်သည်။

မြန်မာနိုင်ငံသည် ရေခံမြေခံကောင်းများရှိပြီးဖြစ်၍ စီးပွားရေးကောင်းမွန်အောင် ဆောင်ရွက်နိုင်သည်။ အစဉ်အဆက် စိုက်ပျိုးရေးကိုအခြေခံပြီး စီးပွားရေးကောင်းမွန်အောင်ဆောင်ရွက်ခဲ့ကာ မျက်မှောက်ကာလတွင် စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ပြည်တွင်းထုတ်ကုန်များကို ဦးစားပေးဆောင်ရွက်နေသည်။ ပြည်တွင်းစီးပွားရေး၌ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းကို အများဆုံးဆောင်ရွက်သောကြောင့် ယင်းကိုတိုးတက်အောင် မြှင့်တင်ဆောင်ရွက်နိုင်ပါက မလွဲမသွေအောင်မြင်လာမည်ဖြစ်သည်။ မျက်မှောက်ကာလတွင် ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် စီးပွားရေးအကျပ်အတည်းများဖြစ်ခဲ့သော်လည်း မြန်မာနိုင်ငံတွင် စိုက်ပျိုးမွေးမြူရေးကို အလျဉ်မီအောင်လုပ်ကိုင်နိုင်သဖြင့် ကုန်စည်ဈေးနှုန်းမြင့်တက်သော်လည်း စားနပ်ရိက္ခာပြတ်လပ်မှုများ ဖြစ်ပေါ်ခဲ့ခြင်းမရှိပေ။

ဖွံ့ဖြိုးတိုးတက်သောနိုင်ငံများသည် စိုက်ပျိုးမွေးမြူရေးအပါအဝင် ကုန်ထုတ်လုပ်ငန်းများကို စက်မှုကိုအခြေခံ၍ လုပ်ကိုင်ဆောင်ရွက်ကြသည်။ အဆိုပါနိုင်ငံများမှ MSME လုပ်ငန်းများသည် စက်မှုကဏ္ဍဝင်ငွေ၏ ၉၀ ရာခိုင်နှုန်းခန့်ရှိသည်။ မြန်မာနိုင်ငံတွင် ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများ၌ MSME လုပ်ငန်းများသည် အရေးပါသည့်ကဏ္ဍများတွင်ပါဝင်နေသဖြင့် MSME လုပ်ငန်းများကို အားပေးမြှင့်တင်ဆောင်ရွက်ခြင်းသည် နိုင်ငံအတွက် များစွာအကျိုးဖြစ်ထွန်းစေသည်။ ပြည်တွင်းလိုအပ်ချက်ကို ပြည်တွင်း၌ပင် ထုတ်လုပ်နိုင်သဖြင့် ပြည်ပထွက်ငွေကို လျှော့ချနိုင်ပြီး ပြည်တွင်းကုန်စည်ဈေးနှုန်းကြီးမြင့်မှု ဖြေရှင်းနိုင်မည်ဖြစ်သည်။ ပြည်တွင်း၌ ဈေးနှုန်းများကြီးမြင့်လာခြင်းတွင် နိုင်ငံခြားငွေတန်ဖိုးနှင့်လည်း သက်ဆိုင်သလို ဝယ်လိုအားနှင့် ရောင်းလိုအားမမျှတမှု၊ ကုန်ပစ္စည်းရှားပါးမှုနှင့်လည်း သက်ဆိုင်သည်။

ပြည်တွင်းကုန်ထုတ်လုပ်မှုများကို လုံလောက်ပိုလျှံစွာ ဆောင်ရွက်နိုင်မည်ဆိုပါက ဝယ်လိုအားနှင့် ရောင်းလိုအားမျှတလာပြီး ရောင်းလိုအားများလာသောကြောင့် ကုန်ပစ္စည်းဈေးနှုန်းများ လျော့ကျလာမည်ဖြစ်သည်။ သို့သော် ပြည်တွင်းထုတ်ကုန်များ၏ အရည်အသွေးနှင့်အာမခံမှုကိုမူ ပိုမိုခိုင်မာကောင်းမွန်အောင် ဆောင်ရွက်ရမည်ဖြစ်ပြီး ပြည်တွင်းထုတ်ကုန်ပစ္စည်းများ၏ အရည်အသွေးကို ပြည်ပကုန်ပစ္စည်းများ၏ အရည်အသွေးနှင့်လိုက်မီအောင် ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်သည်။ ပြည်ပသွင်းကုန်အစားထိုးကုန်ပစ္စည်းများကို နိုင်ငံအတွင်း၌ အရည်အသွေးမီအောင် ထုတ်လုပ်ခြင်းနှင့် ပြည်ပသို့ပါတင်ပို့နိုင်အောင် ဆောင်ရွက်ခြင်းဖြင့် ပြည်တွင်း/ပြည်ပ စီးပွားရေးလုပ်ငန်းများ ကောင်းမွန်လာမည်ဖြစ်သည်။

ပြည်တွင်းကုန်ပစ္စည်းများ မြှင့်တင်တိုးတက်ထုတ်လုပ်ရာတွင် လျှပ်စစ်ဓာတ်အားကဏ္ဍ၊ လူသားအရင်းအမြစ်ကဏ္ဍကဲ့သို့ အရေးပါသည့်ကဏ္ဍများ လုံလောက်ပြည့်စုံမှုရှိစေရန် နိုင်ငံတော်အစိုးရက ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ စိုက်ပျိုးရေးကိုအခြေခံသည့် စက်မှုစီးပွားကဏ္ဍဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် လောင်စာစွမ်းအင်နှင့် နည်းပညာကဏ္ဍသည် အရေးကြီးသဖြင့် ယင်းကဏ္ဍများဖွံ့ဖြိုးတိုးတက်လာအောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ယင်းကဏ္ဍများဖွံ့ဖြိုးတိုးတက်မှသာလျှင် အဆင့်အတန်းမြင့်မားသော ကုန်ပစ္စည်းများကို အလျှံအပယ်ထုတ်လုပ်နိုင်မည်ဖြစ်သည်။

သို့ဖြစ်ရာ စိုက်ပျိုးမွေးမြူရေးကိုအခြေခံပြီး MSME စက်မှုကုန်ထုတ်လုပ်ငန်းများဖွံ့ဖြိုးတိုးတက်လာအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ပြီး စီးပွားရေးတိုးတက်ကောင်းမွန်လာပါက အင်အားတောင့်တင်းခိုင်မာသည့်နိုင်ငံအဖြစ် ရပ်တည်နိုင်မည်ဖြစ်ပါကြောင်း။ ။

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၊ ဥပဒေရေးရာနှင့် တိုင်ကြားစာများဌာနကြီး ညွှန်ကြားရေးမှူးချုပ် ဦးဟန်မင်းအောင် ကို ၂၀၂၂ ခုနှစ် အောက်တိုဘာလ ၂ ရက် နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

၂။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို အစမ်းခန့်ကာလ ( ၁ ) နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

| အမည် | ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူး၊ ဌာန |
|---|---|
| (က) ဦးသိန်းလွင် | ညွှန်ကြားရေးမှူးချုပ်<br>ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန<br>သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန |
| (ခ) ဦးဝင်းလှိုင် | ညွှန်ကြားရေးမှူးချုပ်<br>ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန<br>ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန |

## နယ်စပ်ရေးရာဝန်ကြီးဌာနက ဘုန်းတော်ကြီးကျောင်းများ၊ ပရဟိတကျောင်းများသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ၊ ကြက်ဥများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် အောက်တိုဘာ ၂၀**

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မိတ္ထီလာခရိုင်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးမင်းထွန်းနှင့် ဝန်ထမ်းများသည် ယမန်နေ့ နံနက်ပိုင်းက မိတ္ထီလာမြို့နယ် ထမုန်ကန်ကျေးရွာအုပ်စု ညောင်ပင်သာကျေးရွာ ဦးစီးပဓာန နာယကဆရာတော် ဘဒ္ဒန္တဇောတိက အမှူးရှိသော ညောင်ပင်သာ ရွာလည်ကျောင်းတိုက်ရှိ သံဃာတော်များ၊ စာသင်သား သာမဏေများအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ကုလားပဲ၊ ကြက်ဥ၊ ရေသန့်နှင့် အခြားစားသောက်ဖွယ်ရာများ ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် သံဃာတော်များ ဆွမ်း၊ ကွမ်း အခက်အခဲမရှိစေရေးအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ကုလားပဲ၊ ကြက်ဥများကို ဒေသအလိုက် ထောက်ပံ့ကူညီလှူဒါန်းလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၂၀ - ၁၀ -၂၀၂၂)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉,၅၀၀ | ၉,၅၀၀ | ၁,၄၅၀ | ၁၃,၇၇၅,၀၀၀ |
| MTSH | ၃,၅၀၀ | ၃,၅၀၀ | ၃,၃၂၇ | ၁၁,၆၄၄,၅၀၀ |
| MCB | ၇,၈၀၀ | ၇,၈၀၀ | ၆၇ | ၅၂၂,၆၀၀ |
| FPB | ၂၁,၅၀၀ | ၂၀,၀၀၀ | ၁၈၁ | ၃,၆၇၁,၀၀၀ |
| TMH | ၂,၇၅၀ | ၂,၇၅၀ | ၀ | ၀ |
| EFR | ၂,၇၀၀ | ၂,၇၀၀ | ၂,၀၆၂ | ၅,၅၆၇,၄၀၀ |
| AMATA | ၅,၁၀၀ | ၅,၀၀၀ | ၄၀ | ၂၀၃,၅၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် အောက်တိုဘာ ၂၀

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၂၁၀၀.၀ |
| ( ခ ) ဥရောပ | တစ်ယူရို | = | ၂၀၅၂.၈ |
| ( ဂ ) တရုတ် | တစ်ယွမ် | = | ၂၉၀.၄၃ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၅၄.၉၅၂ |
| ( င ) မလေးရှား | တစ်ရင်းဂစ် | = | ၄၄၄.၀၇ |
| ( စ ) အိန္ဒိယ | တစ်ရူပီး | = | ၂၅.၃၄၅ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၃၁၉.၃ |
| ( ဇ ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၄၇၃.၃ |
| ( ဈ ) ဂျပန် | တစ်ရာယန်း | = | ၁၄၀၁.၃ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၄၆.၈၃ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် - ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်မျိုးမျိုးဝင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် မြန်မာနိုင်ငံဆိုင်ရာ ဘယ်လာရုစ်နိုင်ငံ သံအမတ်ကြီး H.E. Mr. Uladzimir Baravikou တို့ ရင်းရင်းနှီးနှီး တွေ့ဆုံဆွေးနွေးစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ မြန်မာနိုင်ငံဆိုင်ရာ ဘယ်လာရုစ်နိုင်ငံ သံအမတ်ကြီး သံအမတ်ခန့်အပ်လွှာ ပေးအပ်

**နေပြည်တော် အောက်တိုဘာ ၂၀**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ မြန်မာနိုင်ငံဆိုင်ရာ ဘယ်လာရုစ်နိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး H.E. Mr. Uladzimir Baravikou သည် ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌရုံး သံတမန်ဆောင်ဧည့်ခန်းမ၌ ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

ထို့နောက် နှစ်နိုင်ငံ သံတမန်ဆက်ဆံရေးနှင့် ချစ်ကြည်ရေးခရီးစဉ်များ အပြန်အလှန် သွားရောက်ရေးကိစ္စရပ်များ၊ ကုန်သွယ်မှုတိုးမြှင့်ဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ သိပ္ပံနှင့် နည်းပညာ ပူးပေါင်းဆောင်ရွက်ရေးနှင့် ကာကွယ်ရေးဆိုင်ရာ ဆက်လက်ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ရင်းရင်းနှီးနှီး ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် မြန်မာနိုင်ငံဆိုင်ရာ ဘယ်လာရုစ်နိုင်ငံ သံအမတ်ကြီးတို့သည် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

အဆိုပါ သံအမတ်ခန့်အပ်လွှာပေးအပ်ပွဲသို့ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝဏ္ဏဟန်တို့ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ မြန်မာနိုင်ငံဆိုင်ရာ ဘယ်လာရုစ်နိုင်ငံ သံအမတ်ကြီး H.E. Mr. Uladzimir Baravikou က ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် မြန်မာနိုင်ငံဆိုင်ရာ နီပေါနိုင်ငံ သံအမတ်ကြီး H.E. Mr. Harishchandra Ghimire တို့ ရင်းရင်းနှီးနှီး တွေ့ဆုံဆွေးနွေးစဉ်။

**☆ ရှေ့ဖုံးမှ**

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် မြန်မာနိုင်ငံဆိုင်ရာ နီပေါနိုင်ငံသံအမတ်ကြီးတို့သည် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

အဆိုပါ သံအမတ်ခန့်အပ်လွှာပေးအပ်ပွဲသို့ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝဏ္ဏဟန်တို့ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့် ပြည်ထောင်စုဝန်ကြီးများ ၂၀၂၂ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး အသက် (၁၆) နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတက်ရောက်





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့် ပြည်ထောင်စုဝန်ကြီးများ ၂၀၂၂ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး အသက်(၁၆)နှစ်အောက် (အမျိုးသား) ဘောလုံးပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးအသင်းနှင့် ကချင်ပြည်နယ်အသင်း ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးစဉ်။

နေပြည်တော် အောက်တိုဘာ ၂၀

မြန်မာ့ဘောလုံးအားကစားလောက အဆင့်အတန်းတိုးတက်မြင့်မားလာစေရန်နှင့် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်မှု အဆင့်အတန်းမြင့်တင်ရေး၊ ဒေသအသီးသီးရှိ တိုင်းရင်းသားအချင်းချင်း ချစ်ကြည်ရင်းနှီးမှု တိုးတက်စေရေးနှင့် ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ ထူးချွန်ထက်မြက်သည့် မျိုးဆက်သစ်ရွက်ပုန်းသီး အားကစားသမားများ ပေါ်ထွက်လာစေရေးတို့အတွက် ရည်ရွယ်၍ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာနဖြင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်း၍ ၂၀၂၂ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး အသက်(၁၆)နှစ်အောက် (အမျိုးသား) ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ မွန်းလွဲ ၃ နာရီတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ ဖြစ်ကြသည့် မန်းငြိမ်းမောင်၊ ဦးခင်မောင်ဆွေ၊ ဒေါ်အေးနုစိန်၊ Jeng Phang နော်တောင်၊ ဦးမောင်းဟာ၊ ဦးစိုင်းလုံးဆိုင်၊ ဒေါက်တာဗညားအောင်မိုးနှင့် ဦးရွှေကြိမ်၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဦးကိုကိုလှိုင်၊ ဒေါက်တာချာလီသန်း၊ ဒေါက်တာသက်ခိုင်ဝင်း၊ ဦးမင်းသိန်းဇံ၊ ဒေါက်တာဌေးအောင်နှင့် ဦးစောထွန်းအောင်မြင့်၊ ဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများ၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနမှ အရာထမ်း/အမှုထမ်းများ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ အခြေခံပညာအထက်တန်းကျောင်းများမှ ကျောင်းသား ကျောင်းသူများ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ/နည်းပြများနှင့် အားကစားသမားများ တက်ရောက်ကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့် ပြည်ထောင်စုဝန်ကြီးများ ပြိုင်ပွဲဝင်အားကစားအသင်းများအား လိုက်လံနှုတ်ဆက်ကြစဉ်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက အဖွင့်အမှာစကားပြောကြားရာတွင် မြန်မာ့ဘောလုံးအားကစားကျယ်ပြန့်စွာ တိုးတက်မြင့်မားရေးကို အထောက်အကူပြုစေရေး၊ ပြည်နယ်နှင့်တိုင်းဒေသကြီးအသီးသီးမှ ဘောလုံးအားကစားသမားများအချင်းချင်း သွေးစည်းညီညွတ်မှုစိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ်များ ပိုမိုထွန်းကားပြန့်ပွားလာစေရေးနှင့် ထူးချွန်ထက်မြက်သည့် လူငယ်သွေးသစ် ဘောလုံးအားကစားသမားများ ပေါ်ထွက်လာစေရေးတို့အတွက် အဓိကရည်ရွယ်ပြီး ပြည်နယ်နှင့်တိုင်းဒေသကြီး သက်တမ်းအလိုက် ဘောလုံးပြိုင်ပွဲများကို ကျင်းပပေးရခြင်းဖြစ်ကြောင်း၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနအနေဖြင့် မြန်မာ့ဘောလုံးအသင်း အောင်မြင်မှုရရှိနိုင်ရန် မြန်မာ့လက်ရွေးစင်လူငယ်အသင်းများကို ကျောထောက်နောက်ခံအဖြစ် အင်အားအများဆုံး ဖြည့်တင်းပေးနိုင်မည့် ပြည်နယ်နှင့် တိုင်းဒေသကြီး လူငယ်ဘောလုံးပြိုင်ပွဲများကို စဉ်ဆက်မပြတ်ကျင်းပပေးနေခြင်းဖြစ်ကြောင်း၊ မျိုးဆက်သစ် အားကစားသမားများ ပေါ်ထွက်လာစေရေးအတွက် ဘောလုံးအကယ်ဒမီကျောင်းများ ဖွင့်လှစ်ခြင်း၊ သက်တမ်းအလိုက်ပြိုင်ပွဲများ ကျင်းပပေးခြင်း၊ ပြည်ပပြိုင်ပွဲများ စေလွှတ်ယှဉ်ပြိုင်စေခြင်း၊ အိမ်ရှင်အဖြစ် လက်ခံ၍ ဖိတ်ခေါ်ပွဲများ ကျင်းပပေးရခြင်းများကိုလည်း ဆောင်ရွက်ပေးခဲ့ပြီး၊ League ပြိုင်ပွဲများကိုလည်း ယနေ့ထိတိုင် ကျင်းပနိုင်အောင် ဆောင်ရွက်ပေးလျက်ရှိကြောင်း။

**စောင့်သိရိုသေ**

နိုင်ငံတော်မှ အားကစားကို အားပေးပံ့ပိုး ဆောင်ရွက်ပေးလျက်ရှိသလို အားကစားသမားများဘက်မှလည်း နိုင်ငံတော်၏ ကျေးဇူးသစ္စာကိုစောင့်သိရိုသေပြီး နိုင်ငံတော်ဂုဏ်သိက္ခာကျစေမည့် ပြုမူဆောင်ရွက်မှုမျိုးကို မပြုလုပ်မိစေရန် အထူးမှာကြားလိုကြောင်း၊ ယခု ဘောလုံးပြိုင်ပွဲသည် ထူးချွန်ထက်မြက်သည့် လူငယ်သွေးသစ်ဘောလုံးသမားများ ပေါ်ထွက်လာစေရေးအတွက် အခြေခံပြိုင်ပွဲကောင်းတစ်ခုဖြစ်ပြီး ယခုပြိုင်ပွဲမှတစ်ဆင့် သွေးသစ်လူငယ် ဘောလုံးအားကစားသမားများကို မြန်မာ့လက်ရွေးစင် လူငယ်ဘောလုံးအသင်းက ရွေးချယ်လေ့ကျင့်ပေးပြီး နိုင်ငံကိုယ်စားပြု ပါဝင်ကစားနိုင်သည်အထိ အောင်မြင်မှုများရရှိနိုင်ရန် လေ့ကျင့်ပြုစုပျိုးထောင်ပေးသွားမည်ဖြစ်ကြောင်း၊ ယခုပြိုင်ပွဲတွင် ထူးချွန်သည့် လူငယ်ဘောလုံးအားကစားသမား အများအပြား ပေါ်ထွက်လာလိမ့်မည်ဟု မျှော်လင့်ယုံကြည်ထားကြောင်း၊ ထို့ကြောင့် ပြိုင်ပွဲ၏ ရည်မှန်းချက် မြင့်မားသည်နှင့်အမျှ ပြိုင်ပွဲ၏ အနှစ်သာရများ အကောင်အထည်ပေါ်လာအောင် တာဝန်ရှိသူများနှင့် ပြိုင်ပွဲဝင်အားကစားသမားများက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန် အထူးမှာကြားလိုကြောင်း။

ပြိုင်ပွဲဝင်အားကစားသမားများကလည်း အားကစားစိတ်ဓာတ်အပြည့်အဝဖြင့် သန့်သန့်ရှင်းရှင်း ယှဉ်ပြိုင်ကစားကြရန်နှင့် ဒိုင်လူကြီးများကလည်း ဘက်လိုက်မှုကင်းရှင်းပြီး သတ်မှတ်ထားသည့် ဥပဒေစည်းမျဉ်း/စည်းကမ်းများနှင့်အညီ တရားမျှတမှန်ကန်စွာ ဆုံးဖြတ်ဆောင်ရွက်သွားရန်လိုကြောင်း၊ ယခုပြိုင်ပွဲမှတစ်ဆင့် ထူးချွန်ထက်မြက်ပြီး နိုင်ငံတော်မှ အားထားရသော ဘောလုံးအားကစားသမားကောင်းများ ပေါ်ထွက်လာအောင် ယှဉ်ပြိုင်ကစားသွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့် ပြည်ထောင်စုဝန်ကြီးတို့သည် ပြိုင်ပွဲဝင်အားကစားအသင်းများအား လိုက်လံနှုတ်ဆက်ကြသည်။

ယနေ့ ပွဲစဉ်များအဖြစ် ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ မန္တလေးတိုင်းဒေသကြီးအသင်းနှင့် ကချင်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ တစ်ဖက် တစ်ဂိုးစီဖြင့် လည်းကောင်း၊ ဝဏ္ဏသိဒ္ဓိလေ့ကျင့်ရေးကွင်းအမှတ်(၃)၌ ရှမ်းပြည်နယ်အသင်းနှင့် ဧရာဝတီတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြရာ တစ်ဖက် နှစ်ဂိုးစီဖြင့်လည်းကောင်း ယှဉ်ပြိုင်ကစားခဲ့ကြသည်။

၂၀၂၂ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး အသက် (၁၆) နှစ်အောက် (အမျိုးသား) ဘောလုံးပြိုင်ပွဲကို နိုဝင်ဘာ ၃ ရက်အထိ ဝဏ္ဏသိဒ္ဓိအားကစားကွင်း၊ လေ့ကျင့်ရေးကွင်း အမှတ် (၁)နှင့် အမှတ်(၃)တို့၌ ကျင်းပသွားမည်ဖြစ်ပြီး ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ ပြိုင်ပွဲဝင်အသင်း ၁၃ သင်း၊ အားကစားသမား စုစုပေါင်းအင်အား ၂၉၇ ဦးတို့ ဝင်ရောက်ယှဉ်ပြိုင်ကစားသွားမည် ဖြစ်ကာ ဘောလုံးအားကစားနည်းကို စိတ်ပါဝင်စားသည့် မိဘပြည်သူများအနေဖြင့် အခမဲ့လာရောက် ကြည့်ရှုနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

## ပြည်ခရိုင်အတွင်းရှိ ကျေးရွာခုနစ်ရွာ၌ ကုန်ထုတ်လမ်းများဖောက်လုပ်ပြီးစီး

ပြည် အောက်တိုဘာ ၂၀

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင်အတွင်းရှိ ကျေးရွာခုနစ်ရွာ၌ ကျေးလက်နေပြည်သူများ၏ လယ်ယာထွက်ကုန်များစျေးနှုန်းသက်သာစွာဖြင့် စျေးကွက်သို့လွယ်ကူလျင်မြန်စွာ ပို့ဆောင်နိုင်စေရန် ရည်ရွယ်၍ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေများ၊ တိုင်းဒေသကြီးခွင့်ပြုရန်ပုံငွေများဖြင့် ကျေးလက်ကုန်ထုတ်လမ်း ခုနစ်လမ်း ဖောက်လုပ်ဆောင်ရွက်လျက်ရှိရာ ယခုခါ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း ပြည်ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။ ပြည်ခရိုင်အတွင်း လက်ပံတောကျေးရွာ၊ လဲကျေးရွာ၊ ဗောဓိကုန်းကျေးရွာနှင့် ကြို့ကုန်း(မဟာသိုက်ကုန်း)ကျေးရွာတို့၌ ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၃၅၉ ဒသမ ၂၈၁သန်းဖြင့် တင်ဒါအောင်မြင်သည့် ကုမ္ပဏီများမှ တာဝန်ယူ၍ လည်းကောင်း၊ ဆင်ဖြူကန်ကျေးရွာနှင့် ထန်းကုန်းကျေးရွာတို့၌ တိုင်းဒေသကြီးခွင့်ပြုရန်ပုံငွေကျပ် ၁၆၅ ဒသမ ၆၄၁ သန်းဖြင့် တင်ဒါအောင်မြင်သည့် ကုမ္ပဏီများမှ တာဝန်ယူ၍ ကျေးလက်ကုန်ထုတ်လမ်းများ ဖောက်လုပ်ခဲ့ခြင်းဖြစ်သည်။

အဆိုပါ ကျေးရွာခုနစ်ရွာ၌ ကျေးလက်ကုန်ထုတ်လမ်းများဖောက်လုပ်ဆောင်ရွက်နိုင်မှုကြောင့် ကျေးရွာများရှိ အိမ်ခြေ ၃၃၃၁ အိမ်၊ လူဦးရေ ၁၂၃၅၂ ဦးတို့၏ လယ်ဧက ၃၉၃၀ ကျော်မှ ထွက်ရှိလာသော လယ်ယာထုတ်ကုန်များကို စျေးကွက်သို့ လွယ်ကူလျင်မြန်စွာ ပို့ဆောင်နိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

**သုတ**

# ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် နီပေါသံအမတ်ကြီး H.E. Mr. Harishchandra Ghimire အား လက်ခံတွေ့ဆုံ



**နေပြည်တော် အောက်တိုဘာ ၂၀**

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော နီပေါသံအမတ်ကြီး H.E. Mr. Harishchandra Ghimire အား ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက သံအမတ်ကြီးအား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော နီပေါနိုင်ငံသံအမတ်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးခြင်းခံရသည့်အတွက် ဝမ်းမြောက်ဂုဏ်ယူကြောင်း ပြောကြားပြီး မြန်မာ-နီပေါ နှစ်နိုင်ငံအကြား တည်ရှိသည့် ချစ်ကြည်ရင်းနှီးသော ဆက်ဆံရေးနှင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြှင့်တင်ရေး၊ ကုလသမဂ္ဂနှင့် ဘင်းမ်စတက်အဖွဲ့ အပါအဝင် ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာတို့တွင် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ဘယ်လာရုစ်သံအမတ်ကြီး H.E. Mr. Uladzimir Baravikou အား လက်ခံတွေ့ဆုံ



**နေပြည်တော် အောက်တိုဘာ ၂၀**

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်သည် ဟန္နွိုင်းမြို့အခြေစိုက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ဘယ်လာရုစ်သံအမတ်ကြီးအသစ်အဖြစ် ခန့်အပ်ခံရသည့် H.E. Mr. Uladzimir Baravikou အား ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

**ဆွေးနွေး**

ထိုသို့တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက သံအမတ်ကြီးအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ဘယ်လာရုစ်သံအမတ်ကြီးအဖြစ် ခန့်အပ်ခြင်းခံရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ကြောင်း ပြောကြားခဲ့ပြီး မြန်မာ-ဘယ်လာရုစ် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးသော ဆက်ဆံရေးနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးမြှင့်ရေးနှင့် နိုင်ငံတကာမျက်နှာစာတွင် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**

# သံအမတ်ကြီး ဦးမြင့်ဆွေ မာလာဝီသမ္မတနိုင်ငံ သမ္မတထံ ခန့်အပ်လွှာပေးအပ်

**နေပြည်တော် အောက်တိုဘာ ၂၁**

မာလာဝီသမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သံအမတ်ကြီး ဦးမြင့်ဆွေသည် ၎င်း၏ခန့်အပ်လွှာကို ၂၀၂၂ ခုနှစ်၊ အောက်တိုဘာ ၁၈ ရက်တွင် မာလာဝီသမ္မတနိုင်ငံ၊ လီလွန်ဂွေးမြို့၊ ကမာဇူနန်းတော်၌ မာလာဝီသမ္မတနိုင်ငံသမ္မတ ဒေါက်တာ လာဇရပ်(စ်) မက်ကာသီချက်(ခ်)ဝီရာ ထံသို့ ပေးအပ်ခဲ့ပြီး ဖြစ်သည်။

**သတင်းစဉ်**





# ပြည်ထောင်စုဝန်ကြီး ဦးရွှေလေး မြန်မာနိုင်ငံဆိုင်ရာ နီပေါသံအမတ်ကြီး H.E. Mr. Harishchandra Ghimire နှင့် အဖွဲ့အား တွေ့ဆုံ

**နေပြည်တော် အောက်တိုဘာ ၂၀**

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရွှေလေးသည် မြန်မာနိုင်ငံဆိုင်ရာ နီပေါသံအမတ်ကြီး H.E. Mr. Harishchandra Ghimire ဦးဆောင်သော အဖွဲ့အား ယနေ့ မွန်းလွဲ ၃ နာရီတွင် နေပြည်တော်ရှိ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံစဉ် မြန်မာ-နီပေါ နှစ်နိုင်ငံ Bilateral Relations ပူးပေါင်းဆောင်ရွက်မည့် ကိစ္စ၊ BIMSTEC အဖွဲ့ဝင်နိုင်ငံများ ဖြစ်သည်နှင့်အညီ စီးပွားရေးနှင့် နည်းပညာရပ်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းဖေ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

# တောင်ကုတ်မြို့နယ်အတွင်းရှိပြည်သူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထပ်ဆောင်းထိုးနှံမှုများ အရှိန်အဟုန်မြှင့်ဆောင်ရွက်

**တောင်ကုတ် အောက်တိုဘာ ၂၀**

ရခိုင်ပြည်နယ် တောင်ကုတ်ခရိုင် တောင်ကုတ်မြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါကူးစက်မှုများကို ထိန်းချုပ်နိုင်ရေးအတွက် ယမန်နေ့ မွန်းလွဲ ၁ နာရီက မြို့နယ်ကျန်းမာရေးဦးစီးဌာန ပြည်သူ့ဆေးရုံဟောင်းတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးနှင့် ထပ်ဆောင်းကာကွယ်ဆေးများကို ထိုးနှံပေးခဲ့ကြသည်။

ထိုသို့ဆောင်ရွက်ရာတွင် တောင်ကုတ်မြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ် ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ကော်မတီ၏ ကြီးကြပ်မှုဖြင့် ကာကွယ် ထိန်းချုပ်ရေးလုပ်ငန်းများအား အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ မြို့နယ်အတွင်း၌ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးရန် ကျန်ရှိသူများအား ပထမအကြိမ် ကာကွယ်ဆေးထိုးပေးခြင်း၊ ကာကွယ်ဆေး နှစ်ကြိမ် ထိုးပြီးသူများနှင့် သုံးကြိမ်ထိုးပြီး သတ်မှတ်ကာလပြည့်သူများအား ထပ်ဆောင်း ကာကွယ်ဆေးထိုးပေးခြင်းများကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါ ကာကွယ်ဆေးထိုးနှံရာသို့ မြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ကော်မတီဝင်များ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များပူးပေါင်း၍ ကာကွယ်ဆေးထိုးနှံရန် လာရောက်ကြသူများကို အဆင်ပြေချောမွေ့စွာ ထိုးနှံနိုင်ရန် ပူးပေါင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ထူးခြားရတနာ

ညို့ထွန်းလွင်

ရတနာလို့ပြောကြရင် ရတနာတို့ရဲ့အထွတ်အမြတ်ဆုံးအဖြစ် ခံယူသိရှိထားတဲ့ရတနာက "ဘုရားရတနာ"ပါ။ အဲဒီကနေ ဒုတိယ အထွတ်အမြတ်ရတနာအဖြစ် "တရားရတနာ"၊ တတိယအထွတ်အမြတ်ရတနာကတော့ "သံဃာရတနာ"ပါပဲ။ ကျွန်တော်ဦးတည်ရေးသားလိုတာက "ထူးခြားရတနာ" ဆင်ရတနာဆိုတဲ့အထဲက "ဆင်ဖြူတော်ရတနာ" အကြောင်းပါ။

"ဆင်ဖြူတော်ရတနာ"နဲ့ပတ်သက်ပြီး ၂၃ – ၇ –၂၀၂၂ရက်နေ့ မင်္ဂလာနံနက် ၆နာရီခွဲအချိန် မြန်မာသက္ကရာဇ် ၁၃၈၄ ခုနှစ် ဝါခေါင်လဆုတ် ၁၄ ရက် အင်္ဂါနေ့မှာပဲ ရခိုင်ပြည်နယ် တောင်ကုတ်မြို့နယ် မြန်မာ့သစ်လုပ်ငန်းဆင်ဝိုင်း (သစ်တောဌာန)မှာ မိခင်ဆင်မကြီး "ဇာနန်းလှ" (၃၃)နှစ်က အရပ် ၂' ၆"၊ လုံးပတ် ၃' ၂"၊ အလေးချိန်ပေါင် ၂၀၀ ရှိတဲ့ ဆင်ဖြူတော်ရဲ့ ကြန်အင်လက္ခဏာတို့၌ ထိပ်ဆုံးမှာရှိတဲ့ ဆင်ဖြူတော်အထီးလေးကို မွေးဖွားသန့်စင်ပေးလိုက်တဲ့သတင်းကြားသိရမှုပါပဲ။ အခုဆိုရင် သုံးလသားအရွယ် ပေါင် ၂၅၀ ခန့်ရှိနေပါပြီ။

ဒါဟာ အင်မတန်လေးနက်ထူးခြားတဲ့ သတင်းကောင်းတစ်ခုပါ။ သာမန်အားဖြင့် ဆင်ဖြူတော်ရရှိလာဖို့ရာ သာမန်ဆင် ၁၀၀၀၀ မျှမှာ တစ်ကောင်မျှ ဖြစ်ခဲလှတယ်ဆိုတာ လေ့လာသိရှိဖူးပါတယ်။ နောက်အထီးကလေး၊ နိုင်ငံက "ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ"မှာပါ။ ဒီနေရာမှာ ဘာထူးခြားလို့လဲမေးရင် ဆင်ဖြူတော်လေးဟာ "အင်္ဂါသား"၊ "အဖြူရောင်"၊ ဗေဒင်ကိန်းခန်းအရ "ဥဿာ၊ စိန်ပန်း၊ ဒန်းလှကိုရှာ" မိတ်ဓာတ်၊ "မြန်မာ"ဆိုတဲ့ နိုင်ငံတော်ရဲ့ မဟာမိတ်ဓာတ်ကြီးလို့ယူဆရင်လည်း မြန်မာနိုင်ငံတော်ရဲ့ ထူးခြားလှတဲ့ "ထူးခြားရတနာ" မဟာအဆွေတော်ဆင်ဖြူတော်ရယ်လို့ တင်စားဖွဲ့ဆိုနိုင်ပါတယ်။

ကျွန်တော် "ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး" ရှိရာကို ဦးခိုက်ဖူးမြော်ရင်း ထူးခြားရတနာ "ဆင်ဖြူတော်များ"ထားရှိရာကိုအရောက်သွားခဲ့ပါတယ်။ စေတီတော်အရှေ့ဘက်မုခ် ကားလမ်းမကြီးခြားလျက် အရှေ့ဘက်ခြမ်းမှာ ဆင်ဖြူတော်ခန်းမဆောင်ကြီးကို ရောက်လာပါတယ်။ အဆောင်ကြီးတိုးချဲ့တည်ဆောက်ဖို့ တာဝန်ရှိကြသူအဆင့်ဆင့်က စီစဉ်နေကြောင်း သိရပါတယ်။ ဆင်ဖြူတော်တွေအကြောင်း လေ့လာရာမှာ အောက်ဖော်ပြပါအတိုင်း တွေ့ရှိရပါတယ် –

(၁) နန္ဒဝတီ(NANDA WADDY) ခန့်မှန်း ၁၉၉၂ ခုနှစ်ဖွား (၃၀)နှစ်၊ ဆင်ဖြူတော်အမ။

(၂) ဟေမာဝတီ(HAYMAR WADDY) ခန့်မှန်း ၁၉၉၆ ခုနှစ်ဖွား (၂၆)နှစ်၊ ဆင်ဖြူတော်အမ။

(၃) ငွေဆဒ္ဒန်(NGWE SADDAN) ခန့်မှန်း ၂၀၀၇ ခုနှစ်ဖွား (၁၅)နှစ်၊ ဆင်ဖြူတော်အထီး။

(၄) သီရိမာလာ(THIRI MARLAR) ခန့်မှန်း ၂၀၀၈ ခုနှစ်ဖွား (၁၄)နှစ်၊ ဆင်ဖြူတော်အမ။

(၅) ဘဒ္ဒဝတီ(BHADDA WADDY) ခန့်မှန်း ၁၉၇၂ ခုနှစ်ဖွား (၅၀)နှစ်၊ ဆင်ဖြူတော်အမ။



(၆) ဇာတကလျာ (ZATA KALYAR) ၂၇ – ၁၁ – ၂၀၁၁ ခုနှစ်ဖွား (၁၁) နှစ်၊ ဆင်ဖြူတော်အမ။

**နေပြည်တော်သူ ဆင်ဖြူတော်မလေး**

ထူးခြားရတနာအဖြစ် ကျွန်တော်မှတ်တမ်းတင်ချင်တာက "ဇာတကလျာ" ဆင်ဖြူတော်အမလေးနဲ့ အခုထပ်မံမွေးဖွားလာခဲ့တဲ့ ဆင်ဖြူတော် အင်္ဂါသားလေးတို့ပါ၊ သူတို့ရဲ့ မွေးနေ့သက္ကရာဇ်ကို အတိအကျသိရှိရပြီး ဇာတကလျာက နေပြည်တော်သူစစ်စစ် ဖြစ်ခဲ့ပါတယ်။ မွေးဖွားခဲ့စဉ်က ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးကို လှည့်လည်ပူဇော်ခဲ့ရာမှ ခမ်းနားတင့်တယ်စွာ အမည်ပေးကင်ပွန်းတပ်ခံခဲ့ရပြီး နေပြည်တော်သူ ဆင်ဖြူတော်မလေးအဖြစ် ထူးခြားစွာ ဘုရားစေတီမှာ ယခုတိုင် ခစားလျက်ရှိနေပါတယ်။

နေပြည်တော်မှာ ဆင်ဖြူတော်အမ ငါးစီးနဲ့ အထီးတစ်စီး စုစုပေါင်း ခြောက်စီးရှိနေကြပါတယ်။ ဆင်ဖြူတော်ရေချိုးသန့်စင်ဖို့နေရာ ကျန်းမာရေးအရ ကျယ်ပြန့်တဲ့သစ်တောလွတ်ကျင်း၊ လုံခြုံတဲ့ခန်းမအဆောင်နေရာကြီးနဲ့ပြည့်စုံတဲ့အကာအရံတွေနဲ့ ၅၃ ဧကမျှကျယ်ဝန်းပြီး သစ်တောဦးစီးဌာနက တိရစ္ဆာန်ဆရာဝန်ကြီးတွေ၊ ဆရာဝန်တွေ၊ အရာထမ်းရစ်ဦးအပါအဝင် အဆင့်ဆင့်နဲ့ ဆင်ဖြူတော်တွေကို ပြုစုစောင့်ရှောက်ထားရှိတာ တွေ့ရှိရပါတယ်။

ဆင်ဖြူတော်တွေကို ကျွေးမွေးရာမှာလည်း "ကြံ၊ ထန်းလျက်၊ ဝါးရွက်၊ ထနောင်းရွက်၊ ဂျုံ၊ ဖွဲ၊ ကုလားပဲပြုတ်၊ စပါးပြုတ်၊ မြက်" စတာတွေဖြစ်ကြပြီး အဓိကမြက်အတွက် ဧက ၂၀ ခန့်နေရာမှ နေဗီယာ မြက်မျိုးစိုက်ပျိုးပြီးကျွေးမွေးကြကြောင်း၊ ဆင်ဖြူတော် အစာဖိုးဟာလည်း အရွယ်အစားကြီးမားမှုကြောင့် နေ့စဉ် တန်ချိန်ပြီး လစဉ်ခန့်မှန်း ငွေ ၂၇ သိန်းနဲ့ သိန်း ၃၀ ခန့်ရှိကြောင်း၊ ဆင်ရောဂါတွေဖြစ်တဲ့ အကြောတင်၊ အကြောမျက်၊ ဖက်ခွက်နာ၊ နှင်းခူမျက်စိနာ၊ အစာအိမ်လမ်းကြောင်းနာ၊ လေချုပ်၊ သန်ကောင်ရောဂါတွေအပြင် ကြိုတင်ကာကွယ်ဆေးအဖြစ် ထောင့်သန်း၊ မေးခိုင်၊ လည်ချောင်းကွဲရောဂါတွေအတွက် ထိုးနှံထားပြီး ဂရုတစိုက်စောင့်ရှောက်ရကြောင်း သိရှိခဲ့ရပါတယ်။

ထူးခြားရတနာဖြစ်ရတဲ့ အကြောင်းရင်းခံများစွာကို ဆက်လက်ရေးဖွဲ့လိုပါတယ်။ ဗုဒ္ဓဝင်ထဲက "ဝေဿန္တရာမင်းကြီး" ရဲ့ အကြောင်းပါ။ မင်းကြီးဟာ "ပစ္စယ" အမည်တွင်ခေါ်တဲ့ ဆင်ဖြူတော်ကို အလှူခံလာတဲ့ ကလိင်္ဂရာဇ်တိုင်းသားတို့နယ်မြေမှာ ရာသီဥတုမမှန်ကန်မှုကြောင့် အစာရေစာငတ်မွတ်ခေါင်းပါးလျက်ရှိရာ အလှူခံလာသူပုဏ္ဏား ကိုယ်စားလှယ်တို့ထံ ပေးဆပ်လှူဒါန်းခဲ့မှုပါ။ မင်းကြီးကို အမတ်တွေနဲ့တကွ မင်းတိုင်ပင်ခံတို့ရဲ့ ကန့်ကွက်မှုကြောင့် ထီးနန်းစွန့်ခွာပြီး မြိုင်ရပ်ကိုနှင်ခြင်းခံခဲ့ရတဲ့ ဘုရားအလောင်းတော်ရဲ့ဘဝ ဗုဒ္ဓဝင် ဖြစ်စဉ်အမှန်ပါ။ ဆင်ဖြူတော်ရဲ့တန်ဖိုးကို မခန့်မှန်းနိုင်လောက်တဲ့အထိ ထူးခြားစွာရှိနေပြီး ဘုရားအလောင်းရဲ့ ပေးဆပ်ဝံ့ရဲမှုကို ကြက်သီးထမျှ

စာမျက်နှာ ၇ သို့☆



၂၃–၇–၂၀၂၂ ရက်နေ့က ရခိုင်ပြည်နယ် တောင်ကုတ်မြို့နယ် မြန်မာ့သစ်လုပ်ငန်းဆင်ဝိုင်းမှ မိခင်ဆင်မကြီး ဇာနန်းလှကမွေးဖွားခဲ့သည့် ဆင်ဖြူတော် (အထီးလေး)ကိုတွေ့ရစဉ်။

**သာမန်အားဖြင့် ဆင်ဖြူတော်ရရှိလာဖို့ရာ သာမန်ဆင် ၁၀၀၀၀ မျှမှာ တစ်ကောင်မျှ ဖြစ်ခဲလှတယ်ဆိုတာ လေ့လာသိရှိဖူးပါတယ်။ နောက်အထီးကလေး၊ နိုင်ငံက "ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ" မှာပါ။ ဒီနေရာမှာဘာထူးခြားလို့လဲမေးရင် ဆင်ဖြူတော်လေးဟာ "အင်္ဂါသား"၊ "အဖြူရောင်"၊ ဗေဒင်ကိန်းခန်းအရ "ဥဿာ၊ စိန်ပန်း၊ ဒန်းလှကိုရှာ" မိတ်ဓာတ်၊ "မြန်မာ"ဆိုတဲ့ နိုင်ငံတော်ရဲ့ မဟာမိတ်ဓာတ်ကြီးလို့ယူဆရင်လည်း မြန်မာနိုင်ငံတော်ရဲ့ ထူးခြားလှတဲ့ "ထူးခြားရတနာ" မဟာအဆွေတော် ဆင်ဖြူတော်ရယ်လို့ တင်စားဖွဲ့ဆိုနိုင်**

# သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှု နိုင်ငံတစ်နိုင်ငံ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအရေးကြီး

**နေပြည်တော် အောက်တိုဘာ ၂၀**

သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုများသည် နိုင်ငံတစ်နိုင်ငံ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအရေးကြီးပြီး အဓိကမောင်းနှင်အားဖြစ်ကြောင်း၊ နိုင်ငံတော်၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် သိပ္ပံနှင့်နည်းပညာဆိုင်ရာ စွမ်းဆောင်ရည်ရှိသော လူ့စွမ်းအားအရင်းအမြစ်များ ပြုစုပျိုးထောင်ရေးနှင့် နိုင်ငံတကာအဆင့်မီ သိပ္ပံ၊ နည်းပညာဆိုင်ရာဝန်ဆောင်မှုနှင့် ဆန်းသစ်တီထွင်မှုများ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ သင်ကြားသင်ယူမှုတွင် ဒစ်ဂျစ်တယ်နည်းပညာနှင့် ICT အခြေပြု ဆန်းသစ်သော သင်ကြားသင်ယူမှုစနစ်များကို ပိုမိုတိုးမြှင့်ဆောင်ရွက်သွားရမည်ဖြစ်ပြီး တက္ကသိုလ်များနှင့် ကောလိပ်များကို အရည်အသွေးအာမခံမှုနှင့် နိုင်ငံတကာအသိအမှတ်ပြုမှုများ ပိုမိုတိုးပွားလာစေရေး မဟာဗျူဟာများလည်း ချမှတ်ထားရမည်ဖြစ်ကြောင်း ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်က ပြောကြားသည်။

**ပြောကြားခဲ့**

ယနေ့ နံနက်ပိုင်းတွင် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် သိပ္ပံ၊ နည်းပညာနှင့်ဆန်းသစ်တီထွင်မှုမဟာဗျူဟာစီမံကိန်း (၂၀၂၂-၂၀၂၇)Consultation Meeting တွင် ပြည်ထောင်စုဝန်ကြီးက ယင်းသို့ ပြောကြားခဲ့ခြင်းဖြစ်သည်။



ထို့ပြင် ပြည်ထောင်စုဝန်ကြီးက သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှု မဟာဗျူဟာစီမံကိန်း (၂၀၂၂-၂၀၂၇) ရေးဆွဲရာတွင် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနရှိ ဦးစီးဌာနများ၏ ငါးနှစ်တာကာလအတွင်း အကောင်အထည်ဖော် ဆောင်ရွက်ကြမည့် စီမံကိန်းနှင့်လုပ်ငန်းများကို ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရန်၊ ရည်ညွှန်းကိန်းများသတ်မှတ်၍ အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ ဤမဟာဗျူဟာစီမံကိန်းကို နိုင်ငံတော်၏မူဝါဒနှင့်အညီ ဝန်ကြီးဌာန၏ မူဝါဒနှင့် လုပ်ငန်းတာဝန်များအပေါ်အခြေခံ၍ နိုင်ငံတော်၏ အမျိုးသားဘက်စုံဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း(National Comprehensive Development Plan–NCDP)၊ မြန်မာနိုင်ငံ၏ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း(Myanmar Sustainable Development Goals–MSDG) တို့နှင့် ချိတ်ဆက်ရေးဆွဲထားသည့် သိပ္ပံနှင့်နည်းပညာကဏ္ဍအားလုံး ဘက်စုံလွှမ်းခြုံသော စီမံကိန်းဖြစ်ကြောင်း၊ ဦးစီးဌာနများနှင့် Stakeholder များအကြား ပူးပေါင်းပါဝင်ညှိနှိုင်းမှုများဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဒေါက်တာစိုင်းကျော်နိုင်ဦးက သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှု မဟာဗျူဟာစီမံကိန်း(၂၀၂၂-၂၀၂၇)၏ အနှစ်ချုပ်ကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုမဟာဗျူဟာစီမံကိန်း(၂၀၂၂-၂၀၂၇) သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၏ ငါးနှစ်တာကာလအတွင်း သက်ဆိုင်ရာဦးစီးဌာနများအလိုက် အကောင်အထည်ဖော် ဆောင်ရွက်ကြမည့် မဏ္ဍိုင်များ၊ မဟာဗျူဟာများ၊ လုပ်ငန်းအစီအစဉ်များကို ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက လှည့်လည်ကြည့်ရှုပြီး သက်ဆိုင်ရာကဏ္ဍများအလိုက် ဆွေးနွေးခဲ့သည်။

**ဝိုင်းဝန်းဆွေးနွေး**

ထို့နောက် လေ့လာဆန်းစစ်အကဲဖြတ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က လေ့လာဆန်းစစ်အကဲဖြတ်မှုကဏ္ဍအား ရှင်းလင်းတင်ပြဆွေးနွေးခြင်း၊ ဦးစီးဌာနများက မိမိတို့ကဏ္ဍအလိုက် Section များခွဲ၍ ညွှန်ကြားရေးမှူးချုပ်များက ရှင်းလင်းတင်ပြဆွေးနွေးခဲ့ပြီး တက်ရောက်လာသူများက ဝိုင်းဝန်းဆွေးနွေးအကြံပြုကြသည်။

အဆိုပါအစည်းအဝေးသို့ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန်၊ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံ၊ ကျောင်းများမှ ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း ငါးကဏ္ဍတိုးချဲ့မွေးမြူထုတ်လုပ်နိုင်ရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

**နေပြည်တော် အောက်တိုဘာ ၂၀**

ရေသတ္တဝါများ မွေးမြူရာတွင် နိုင်ငံတကာ အစားအစာ ဘေးအန္တရာယ်ကင်းရှင်းမှု စံချိန်စံညွှန်း စည်းမျဉ်းစည်းကမ်းများနှင့်အညီ သဘာဝပတ်ဝန်းကျင်ထိခိုက်မှုမရှိစေရေးအတွက် မွေးမြူရေးတောင်သူများကို ကောင်းမွန်သော မွေးမြူရေးကျင့်စဉ်(GAqP)များကို စနစ်တကျ နည်းပညာပေး ဆောင်ရွက်ကြစေလိုကြောင်း ယနေ့တွင် နေပြည်တော် ပြည်ထောင်စုနယ်မြေဇေယျာသီရိမြို့နယ် ငါးလုပ်ငန်းဦးစီးဌာန ရေဆင်း ငါးလုပ်ငန်းစခန်းသို့ ရောက်ရှိစဉ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးက ပြောကြားသည်။

ထို့နောက် ငါးလုပ်ငန်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူတို့က ပြည်ပပို့ကုန်ငါးရှဉ့်မွေးမြူထားရှိမှုနှင့်အသားတိုးငါးမြစ်ချင်းငါးမွေးမြူထားရှိမှုကိုလည်းကောင်း၊ ဒေသ၊ ရာသီဥတု၊ ဈေးကွက် လိုအပ်ချက်နှင့် ကိုက်ညီဖြစ်ထွန်းသည့် ငါးမျိုးများ ဖြန့်ဖြူးပေးနေမှု၊ သဘာဝနှင့် ဆည်တမံများတွင် ငါးမျိုးမသုဉ်းစေရန် ငါးထွက်နှုန်း တိုးတက်စေရေး ဆောင်ရွက်ထားရှိမှု၊ ပြည်တွင်းငါးစားသုံးမှုတိုးတက်စေရေးနှင့် မွေးမြူရေးငါးများ ပြည်ပသို့ တိုးချဲ့ တင်ပို့နိုင်ရေးအတွက် ငါးသားပေါက်များကို စဉ်ဆက်မပြတ် ဖြန့်ဖြူးနေမှုကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက တာဝန်ရှိသူအဆင့်ဆင့်တို့ အနေဖြင့် သမားရိုးကျလုပ်ရိုးလုပ်စဉ်ကဲ့သို့ သဘောမထားဘဲ မိမိဒေသရေမြေ



ရာသီဥတုနှင့် လိုက်လျောညီထွေမှုရှိစေပြီး ဈေးကွက်အလားအလာရှိသော စိုက်ပျိုးရေး၊ မွေးမြူရေးထွက်ကုန်များ ထုတ်လုပ်နိုင်ရေး စီမံဆောင်ရွက်ပေးရန် လိုအပ်ကြောင်း၊ ဒေသနေပြည်သူများ၏ ဝင်ငွေနှင့် လူနေမှုအဆင့်အတန်းမြင့်မားရေးကို မျှော်မှန်း ဆောင်ရွက်ရန် လိုအပ်ကြောင်း မှာကြားသည်။

ဆက်လက်၍ ပြည်ပပို့ကုန်ဖားမွေးမြူထားရှိမှုကို လည်းကောင်း၊ ငါးရှဉ့်မွေးမြူထားရှိမှုနှင့် အသားတိုးငါးမြစ်ချင်းငါး မွေးမြူထားရှိမှုကို လည်းကောင်း လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## အပူပိုင်းမုန်တိုင်းငယ် လေဖိအားနည်းရပ်ဝန်းအဖြစ်သို့ အားလျော့သွားနိုင်

**နေပြည်တော် အောက်တိုဘာ ၂၀**

ယနေ့ ညနေ ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ တောင်တရုတ်ပင်လယ်ပြင်တွင် ဖြစ်ပေါ်နေသော အပူပိုင်းမုန်တိုင်းငယ်သည် အနောက်မြောက်ဘက်သို့ ဖြည်းညင်းစွာ ရွေ့လျားခဲ့ပြီး ဗီယက်နမ်နိုင်ငံ ဒေါင်ဟွိုင်းမြို့၏ အရှေ့မြောက်ဘက် ရေမိုင် ၈၀ ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေပြီး အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်ကာ ဗီယက်နမ်နိုင်ငံအထက်ပိုင်းတွင် လေဖိအားနည်းရပ်ဝန်းအဖြစ်သို့ အားလျော့သွားမည်ဟု ခန့်မှန်းရသည်။

**မိုး/ဇလ**

☆ စာမျက်နှာ ၆ မှ

ရင်မှာ ထူးခြားစွာခံစားမိပါတယ်။

**ဆဒ္ဒန်ဆင်မင်းရဲ့ ဖြစ်စဉ်**

ထပ်မံထူးခြားတာက ဆင်ဖြူရတနာ "ဆဒ္ဒန်ဆင်မင်း" ရဲ့ ဖြစ်စဉ်ပါ၊ ဘုရားလောင်းလျာဆင်မင်းဟာ "ဆင်ဖြူရတနာ" ဖြစ်ပြီး အစွယ်လိုသူမိဖုရား၊ စေခိုင်းသူ မင်းဧကရာဇ်၊ ဘုရား ကျွန်တော် သောနုတ္တရ သတ်ရပါကြောင်း ဝန်ခံမှုအတွက် ဗုဒ္ဓဝင်လာအဆိုအရ မိမိအစွယ်ကိုဖြတ်ပြီး ပေးဆပ်ခဲ့မှုပါ။ အံ့မခန်းထူးခြားမှုပါပဲ။

"ဆင်ရတနာ၊ မြင်းရတနာ"လို့ ခေါ်ဆိုသမုတ်ခဲ့မှုအပေါ်မှာ ရာဇဝင်ထဲက Alexandar the Great ဂရိသူရဲကောင်းဟာ စစ်ပွဲပေါင်းများစွာကို မြင်းစစ်သည်တွေနဲ့ အောင်နိုင်ခဲ့ရာမှာ အိန္ဒိယစစ်မြေပြင်မှာ အိန္ဒိယစစ်တပ်ရဲ့ ဆင်တပ်ကြောင့် သူ့ရဲ့ မဟာမြင်းတပ်ပျက်စီးပြီး ၎င်းမင်း ကျဆုံးခဲ့မှုသမိုင်းပါပဲ။ ဒါဟာ "ဆင်ရတနာ"ရဲ့ တန်ဖိုးတစ်ခုပါပဲ။ ဆင်ဆိုတဲ့သတ္တဝါတွေဟာ တစ်ကမ္ဘာလုံးမှာ အာဖရိကနဲ့ အာရှမှာပဲများစွာရှိနေတာကိုလည်း သတိထားမိပြန်ပါတယ်။ မြန်မာနိုင်ငံမှာဆိုရင် ဆင်ဖြူတော်တစ်စီးပိုင်မင်းကို "တစ်စီးရှင်"၊ ငါးစီးပိုင်လျှင် "ငါးစီးရှင်"၊ ဆင်ဖြူများစွာပိုင်လျှင် "ဆင်ဖြူများရှင်" ဘွဲ့တွေ ခံယူခဲ့ကြတာကိုလည်း နားလည်ထားမိပါတယ်။ ဆင်တွေရဲ့ သက်တမ်းဟာလည်း ခန့်မှန်း အနှစ် ၁၀၀ ကနေ ၁၂၀ ခန့်ရှိကြောင်းလည်း လေ့လာသိရှိရပါတယ်။

ရှေးက အမိမြန်မာနိုင်ငံတော်ကြီး တည်ဆောက်ရာမှာ ဆင်တပ်ဟာ ထိပ်ဆုံးမှာ ဦးဆောင်ခဲ့ပြီး အရှေ့ဘက် ဇင်းမယ်၊ အယုဒ္ဓရ၊ အနောက်ဘက် အာသံ၊ မဏိပူရအထိ၊ ရှိခေါဘဏီ တပ်ကြီးတွေနဲ့ ရှေးဘုရင်တို့ အောင်နိုင်မှုရရှိခဲ့ကြောင်း သိရှိခဲ့ရပြန်ပါတယ်။

နိဂုံးချုပ်အနေနဲ့ မကြာမီရောက်ရှိလာမယ့် ဆင်ဖြူတော် တစ်စီး (အထီး)အတွက် နိုင်ငံတော်အကြီးအကဲတွေ၊ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးရဲ့ ဂေါပကအဖွဲ့နဲ့ ဝန်ထမ်းတွေ၊ ဆင်ဖြူတော်ဝန်ထမ်း (သစ်တောဦးစီးဌာန)တွေ၊ ဆင်ဖြူတော်ခန်းမဆောင်ကြီး တိုးချဲ့တည်ဆောက်ရေး၊ အလှူတော်ငွေရရှိရေး၊ ကျွေးမွေးစောင့်ရှောက်ရေးတို့ကို ဦးတည်ဆောင်ရွက်နေပါတယ်။

မကြာမီ ဖွံ့ဖြိုးတိုးတက်လာတော့မယ့် အမိနိုင်ငံတော်ကြီးအတွက် "ထူးခြားဆင်ဖြူတော်ရတနာ"ဟာ အတိတ်နိမိတ်ကောင်းကြီးတစ်ခုအဖြစ် ကျွန်တော်နဲ့တကွ ပြည်သူတွေ ယုံကြည်စွာ ရှိနေပါကြောင်းတင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။ ။

**ကျမ်းကိုး။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနမှထုတ်ဝေသည့် ကောင်းမြတ်ချိန်ခါ ဆင်ဖြူတော်ရတနာစာအုပ်မှ အချက်အလက်အချို့ကို မှီငြမ်းကိုးကားပါသည်။**

■

# မသန်စွမ်းခရီးသွားများ ခရီးစဉ်ဒေသများသို့ သွားလာရာတွင် လွယ်ကူအဆင်ပြေစေရေး တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အကောင်အထည်ဖော်ဆောင်လျက်ရှိ





နေပြည်တော် အောက်တိုဘာ ၂၀

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဌေးအောင်သည် မြန်မာနိုင်ငံ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများ၏ ဆန်းသစ်တီထွင်မှု၊ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ၏ ဆန်းသစ်တီထွင်မှုနှင့် အလုပ်အကိုင် အခွင့်အလမ်းများ ဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ ယနေ့နံနက်ပိုင်းတွင် ဝန်ကြီးဌာန ကျောက်စိမ်းခန်းမ၌ Hybrid စနစ်ဖြင့် ကျင်းပသော ခရီးသွားလုပ်ငန်းနှင့် ဆန်းသစ်တီထွင်ဖန်တီးနိုင်စွမ်းရှိသော စီးပွားရေးခေါင်းစဉ်ဖြင့် ကျင်းပသည့် အသိပညာပေးဆွေးနွေးပွဲသို့ တက်ရောက်သည်။

ဆွေးနွေးပွဲသို့ ဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များနှင့် အရာထမ်းများ၊ စက်မှုဝန်ကြီးဌာနနှင့် အလုပ်သမားဝန်ကြီးဌာနတို့မှ ဖိတ်ကြားထားသူများ၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် ညီနောင်အသင်းများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ တက္ကသိုလ်/ ကောလိပ်များမှ ဆရာ ဆရာမများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ရုံးခွဲများမှ တာဝန်ခံများ တက်ရောက်ကြသည်။

## တိုက်တွန်းပြောကြား

ဆွေးနွေးပွဲ၌ ပြည်ထောင်စုဝန်ကြီးက တီထွင်ဖန်တီးမှုများနှင့် စွန့်ဦးတီထွင်လုပ်ငန်းများကို အားပေးဆောင်ရွက်ခြင်းများသာမက အားနည်းလျက်ရှိသော ကဏ္ဍများကိုလည်း သတိပြု၍ ဟန်ချက်ညီစွာ အကောင်အထည်ဖော်ဆောင်ရွက်ရန်လိုအပ်ရာ ဝန်ကြီးဌာနအနေဖြင့်လည်း မသန်စွမ်းခရီးသွားများ ခရီးစဉ်ဒေသများသို့ သွားလာရာတွင် လွယ်ကူအဆင်ပြေစေရေးအတွက် အတားအဆီးမဲ့ခရီးသွားလုပ်ငန်းကဲ့သို့သော ခရီးသွားလုပ်ငန်းအမျိုးအစားများကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အကောင်အထည်ဖော်ဆောင်လျက်ရှိပါကြောင်း၊ ဆန်းသစ်တီထွင်ဖန်တီးမှုများ အကောင်အထည်ဖော်ရာတွင် မူပိုင်ခွင့်ဆိုင်ရာအခွင့်အရေးများကဲ့သို့ လိုက်နာသင့်သည့်အချက်များနှင့် နည်းပညာတည်ဆောက်ခြင်း၊ စွမ်းရည်ရှိသူများ မွေးထုတ်ခြင်းနှင့် ငွေကြေးစသော ထည့်သွင်းစဉ်းစားသင့်သည့်အချက်များအပြင် ထောက်ခံအားပေးသော ပတ်ဝန်းကျင်အနေအထားများ ဖန်တီးပေးခြင်းတို့ကိုပါ စဉ်းစားဆောင်ရွက်ပေးကြရန် လိုအပ်ပါကြောင်း၊ ယနေ့ဆွေးနွေးပွဲတွင် ခရီးသွားလုပ်ငန်းနှင့် ဆန်းသစ်တီထွင်ဖန်တီးနိုင်စွမ်းရှိသော စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အကျိုးရလဒ်ကောင်းများ ပေါ်ထွက်လာမည်ဟု ယုံကြည်ပါကြောင်းနှင့် ဆွေးနွေးပြောကြားမည့်ပုဂ္ဂိုလ်များအနေဖြင့် ပြည့်ပြည့်စုံစုံ တင်ပြဆွေးနွေးသွားကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာန၊ အလုပ်သမားဝန်ကြီးဌာနတို့မှ ညွှန်ကြားရေးမှူးများနှင့် ဒုတိယညွှန်ကြားရေးမှူးတို့က ခရီးသွားလုပ်ငန်းနှင့် တီထွင်ဖန်တီးမှုနှင့်ဆိုင်သော လုပ်ငန်းများ၏ သဘောသဘာဝများ၊ စွန့်ဦးတီထွင်မှုလုပ်ငန်းရှင်များနှင့် ဆန်းသစ်တီထွင်မှုများ၊ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများနှင့် ၎င်းတို့၏ဒေသတွင်း စီးပွားရေးလုပ်ငန်းများအပေါ် အထောက်အကူပြုမှုများကို ဆွေးနွေးတင်ပြကြသည်။ ဆွေးနွေးတင်ပြချက်များအပေါ် တက်ရောက်လာကြသူများက မေးမြန်းဆွေးနွေးခဲ့ကြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ် အမှာစကားပြောကြားသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် မြန်မာနိုင်ငံဆိုင်ရာ နီပေါသံအမတ်ကြီး H.E. Mr. Harishchandra Ghimire အား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် နီပေါနိုင်ငံတို့အကြား တိုက်ရိုက်လေကြောင်းလိုင်းများ ပျံသန်းပြေးဆွဲခြင်းဖြင့် နှစ်နိုင်ငံခရီးသွားဧည့်သည်များ အပြန်အလှန်တိုးမြှင့်လည်ပတ်လာမည့် အခြေအနေနှင့် ခရီးသွားလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးအတွက် ခရီးသွားလုပ်ငန်းဆိုင်ရာ အစိုးရဌာနအချင်းချင်း တွေ့ဆုံဆွေးနွေးရေး အစီအမံများ ထူထောင်ရေးအပြင် ပုဂ္ဂလိက ကဏ္ဍအချင်းချင်း ထိတွေ့ပူးပေါင်းဆောင်ရွက်ရေးကိစ္စ၊ နှစ်နိုင်ငံအကြား တူညီသောယဉ်ကျေးမှုနှင့် ကိုးကွယ်ယုံကြည်မှုများကိုအခြေခံ၍ လုမ္ဗိနီ– ရန်ကုန် (သို့မဟုတ်) လုမ္ဗိနီ – မန္တလေး ညီအစ်မခရီးသွားမြို့တော် ထူထောင်ရေးကိစ္စနှင့် ယခင်သဘောတူညီခဲ့သည့် မြန်မာ– နီပေါ ခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာအရ နှစ်နိုင်ငံ ခရီးသွားမြှင့်တင်ရေး ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မဲဆန္ဒရှင်စာရင်း ပြည့်စုံမှန်ကန်ရေးနှင့် မဲရုံများ လျာထားသတ်မှတ်ခြင်း ညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် အောက်တိုဘာ ၂၀

ဟင်္သာတခရိုင်နှင့် မြန်အောင်ခရိုင်အတွင်းရှိ ဆန္ဒမဲပေးပိုင်ခွင့်ရှိသည့် နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူများအား ဥပဒေနှင့်အညီ စက်တင်ဘာလကုန်အထိ လစဉ်စိစစ် ပြုစုထားသည့် လူဦးရေစာရင်းများကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနနှင့် သက်ဆိုင်ရာရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲများ ပူးပေါင်းစိစစ်ဆောင်ရွက်ထားမှုများနှင့် စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးခြင်းကို ယနေ့နံနက် ၉ နာရီတွင် ဟင်္သာတခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဟင်္သာတခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ရွေးကောက်ပွဲအရာရှိက ဟင်္သာတခရိုင်နှင့် မြန်အောင်ခရိုင်ရှိ အခြေခံမဲဆန္ဒရှင်စာရင်းများ လစဉ်စိစစ်ဆောင်ရွက်မှုနှင့်စပ်လျဉ်း၍ စက်တင်ဘာလကုန်အထိ တင်ပြရာ–

(က) လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန၏ စိစစ်ချက်အရ
- (၁) သေဆုံး၊ ပြောင်းထွက်၊ (၂)ကြိမ်ထပ်၊ (၃)ကြိမ်ထပ်တို့မှ လျော့သည့်ဦးရေ ( ၈၂၆ )ဦး
- (၂) လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန လက်ကျန်စာရင်းမှ ပြန်လည်ထည့်သွင်းသည့် ထပ်တိုး လူဦးရေ (၂၄၃၁)ဦး

(ခ) အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ စိစစ်ချက်အရ
- (၁) မြေပြင်ထပ်တိုး ပုံစံ(၆၆/၆)ရှိသူ (၅၉၄၄ )ဦး
- (၂) မြေပြင်တွင် လျော့သည့်ဦးရေ ပုံစံ(၆၆/၆)ရှိသူ (၈၀၀၂)ဦး

မဲရုံတည်နေရာနှင့် မဲရုံလျာထားမှု(၁၁၁၅)ရုံ လျာထားသတ်မှတ်ထားကြောင်းနှင့် မဲရုံသုံးပစ္စည်း လိုအပ်ချက်တို့ကို တင်ပြဆွေးနွေးသည်။

ထို့နောက် အစည်းအဝေးကို တက်ရောက်လာသော တာဝန်ရှိသူများက အကြံပြုဆွေးနွေးတင်ပြကြပြီး တင်ပြချက်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးသန်းထွန်းနှင့် ဦးအောင်လွင်ဦးတို့က ဖြည့်စွက်မှာကြားပြီး လုပ်ငန်းလိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**






# မြိတ်ခရိုင်၏ လျာထားမဲရုံသတ်မှတ်ခြင်းနှင့် မဲဆန္ဒရှင်စာရင်း ပြည့်စုံမှန်ကန်စေရေး အထောက်အကူပြု မြေပြင်လူဦးရေစာရင်းများ တိုက်ဆိုင်စစ်ဆေးခြင်းဆိုင်ရာ ညှိနှိုင်းဆွေးနွေး

**နေပြည်တော် အောက်တိုဘာ ၂၀**

မြိတ်ခရိုင်၏ လျာထားမဲရုံသတ်မှတ်ခြင်းနှင့် မဲဆန္ဒရှင်စာရင်း ပြည့်စုံမှန်ကန်စေရေး အထောက်အကူပြု မြေပြင်လူဦးရေစာရင်းများ တိုက်ဆိုင်စစ်ဆေးခြင်းဆိုင်ရာ ညှိနှိုင်းဆွေးနွေးပွဲကို ယနေ့ နံနက်ပိုင်းက မြိတ်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဧည့်ရိပ်သာ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးကိုကိုလွင်က မဲရုံများ လျာထားသတ်မှတ်ခြင်းနှင့် ပတ်သက်၍ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ပြည်နယ်နှင့် တိုင်းဒေသကြီးများသို့ ကွင်းဆင်းဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က မကြာမီကျင်းပမည့် ရွေးကောက်ပွဲအတွက် လစ်ဟာမှုမရှိအောင် ဆောင်ရွက်လျက်ရှိကြောင်း၊ အဓိကမှာ မဲစာရင်းမှန်ကန်ရေးကို ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးမြင့်သိန်းက မိတ်ဆက်အမှာစကားနှင့် ရွေးကောက်ပွဲဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများ ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ တိုင်းဒေသကြီး ရွေးကောက်ပွဲအရာရှိ ဦးထိန်လင်းဦးက ဆောင်ရွက်ထားရှိသည့် မြို့နယ်များအလိုက် လျာထားမဲရုံ၊ လျာထားမဲဆန္ဒရှင်စာရင်းနှင့် လူဦးရေ အခြေအနေများကို ရှင်းလင်းတင်ပြပြီး မြိတ်ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ရွေးကောက်ပွဲအရာရှိ ဦးလှိုင်ဘွားက လုပ်ငန်းဆောင်ရွက်ထားရှိမှုနှင့် မြို့နယ်ရွေးကောက်ပွဲအရာရှိများက မဲရုံလျာထားသတ်မှတ်ပြီးစီး ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် မဲစာရင်းမှန်ကန်ရေး စိစစ်ခြင်း၊ မဲရုံများ လျာထားသတ်မှတ်ခြင်းနှင့် မဲရုံသုံးပစ္စည်းများ လျာထားဆောင်ရွက်မှု တင်ပြချက်များနှင့် ပတ်သက်၍ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များက ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ပြီး ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးကိုကိုလွင်က နိဂုံးချုပ် အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပညာရေးဘွဲ့ (B.Ed) စာပေးစာယူသင်တန်း (၂/၂၀၂၂)ဖွင့်ပွဲ ကျင်းပ

**တောင်ကြီး အောက်တိုဘာ ၂၀**

ပညာရေးဝန်ကြီးဌာန ဆရာအတတ်ပညာ ဦးစီးဌာန တောင်ကြီး ပညာရေးဒီဂရီကောလိပ် ပညာရေးဘွဲ့ (B.Ed) စာပေးစာယူသင်တန်း(၂/၂၀၂၂) ဖွင့်ပွဲကို ယနေ့ နံနက် ၁၀ နာရီက တောင်ကြီးမြို့ တောင်ကြီး ပညာရေးဒီဂရီကောလိပ် ကမ္ဗောဇ ခန်းမ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာ ကျော်ထွန်းက ပညာရေးဝန်ကြီးဌာနအနေဖြင့် ဆရာအတတ်ပညာကဏ္ဍတွင် ပုံမှန်အားဖြင့်ပညာရေးဘွဲ့ (B.Ed) စာပေးစာယူသင်တန်းကို ရန်ကုန်နှင့် စစ်ကိုင်းပညာရေးတက္ကသိုလ်တို့၌ နှစ်စဉ်ဖွင့်လှစ်ပို့ချပေးလျက်ရှိပြီး အခြေခံပညာဦးစီးဌာနရှိ အခြေခံပညာကျောင်းများ၌ ပညာရေးဘွဲ့ ရရှိရန် လိုအပ်နေသည့် ဆရာဦးရေ တစ်သိန်းကျော် ကျန်ရှိနေသေးသောကြောင့် ထိုလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် ပညာရေးဒီဂရီကောလိပ် ၂၅ ကျောင်းတွင် တိုးချဲ့ပြီး ပညာရေးဘွဲ့(B.Ed) စာပေးစာယူသင်တန်းများဖွင့်လှစ်ရန် တာဝန်ပေးအပ်ရခြင်း ဖြစ်ကြောင်း၊ ရှမ်းပြည်နယ်အတွင်းရှိ ပညာရေးဒီဂရီကောလိပ် သုံးကျောင်းတွင် ပညာရေးဘွဲ့(B.Ed) စာပေးစာယူသင်တန်းကို တိုးချဲ့ဖွင့်လှစ်ခြင်းအားဖြင့် ရှမ်းပြည်နယ် အခြေခံပညာကျောင်းများမှ ဆရာ ဆရာမများအတွက် စဉ်ဆက်မပြတ်သင်ယူမှု အခွင့်အလမ်းများရရှိလာမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ တောင်ကြီးပညာရေးဒီဂရီကောလိပ် ပညာရေးဘွဲ့(B.Ed) စာပေးစာယူသင်တန်းအတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ထောက်ပံ့ငွေကျပ် ၁၀ သိန်းကို ရှမ်းပြည်နယ် ဝန်ကြီးချုပ်က ပေးအပ်ရာ တောင်ကြီးပညာရေး ဒီဂရီကောလိပ် ကျောင်းအုပ်ဆရာမကြီး ဒေါ်နှင်းကြူဦးက လက်ခံရယူပြီး သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းကာ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများက ဆရာ ဆရာမများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။



အဆိုပါ ပညာရေးဘွဲ့(B.Ed) စာပေးစာယူ သင်တန်းကို တက်ရောက်သူ ဆရာ ၃၂ ဦး၊ ဆရာမ ၃၅၂ ဦး စုစုပေါင်း ၃၇၅ ဦး တက်ရောက်၍ သင်တန်းကို အောက်တိုဘာ ၁၁ ရက်မှ နိုဝင်ဘာ ၂၃ ရက်အထိ ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ် (သန်လျင်)နေ့သင်တန်းများ ဖွင့်လှစ်ကြောင်းကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန**
**သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်)**
**ကြေညာချက်**
**နေ့သင်တန်းများဖွင့်လှစ်ကြောင်းကြေညာခြင်း**

၁။ သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်)၏ ၂၀၂၂-၂၀၂၃ ပညာသင်နှစ်၊ ပထမနှစ်(ဒုတိယနှစ်ဝက်)သင်တန်း၊ ၂၀၂၁-၂၀၂၂ ပညာသင်နှစ်၊ ဘွဲ့လွန်ဒီပလိုမာနှင့် မဟာဘွဲ့သင်တန်း (အထူးပြုဘာသာရပ်အားလုံး) (ဒုတိယနှစ်ဝက်)သင်တန်းများနှင့် ၂၀၂၂ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများအတွက် ပထမနှစ်(ပထမနှစ်ဝက်)သင်တန်းများကို ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ (၂၁) ရက်နေ့တွင် စတင်ဖွင့်လှစ်သွားမည်ဖြစ်ပါသည်။

၂။ ၂၀၂၂ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများအတွက် ပထမနှစ်သင်တန်းသို့ ဝင်ခွင့်ရရှိသည့် ကျောင်းသား၊ ကျောင်းသူများစာရင်းအား (၂၇-၁၀-၂၀၂၂)ရက်နေ့၌ ဝန်ကြီးဌာန website https://mcrd.gov.mm နှင့် ဤတက္ကသိုလ်၏ website https://ucmt.edu.mm တို့တွင် ကြေညာပေးသွားမည်ဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ဖုန်းနံပါတ် ၀၉-၇၈၅၃၀၀၁၅၁ သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်)**
**သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန**

# ပြည်ထောင်စုနယ်မြေ နေပြည်တော် အခြေခံပညာအထက်တန်းကျောင်းများမှ ကျောင်းသား ကျောင်းသူများ အားကစားလှုပ်ရှားမှုများ လေ့လာ

**နေပြည်တော် အောက်တိုဘာ ၂၀**

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန လူငယ်ရေးရာဦးစီးဌာနသည် လူငယ်များဘက်စုံ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အဓိက တာဝန်ယူဆောင်ရွက်လျက်ရှိရာ လူငယ်များ၏ ပညာရေး၊ ကျန်းမာရေး၊ အားကစား၊ သိပ္ပံနည်းပညာ၊ လူမှုရေးစသည့် လူငယ်ကဏ္ဍများတွင် ပိုမိုဖြည့်ဆည်းမြှင့်တင်ဆောင်ရွက်ပေးနိုင်ရေးအတွက် ပြည်ထောင်စုနယ်မြေ(နေပြည်တော်)အတွင်းရှိ အခြေခံပညာအထက်တန်းကျောင်းများဖြစ်သည့် အ.ထ.က(၅) နေပြည်တော်၊ အ.ထ.က(၆)နေပြည်တော်၊ အ.ထ.က (၁၁) နေပြည်တော်ကျောင်းများမှ ကျောင်းသားကျောင်းသူများကို ဖိတ်ခေါ်၍ ယနေ့မွန်းလွဲပိုင်းတွင် ဝဏ္ဏသိဒ္ဓိ အားကစားရုံ(B)၌ လေ့လာရေးခရီးစဉ်အားစီစဉ်ဆောင်ရွက်ခဲ့သည်။

ဦးစွာ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန လူငယ်ရေးရာဦးစီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ စိုးဝင်းက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။

**ဝဏ္ဏသိဒ္ဓိအားကစားရုံ(B)**

ထို့နောက် ၂၀၂၂ခုနှစ် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့အထိမ်းအမှတ် ကျင်းပခဲ့သည့် မှတ်တမ်းဗီဒီယိုပြသခြင်း၊ ဝဏ္ဏသိဒ္ဓိအားကစားရုံ(B)တွင် အားကစားနှင့်ပညာရေးပေါင်းစပ်ဌာနခွဲ Fitness Dance သရုပ်ပြအဖွဲ့မှ သရုပ်ပြသခြင်းနှင့် ကျောင်းသားလူငယ်များကို အဖွဲ့များခွဲ၍ နည်းပြများနှင့်အတူ Fitness Dance စုပေါင်းကစားခြင်းများ ဆောင်ရွက်ကြသည်။

ယင်းနောက် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်း လူထုအားကစားနှင့်ပညာပေးဌာနခွဲမှ မြန်မာ့အားကစားလှုပ်ရှားမှုများပြခန်း (အားကစားပြတိုက်နှင့်ပြခန်း)ကိုလည်းကောင်း၊ ဝဏ္ဏသိဒ္ဓိဘောလုံးအားကစားကွင်း၌ ပြည်နယ်နှင့်တိုင်းဒေသကြီး အသက် ၁၆ နှစ်အောက် (အမျိုးသား)ဘောလုံးပြိုင်ပွဲဖွင့်ပွဲ အခမ်းအနားနှင့် မန္တလေးတိုင်းဒေသကြီး အသင်းနှင့် ကချင်ပြည်နယ်အသင်းတို့၏ ယှဉ်ပြိုင်ကစားမှုကို လည်းကောင်း ကြည့်ရှုအားပေးကြသည်။



သတင်းစဉ်



# ကျိုက်ထိုမြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေး ဟောပြောပွဲ၊ နံရံကပ်စာစောင်နှင့် စွမ်းရည်ပြိုင်ပွဲများ ပြုလုပ်

**ကျိုက်ထို အောက်တိုဘာ ၂၀**

ကျိုက်ထိုမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနနှင့် ပညာရေးဌာနတို့ ပူးပေါင်း၍ စာဖတ်ရှိန်မြှင့်တင်ရေးအသိပညာပေးဟောပြောပွဲ၊ ပြပွဲ၊ ပြိုင်ပွဲများကို အောက်တိုဘာ ၂၀ ရက် နံနက် ၁၀ နာရီတွင် ကျိုက်ထိုမြို့အခြေခံပညာ အထက်တန်းကျောင်း(ဇေယျာမွန်)၌ ဆောင်ရွက်ခဲ့သည်။

ရှေးဦးစွာ ကျိုက်ထိုမြို့အခြေခံပညာ အထက်တန်းကျောင်း (ဇေယျာမွန်)မှ ကျောင်းအုပ်ဆရာမကြီး ဒေါ်အိအိခင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိဒေါ်သန်းသန်းမော်က (လူငယ်နှင့် ရည်မှန်းချက်)ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ကျိုက်ထိုခရိုင်စားသုံးသူရေးရာဦးစီးဌာနမှ ဦးစီးအရာရှိ ဦးအောင်ကျော်မင်းက စားသုံးသူများ၏ တာဝန်၊ စားသုံးသူအခွင့်အရေးများ၊ စီးပွားရေးလုပ်ငန်းရှင်များ၏ တာဝန်များကို ရှင်းလင်းဆွေးနွေးဟောပြောခဲ့သည်။

ထို့နောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေး၊ ယာဉ်စည်းကမ်းလမ်းစည်းကမ်းအသိပညာပေး၊ သဘာဝဘေးအန္တရာယ် အသိပညာပေး၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေး စသည့်နံရံကပ်စာစောင်များနှင့် စာအုပ်စာစောင်များကို ပြသထားရာ ကျောင်းသား ကျောင်းသူများက စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုမှတ်သားကြကြောင်း သိရသည်။

ဝင်းမောင်(ကျိုက်ထို)

■

# ပြည်ထောင်စုပန်းများ လန်းရာမြေ

ဇော်လင်း

"အတိတ်သမိုင်း၏ လွတ်လပ်ရေးကြိုးပမ်းမှုတွင် ပြည်ထောင်စုစိတ်ဓာတ်သည် အရင်းခံဖြစ်သလို အနာဂတ်ဒီမိုကရေစီနိုင်ငံတော်ကြီးတည်ဆောက်ရေး၏ အခြေခံဇာစ်မြစ်မှာလည်း ပြည်ထောင်စုစိတ်ဓာတ်ပင်ဖြစ်သည်။ တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံး ညီညွတ်စွာ အချင်းချင်း အပြန်အလှန်ချစ်ခင်လေးစားမှုဖြင့် စည်းလုံးညီညွတ်သည့် ပြည်ထောင်စုကြီးတည်ဆောက်မည်ဟူသော ခိုင်မာသည့်သန္နိဋ္ဌာန်သည် ပြည်ထောင်စုစိတ်ဓာတ်ပင်ဖြစ်ပါသည်။ ငြိမ်းချမ်းတည်ငြိမ်သည့် ဒီမိုကရေစီနိုင်ငံတော်ကြီးကို ပြည်ထောင်စုစိတ်ဓာတ်ဖြင့်သာ ခိုင်ခိုင်မာမာတည်ဆောက်ရမည်ဖြစ်ရာ အရည်အချင်းမြင့်မား၍ ပြည်ထောင်စုစိတ်ဓာတ်ခိုင်မာသော မျိုးဆက်သစ်များကိုလည်း ပြုစုပျိုးထောင်သွားရမည်ဖြစ်ပါသည်"

၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ကျရောက်သော (၇၄) နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပေးပို့သည့် သဝဏ်လွှာမှ ကောက်နုတ်ချက်ဖြစ်သည်။

နိုင်ငံတော်တည်ဆောက်ရေးအတွက် စည်းလုံးညီညွတ်သော ပြည်ထောင်စုကြီး၊ ငြိမ်းချမ်းတည်ငြိမ်သည့် ဒီမိုကရေစီနိုင်ငံတော်ကြီးအား "ပြည်ထောင်စုစိတ်ဓာတ်" ဖြင့်သာ တည်ဆောက်သွားရမည်ဖြစ်သည်။ သို့ဖြစ်လျှင် ပြည်ထောင်စုစိတ်ဓာတ်ခိုင်မာသောမျိုးဆက်သစ်များ မွေးထုတ်ပေးရာမြေအကြောင်း ပြောလိုပါသည်။

## တည်ထောင်ဖွင့်လှစ်ထား

နယ်စပ်ရေးရာဝန်ကြီးဌာနသည် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာနဟူ၍ ဌာနကြီးနှစ်ခုဖြင့် ဖွဲ့စည်းထားပါသည်။ ဝန်ကြီးဌာန၏ ဦးတည်ချက် (၈) ရပ်တွင် "နယ်စပ်ဒေသမှ တိုင်းရင်းသားလူငယ်များအား အခြေခံနှင့် အဆင့်မြင့်၊ အသက်မွေးဝမ်းကျောင်းပညာရပ်များ သင်ကြားလေ့ကျင့်ပေးရန်" ဟူသော ဦးတည်ချက်နှင့်အညီ အခြေခံပညာရပ်များအတွက် နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း ၄၄ ကျောင်း၊ အသက်မွေးဝမ်းကျောင်းပညာရပ်များအတွက် နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ စက်မှုလက်မှုသင်တန်းကျောင်းကိုးကျောင်း၊ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း ၄၆ ကျောင်း၊ အဆင့်မြင့်ပညာရပ်များအတွက် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် (စစ်ကိုင်း) နှင့် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (ရန်ကုန်နှင့် စစ်ကိုင်း) တို့ကို တည်ထောင်ဖွင့်လှစ်ထားပါသည်။



စစ်ကိုင်းမြို့နယ် အုန်းတောကျေးရွာအုပ်စုတွင် ပြောင်းရွှေ့ဖွင့်လှစ်ခဲ့သည့် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (စစ်ကိုင်း) ကိုတွေ့ရစဉ်။

ထို့ပြင် ဝန်ကြီးဌာန၏ လုပ်ငန်းစဉ် ၁၈ ရပ်တွင် "နယ်စပ်ဒေသရှိ တိုင်းရင်းသားလူငယ်များ အတူတကွနေထိုင် ပညာရှာမှီးရင်း တိုင်းရင်းသားအချင်းချင်း ရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံများကို နားလည်ရင်းနှီးစေခြင်းဖြင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် ပြည်ထောင်စုစိတ်ဓာတ်ကို ပိုမိုခိုင်မြဲလာစေရန် ပြုစုပျိုးထောင်ပေးခြင်း" ဟူသော အချက် ပါဝင်ပါသည်။

## တိုင်းရင်းသား၊ တိုင်းရင်းသူများမွေ့လျော်ရာ တက္ကသိုလ်

မတူကွဲပြားမှုများသည် သဘာဝတရားဖြစ်သည်။ မတူကွဲပြားမှုများကြားမှ တူညီသော စံတန်ဖိုးများ မွေးမြူ၍ နိုင်ငံတော်အပေါ်တွင် တူညီသောစေတနာထားရှိသော အသိုက်အဝန်းတစ်ခု၊ မြန်မာနိုင်ငံ၏ မည်သည့်ဒေသမှ ရောက်ရှိလာသည်ဖြစ်စေ၊ မည်သည့်တိုင်းရင်းသားဖြစ်စေ ပြည်ထောင်စုစိတ်ဓာတ်အခြေခံ၍ အပြန်အလှန်ချစ်ခင်လေးစား လက်တွဲထားသော တိုင်းရင်းသား၊ တိုင်းရင်းသူများမွေ့လျော်ရာ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် (စစ်ကိုင်း)နှင့် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (ရန်ကုန်နှင့် စစ်ကိုင်း) တို့အား ကောက်နုတ်တင်ပြပါမည်။

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် (စစ်ကိုင်း) သည် ၁၉၆၄ ခုနှစ်တွင် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးသိပ္ပံအဖြစ် စတင်သန္ဓေတည်ခဲ့ခြင်းဖြစ်သည်။ တော်လှန်ရေးကောင်စီလက်ထက် "တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်းလုံးညီညွတ်ရေးကို အထောက်အပံ့ဖြစ်စေရန်" ဟူသောရည်ရွယ်ချက်ဖြင့် စတင်ဖွင့်လှစ်ခဲ့ပြီး ၁၉၉၁ ခုနှစ်တွင် တက္ကသိုလ်အဆင့် တိုးမြှင့်ခဲ့သည်။ စစ်ကိုင်းမြို့မှ ၂၂ မိုင်ကွာဝေးပြီး မန္တလေး၊ စစ်ကိုင်း၊ မုံရွာလမ်းပေါ်ရှိ နတ်ခရိုင်ကျေးရွာ၏တောင်ဘက် ရွာသစ်ကြီးရွာတွင်တည်ရှိပါသည်။ ဖွံ့ဖြိုးရေးတက္ကသိုလ်သည် နယ်စပ်ဒေသများမှ တိုင်းရင်းသားလူငယ်များ ပညာရေးတိုးတက်ဖွံ့ဖြိုးနိုင်ရန် လိုအပ်သော ဆရာ ဆရာမများကို ဒေသခံတိုင်းရင်းသားများထဲမှ ရွေးချယ်သင်ကြားမွေးထုတ်ပေးခြင်းဖြစ်သည်။

ပြည်ထောင်စု တိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (ရန်ကုန်နှင့် မန္တလေး) အား ၂၀၀၀-၂၀၀၁ ပညာသင်နှစ်တွင် စတင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (ရန်ကုန်)သည် ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ်တွင် တည်ရှိပါသည်။ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (မန္တလေး) ကို ၂၀၁၄ ခုနှစ်တွင် အုန်းတောကျေးရွာ စစ်ကိုင်းမြို့သို့ ပြောင်းရွှေ့ခဲ့ပါသည်။ ဒီဂရီကောလိပ်နှစ်ကျောင်းတွင် ဝိဇ္ဇာ/သိပ္ပံ ဘာသာရပ်များနှင့် အင်ဂျင်နီယာဘာသာရပ်များ သင်ကြားပေးလျက်ရှိသည်။

ဖွံ့ဖြိုးရေးတက္ကသိုလ်တွင် ပညာရေးဘွဲ့အတွက် ငါးနှစ်၊ မဟာပညာရေးဘွဲ့အတွက် နှစ်နှစ်၊ ဒီဂရီကောလိပ်များတွင် ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့သင်တန်းများအတွက် လေးနှစ်၊ အေဂျီတီအိုင် ဒီပလိုမာသင်တန်းအတွက် သုံးနှစ်သင်ကြားရပါသည်။

## အခမဲ့တာဝန်ယူစောင့်ရှောက်

ဤကျောင်းတော်ကြီးများတွင် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ဗမာ၊ ရခိုင်၊ ရှမ်းဟူသော လူငယ်မောင်မယ်များ၏ နေထိုင်စားသောက်ရေး၊ ကျန်းမာရေး၊ လူမှုရေးမှစ၍ မိဘများကိုယ်စား နိုင်ငံတော်က လိုလေသေးမရှိ အခမဲ့တာဝန်ယူစောင့်ရှောက်ပေးထားပါသည်။

ကျောင်းအိပ်ကျောင်းစားဖြစ်ပြီး အိပ်ဆောင်တိုင်းတွင် တိုင်းရင်းသားပေါင်းစုံ စုစည်းနေထိုင်ကြရသဖြင့် နေထိုင်ရာအဝန်းအဝိုင်းသည် ပြည်ထောင်စုလေးသဖွယ် ဖြစ်နေပေသည်။ အိပ်ဆောင်များအား ကချင်၊ ကယား၊ ကရင်၊ ချင်း စသော တိုင်းရင်းသားမျိုးနွယ်စုနာမည်များဖြင့် မှည့်ခေါ်ထားပါသည်။ ကျောင်း၏ထူးခြားချက်သည် Guardian စနစ်ဖြစ်သည်။ Senior အစ်ကိုကြီးက ကရင်တိုင်းရင်းသားဖြစ်ကောင်းဖြစ်မည်။ Junior ညီငယ်က မွန်တိုင်းရင်းသားဖြစ်ကောင်းဖြစ်မည်။ မတူညီသော ဓလေ့၊ ဘာသာစကား၊ ရိုးရာယဉ်ကျေးမှုများမှ တူညီသော ညီရင်းအစ်ကိုသံယောဇဉ်ဖြင့် တူညီသောတန်ဖိုးများကို မွေးဖွားပေးခဲ့သည်။

ညီငယ်ဖျားလျှင် အစ်ကိုကြီးက ညမအိပ်တော့၊ အစ်ကိုကြီးဖျားလျှင် နင်းနှိပ်ပေးသူက ညီငယ်ဖြစ်သည်။ အမုန်းတရားများမရှိ၊ နှိုင်းယှဉ်မှုများမရှိ၊ စိုးရိမ်သောကများမရှိသော ပြည်ထောင်စုလေးတွင် သူတို့ ရှင်သန်ကြသည်။ သူတို့တစ်တွေအား နည်းပေး၊ လမ်းပြသွန်သင်ဆုံးမသူ ဆရာ ဆရာမများသည်လည်း တိုင်းရင်းသားမျိုးနွယ်စုပေါင်းစုံက သူတို့၏ Senior အစ်ကိုကြီး၊ အစ်မကြီးများပင်ဖြစ်သည်။

စာမျက်နှာ ၁၁ သို့ ✳

> **ကျောင်းအိပ်ကျောင်းစားဖြစ်ပြီး အိပ်ဆောင်တိုင်းတွင် တိုင်းရင်းသားပေါင်းစုံ စုစည်းနေထိုင်ကြရသဖြင့် နေထိုင်ရာအဝန်းအဝိုင်းသည် ပြည်ထောင်စုလေးသဖွယ်ဖြစ်နေပေသည်။ အိပ်ဆောင်များအား ကချင်၊ ကယား၊ ကရင်၊ ချင်း စသော တိုင်းရင်းသားမျိုးနွယ်စုနာမည်များဖြင့် မှည့်ခေါ်ထားပါသည်။ ကျောင်း၏ထူးခြားချက်သည် Guardian စနစ်ဖြစ်သည်။ Senior အစ်ကိုကြီးက ကရင်တိုင်းရင်းသား ဖြစ်ကောင်းဖြစ်မည်။ Junior ညီငယ်က မွန်တိုင်းရင်းသား ဖြစ်ကောင်းဖြစ်မည်။ မတူညီသော ဓလေ့၊ ဘာသာစကား၊ ရိုးရာယဉ်ကျေးမှုများမှ တူညီသော ညီရင်းအစ်ကိုသံယောဇဉ်ဖြင့် တူညီသောတန်ဖိုးများကို မွေးဖွားပေးခဲ့**



ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များက သတ်မှတ်နေရာများအလိုက် ခင်းကျင်းပြသထားသည့် ကျောက်စိမ်းအရိုင်းတွဲများကို စိတ်ကြိုက်လေ့လာကြည့်ရှုကြစဉ်။



ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များက ပုလဲအတွဲ ဈေးနှုန်းတင်သွင်းလွှာများကို တင်ဒါပုံးများ အတွင်းသို့ ထည့်သွင်းကြစဉ်။

☆ ကျောဖုံးမှ

ပုလဲအတွဲအမှတ် (၁) မှ အတွဲအမှတ် (၂၀၀) အထိ တင်သွင်း ထားသော ဈေးနှုန်းတင်သွင်းလွှာများကို တာဝန်ရှိ သူများက တင်ဒါအမှတ် (၁) ကို မွန်းလွဲ ၁ နာရီနှင့် တင်ဒါအမှတ် (၂) ကို ညနေ ၅ နာရီတွင် ဖွင့်ဖောက် စစ်ဆေးကာ ပုလဲအတွဲပေါင်း ၁၈၉ တွဲ ရောင်းချရ ကြောင်း ကြေညာသည်။

ပြပွဲတတိယနေ့တွင် ပုလဲအတွဲပေါင်း ၄၀၀ အနက်မှ ကျန်ရှိသည့် ပုလဲအတွဲအမှတ် (၂၀၁) မှ အတွဲအမှတ် (၄၀၀) ထိကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များအား ဆက်လက် ရောင်းချပေးသွားမည် ဖြစ်ကြောင်း သိရသည်။

**လေ့လာကြည့်ရှု**

နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ရွှေကြာပင် ရပ်ကွက်ရှိ ကျောက်မျက်နှင့် လက်ဝတ်ရတနာ သက်မွေးမှုနည်းပညာသင်တန်းကျောင်းမှ သင်တန်းသား သင်တန်းသူများက မဏိရတနာကျောက်စိမ်း ခန်းမအတွင်း ပြသထားသည့် ပုလဲအတွဲများ၊ ကျောက်စိမ်းအတွဲများ၊ ကျောက်မျက်အတွဲများ၊ ကျောက်မျက်နှင့် လက်ဝတ်ရတနာအရောင်းဆိုင်များ နှင့် ခန်းမအပြင်ဘက်ရှိ သတ်မှတ်နယ်မြေအလိုက် ခင်းကျင်းပြသထားသည့် ကျောက်စိမ်းအရိုင်းတွဲများကို လာရောက်လေ့လာကြည့်ရှုကြရာ ပြပွဲ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြကြသည်။

ယခုကျင်းပသည့် နှစ်လယ်မြန်မာ့ကျောက်မျက် ရတနာပြပွဲကို မဏိရတနာ ကျောက်စိမ်းခန်းမ၌ အောက်တိုဘာ ၁၉ ရက်မှ ၂၅ ရက်အထိ ကျင်းပ နေခြင်းဖြစ်ပြီး ပြပွဲတွင် ပုလဲအတွဲ ၄၀၀၊ ကျောက်မျက် အတွဲ ၁၂၀ နှင့် ကျောက်စိမ်းအတွဲ ၂၁၅၀ တို့ကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များကို ရောင်းချပေးသွားမည် ဖြစ်သည်။

**သတင်းစဉ်**

■

✳ စာမျက်နှာ ၁၀ မှ

## တိုင်းရင်းသားအသီးသီး၏ ဘာသာစကား၊ ရိုးရာဓလေ့စရိုက်များအား သင်ကြားဖလှယ်ခွင့်ရ

ပို၍ထူးခြားသည်က ဤကျောင်းတော်များတွင် တိုင်းရင်းသားအသီးသီး၏ ဘာသာစကား၊ ရိုးရာ ဓလေ့စရိုက်များအား သင်ကြားဖလှယ်ခွင့် ရရှိကြခြင်းဖြစ်သည်။ မည်သည့်တိုင်းရင်းသား တိုင်းရင်းသူဖြစ်စေ နှစ်သက်ရာတိုင်းရင်းသားဘာသာစကား သင်ယူနိုင်သည်။ ဓလေ့စရိုက်များ လေ့လာနိုင်သည်။ ရိုးရာဝတ်စုံများ လဲလှယ်ကာ ဓာတ်ပုံရိုက်ကြသည်။ ရိုးရာမုန့်များ တစ်လှည့်စီပြုလုပ်၍ မြိန်ရေရှက်ရေစားကြသည်။ သူတို့တစ်တွေသည် ပြည်ထောင်စုသားဖြစ်ကြ၍ ဂုဏ်ယူဝင့်ကြွားကြသည်။ သူတို့တစ်တွေသည် မြန်မာနိုင်ငံသား ဖြစ်၍ ဂုဏ်ယူဝင့်ကြွားကြသည်။ “စည်းလုံးခြင်းသည် အင်အား” ဟူသည် ဖွံ့ဖြိုးရေးတက္ကသိုလ်၏ ဆောင်ပုဒ်ဖြစ်သည်။ သံယောဇဉ်တရားက စည်းလုံးညီညွတ်ရေးကို အလိုအလျောက်ရရှိစေသည်။

စာမေးပွဲများပြီး၍ ကျောင်းပိတ်ရက်၊ အိမ်ပြန်ကြသောအခါ ကျောင်းသား ကျောင်းသူများက မိမိတို့ဒေသ၏ အထိမ်းအမှတ်တစ်ခုခုယူဆောင်လာကြသည်။ တူရိယာပစ္စည်းတစ်မျိုးမျိုး၊ ဒေသထွက် အထိမ်းအမှတ်တစ်ခုခုစသည်တို့ကို ဖွံ့ဖြိုးရေးတက္ကသိုလ်၏ ပြတိုက်တွင် စုစည်းထားရှိသည်ကို တွေ့နိုင်ပါသည်။

ဤကျောင်းတော်များတွင် ပြည်ထောင်စုစိတ်ဓာတ်ဘာသာရပ်၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးဘာသာရပ်၊ ဖွံ့ဖြိုးရေးဘာသာရပ်များ သင်ကြားကြရသည်။ သို့သော် စည်းလုံးညီညွတ်ရေးဟု အတင်းတိုက်တွန်းနေစရာမလို၊ နှစ်ကာလများစွာ အတူတူနေထိုင် အတူတူရှင်သန်ခဲ့ကြသော ဤကျောင်းတော်သူ ကျောင်းတော်သားများ၏ သံယောဇဉ်အား စာသင်နှစ်ပြီးဆုံး၍ ကျောင်းဆင်းချိန်တွင် ထင်ထင်ရှားရှားတွေ့နိုင်ပါသည်။



ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့နယ်တွင် ဖွင့်လှစ်ထားသည့် ပြည်ထောင်စု တိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(ရန်ကုန်) ကိုတွေ့ရစဉ်။

ကျောင်းဆင်းဘွဲ့ရ၍ နိုင်ငံတော်တာဝန်ကို ထမ်းဆောင်ရသော ဝမ်းသာပီတိနှင့် ညီရင်းအစ်ကို အချင်းချင်းခွဲခွာခါနီးဖြစ်ပေါ်နေသော ဝမ်းနည်းမှုမြင်ကွင်းများကို ကြုံဖူးသူတိုင်း ခံစားမိကြသည်။ ဤသို့သော သံယောဇဉ်မျိုးဖြင့် ခိုင်ကျည်ထားသော ပြည်ထောင်စုစိတ်ဓာတ်ကို မည်သူကတား၍ ကြားဝင်နိုင်လိမ့်မည်နည်း။

ဤကျောင်းဆင်းများကား နိုင်ငံတော်တာဝန်ကို ကျရာနေရာ၊ ကျရာကဏ္ဍအသီးသီးတွင် တာဝန်ထမ်းဆောင်ရင်း နိုင်ငံတော်ကို အလုပ်အကျွေးအကျိုးပြုရင်း လောကကို အလှဆင်လျက်ရှိသည်။

ဖွံ့ဖြိုးရေးတက္ကသိုလ်နှင့် ဒီဂရီကောလိပ် နှစ်ကျောင်း၏ ပထမနှစ်ဝင်ခွင့်အတွက် တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသော နယ်စွန်နယ်ဖျား ဒေသအသီးသီးမှ တိုင်းရင်းသား တိုင်းရင်းသူများကို အဓိကထားရွေးချယ်ခြင်းဖြစ်သည်။ မိဘမရှိသူ (သို့မဟုတ်) မိခင်မရှိသူ (သို့မဟုတ်) ဖခင်မရှိသူ၊ ဆင်းရဲနွမ်းပါးပြီး ပညာလိုလားသူများအား ဦးစားပေးရွေးချယ်ပါသည်။

**ဆရာ ဆရာမပေါင်း ၁၄၈၅၈ ဦး မွေးထုတ်ပေးနိုင်ခဲ့**

ဖွံ့ဖြိုးရေးတက္ကသိုလ်သည် စတင်ဖွင့်လှစ်ခဲ့သည့် ၁၉၆၄ ခုနှစ်မှ ယနေ့အချိန်အထိ တိုင်းရင်းသားမျိုးနွယ်စုအသီးသီးမှ ဆရာ ဆရာမပေါင်း ၁၄၈၅၈ ဦး မွေးထုတ်ပေးနိုင်ခဲ့သည်။ ဆရာ ဆရာမများအဖြစ်သာမက ဆရာဝန်၊ အင်ဂျင်နီယာ၊ ကွန်ပျူတာကျွမ်းကျင်ပညာရှင်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် သူနာပြုဆရာမများလည်း ထွက်ပေါ်ခဲ့သည်။ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်များမှလည်း စတင်ဖွင့်လှစ်သည့် ၂၀၀၀ ပြည့်နှစ်မှ ယနေ့အချိန်အထိ ဝိဇ္ဇာ/ သိပ္ပံ၊ A.G.T.၊ B.Tech ဘွဲ့၊ ဒီပလိုမာရရှိသူ တိုင်းရင်းသား တိုင်းရင်းသူ ၄၆၉၈ ဦး၊ ပါရဂူဘွဲ့နှင့် မဟာဘွဲ့ရရှိသူ ၁၀၅၉ ဦး မွေးထုတ်ပေးခဲ့ပြီး ဖြစ်ပါသည်။ ပြည်ထောင်စု၏ အရည်အသွေးမြင့်မားသော လူ့စွမ်းအားအရင်းအမြစ်များပင်တည်း။

ဖွံ့ဖြိုးရေးတက္ကသိုလ် ကျောင်းဆင်းများက ကျောင်းသားဟောင်းများအသင်းဟူ၍ ဖွဲ့စည်းထားရှိသည်။ ကျောင်းသားဟောင်းများသည် သူတို့အား မွေးဖွားရှင်သန်စေခဲ့သော ကျောင်းတော်ကြီးကို နှစ်စဉ်နှစ်တိုင်း အလွမ်းပြေလာကြည့်သည်။ သူတို့စိုက်ပျိုးခဲ့သော သစ်ပင်ကြီးများအောက် အရိပ်ခိုကြသည်။ ရောက်ရှိလာကြသော တိုင်းရင်းသား တိုင်းရင်းသူ ကျောင်းသားဟောင်းကြီးများ အချင်းချင်းလက်တွဲ၍ ဓာတ်ပုံရိုက်ကြသည်မှာ အလွန်လှပကြည်နူးဖွယ်ရာမြင်ကွင်းဖြစ်သည်။

သူတို့တစ်တွေသည် သူတို့ချစ်သော ပြည်ထောင်စုကျောင်းတော်ကြီးကို ပြန်လည်စောင့်ရှောက်ကြသည်။ တစ်နည်းအားဖြင့် သူတို့ချစ်သောပြည်ထောင်စုကြီးကို လက်ချင်းချိတ်ကာကွယ်စောင့်ရှောက်ရင်း မျိုးဆက်သစ်များကို လက်ဆင့်ကမ်းအမွေပေးကြသည်။ မျိုးဆက်သစ်များအဖြစ် ၂၀၂၂-၂၀၂၃ ပညာသင်နှစ်တွင် ဖွံ့ဖြိုးရေးတက္ကသိုလ်၏ သင်တန်းအသီးသီးတွင် သင်တန်းသား သင်တန်းသူ ၁၀၀၀ ကျော်၊ ဒီဂရီကောလိပ်နှစ်ကျောင်းတွင် သင်တန်းသား သင်တန်းသူ ၂၀၀၀ နီးပါး တက်ရောက်ပညာသင်ကြားလျက်ရှိကြသည်။

အချုပ်အားဖြင့်ဆိုရသော် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် (စစ်ကိုင်း)နှင့် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (ရန်ကုန်၊ စစ်ကိုင်း)တို့သည် ပြည်ထောင်စုကြီး၏ ပြည်ထောင်စုကျောင်းတော်ကြီးများ ဖြစ်သည်နှင့်အညီ ပြည်ထောင်စုစိတ်ဓာတ်ခိုင်မာသော မျိုးဆက်သစ်များအား မွေးထုတ်ပျိုးထောင်ပေးလျက်ရှိသဖြင့် ပြည်ထောင်စုပန်းများ လန်းရာမြေဟုသာ ညွှန်းဆိုရေးသားလိုက်ရပါသည်။ ။

# ဓာတ်ခွဲနမူနာစုစုပေါင်း ၁၂၄၆၂ ခု စစ်ဆေးပြီးစီး၊ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၂၇၃ ဦးတွေ့ရှိ

## ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း
## (၂၀-၁၀-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁၉-၁၀-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၀-၁၀-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁၂,၄၆၂) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၂၇၃) ဦး တွေ့ရှိရသဖြင့် ရောဂါပိုး တွေ့ရှိမှုရာခိုင်နှုန်းမှာ (၂.၁၉) ရာခိုင်နှုန်းရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၉,၃၀၁,၂၉၂) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၂၉,၉၂၆) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၂၇၄) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၀၃,၅၃၄) ဦးရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ မရှိပါသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၇၂) ဦး ရှိပါသည်။

မြန်မာနိုင်ငံတွင် (၂၈-၁-၂၀၂၂) ရက်နေ့မှ (၁၅-၁၀-၂၀၂၂) ရက်နေ့အထိ တွေ့ရှိရသော ကိုဗစ်-၁၉ ရောဂါဖြစ်ပွားသူများနှင့် သေဆုံးသူများ၏ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံထားရှိမှု အခြေအနေများကို ဆန်းစစ်ချက်အရ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားသူ စုစုပေါင်း၏ (၉၀.၄) ရာခိုင်နှုန်းနှင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူစုစုပေါင်း၏ (၈၀.၉) ရာခိုင်နှုန်းတို့မှာ ကာကွယ်ဆေး လုံးဝ ထိုးနှံထားခြင်း မရှိသူများနှင့် ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံထားခြင်းမရှိသူများ ဖြစ်ကြောင်း တွေ့ရှိရပါသည်။

| ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံထားရှိမှု အခြေအနေများ | ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားသူ | ကိုဗစ်-၁၉ ရောဂါ ကြောင့် သေဆုံးသူ |
|---|---|---|
| ကာကွယ်ဆေးလုံးဝထိုးနှံထားခြင်းမရှိသူနှင့် ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံထားခြင်း မရှိသူ | ၉၀.၄ % | ၈၀.၉ % |

နိုင်ငံတကာသုတေသနတွေ့ရှိချက်များအရလည်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကိုလျှော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေးထိုးနှံခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက် ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမိုလျှော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။ သို့ဖြစ်ရာ အသက် ၅ နှစ်နှင့် အထက်ပြည်သူများသည် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအား မဖြစ်မနေထိုးနှံထားရှိရန် လိုအပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာနသည် အသက် ၅ နှစ်နှင့်အထက် ပြည်သူများအားလုံးအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အခမဲ့ထိုးနှံပေးလျက်ရှိသည့်အပြင် အသက် ၁၂ နှစ်မှ ၁၈ နှစ်အတွင်း ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံပြီးစီးမှုကာလ ၆ လနှင့်အထက်ရှိသော ကျောင်းသား ကျောင်းသူများနှင့် အသက် ၁၈ နှစ်နှင့်အထက် ပြည်သူများအား ထပ်ဆောင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ အခမဲ့ထိုးနှံပေးလျက်ရှိရာ ပြည်သူများအနေဖြင့် နီးစပ်ရာကျန်းမာရေးဌာနများ၊ ကျေးရွာ/ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ ကာကွယ်ဆေးထိုးနှံမှုကို မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၉၈၉၈၇၀၁၄ | ၉၆၃၃၅၂၂၈ | ၁၀၉၂၀၃၁ |
| ၂။ | အိန္ဒိယ | ၄၄၆၃၆၅၁၇ | ၄၄၀၈၂၀၆၄ | ၅၂၈၉၄၃ |
| ၃။ | ပြင်သစ် | ၃၆၄၁၈၇၂၅ | ၃၅၁၈၆၇၆၃ | ၁၅၆၁၈၇ |
| ၄။ | ဂျာမနီ | ၃၅၀၀၅၇၆၉ | ၃၃၁၈၁၉၀၀ | ၁၅၂၁၀၀ |
| ၅။ | ဘရာဇီး | ၃၄၈၁၃၆၇၈ | ၃၃၉၉၃၇၉၈ | ၆၈၇၄၇၈ |
| ၆။ | တောင်ကိုရီးယား | ၂၅၂၁၉၅၄၆ | ၂၄၇၉၀၇၁၂ | ၂၈၉၂၂ |
| ၇။ | ဗြိတိန် | ၂၃၇၉၈၇၉၃ | ၂၃၄၄၂၇၆၃ | ၁၉၁၆၈၁ |
| ၈။ | အီတလီ | ၂၃၂၁၄၀၇၃ | ၂၂၄၉၃၀၀၆ | ၁၇၈၂၇၅ |
| ၉။ | ဂျပန် | ၂၁၈၉၄၆၃၈ | ၂၀၄၅၇၆၁၈ | ၄၆၀၈၅ |
| ၁၀။ | ရုရှား | ၂၁၃၄၅၁၅၄ | ၂၀၆၇၇၈၂၁ | ၃၈၉၂၆၆ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | ဗီယက်နမ် | ၁၁၄၉၅၇၇၂ | ၁၀၆၀၀၂၂၄ | ၄၃၁၅၉ |
| ၂။ | အင်ဒိုနီးရှား | ၆၄၆၄၉၆၂ | ၆၂၈၇၆၆၃ | ၁၅၈၃၈၀ |
| ၃။ | မလေးရှား | ၄၈၇၂၅၇၀ | ၄၈၁၁၈၁၀ | ၃၆၄၂၉ |
| ၄။ | ထိုင်း | ၄၆၈၇၂၈၁ | ၄၆၄၉၅၀၉ | ၃၂၈၈၂ |
| ၅။ | ဖိလစ်ပိုင် | ၃၉၈၉၅၅၆ | ၃၉၀၂၁၆၆ | ၆၃၆၆၉ |
| ၆။ | စင်ကာပူ | ၂၀၃၇၉၄၇ | ၁၉၃၇၈၁၁ | ၁၆၅၄ |
| ၇။ | မြန်မာ | ၆၂၉၉၂၆ | ၆၀၃၅၃၄ | ၁၉၄၇၂ |
| ၈။ | ဘရူနိုင်း | ၂၃၄၅၈၂ | ၂၂၂၁၄၀ | ၂၂၅ |
| ၉။ | လာအို | ၂၁၆၁၅၈ | ၂၀၈၃၄၄ | ၇၅၈ |
| ၁၀။ | ကမ္ဘောဒီးယား | ၁၃၇၉၇၉ | ၁၃၄၈၆၁ | ၃၀၅၆ |

## လူငယ်လူရွယ်များ ဗလငါးတန်ဖွံ့ဖြိုးရေး လူငယ်စကားဝိုင်းပြုလုပ်

**ဘားအံ အောက်တိုဘာ ၂၀**

ကရင်ပြည်နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် စိုက်ပျိုးရေးသိပ္ပံ (ဖွဲ့ကပင်) တို့ပူးပေါင်း၍ လူငယ်စကားဝိုင်းကို ယမန်နေ့နံနက် ၁၀ နာရီခွဲက ဘားအံမြို့ စိုက်ပျိုးရေးသိပ္ပံ (ဖွဲ့ကပင်) ကျောင်းခန်းမ၌ ကျင်းပရာ စိုက်ပျိုးရေးဦးစီးဌာန စိုက်ပျိုးရေးသိပ္ပံ(ဖွဲ့ကပင်)ကျောင်းအုပ်ဆရာမကြီးကိုယ်စား ဆရာကြီးဦးခိုင်ဇော်ဦးက အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ စိုက်ပျိုးရေးသိပ္ပံ(ဖွဲ့ကပင်)ကျောင်းမှ မောင်ပြည့်ဖြိုးအောင် (ပထမနှစ်) ကလူငယ်နှင့် အားကစားခေါင်းစဉ်ဖြင့်လည်းကောင်း၊ မဇင်မာနွယ် (နောက်ဆုံးနှစ်) က လူငယ်နှင့် ပညာရေးခေါင်းစဉ်ဖြင့်လည်းကောင်း၊ မောင်မင်းခိုင်ထွန်း(ဒုတိယနှစ်)က လူငယ်နှင့် အိုင်တီနည်းပညာခေါင်းစဉ်ဖြင့်လည်းကောင်း၊ မောင်စည်သူငြိမ်း (နောက်ဆုံးနှစ်)က လူငယ်နှင့် ကိုယ်ကျင့်တရားခေါင်းစဉ်ဖြင့်လည်းကောင်း၊ မဇွန်ဖူးသွယ် (နောက်ဆုံးနှစ်)က လူငယ်နှင့် လူမှုဆက်ဆံရေးခေါင်းစဉ်ဖြင့်လည်းကောင်း၊ မနွယ်ဦးခိုင် (နောက်ဆုံးနှစ်)က လူငယ်နှင့် အသက်မွေးဝမ်းကျောင်းခေါင်းစဉ်ဖြင့်လည်းကောင်း၊ ကရင်ပြည်နယ်စာကြည့်တိုက်များဖောင်ဒေးရှင်းအဖွဲ့ဝင် ဦးစောတင်မောင်စိန်က လူငယ်နှင့် စာပေခေါင်းစဉ်ဖြင့်လည်းကောင်း ဆွေးနွေးခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

## သနပ်ပင်မြို့နယ် ဖရဲကျေးရွာ၌ မျိုးစေ့ထုတ် မိုးစပါးစံကွက်ရိတ်သိမ်းပွဲ ကျင်းပ

**သနပ်ပင် အောက်တိုဘာ ၂၀**

ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ကျင်းပသည့် ၂၀၂၂-၂၀၂၃ ခုနှစ် မိုးစပါးစံကွက် ရိတ်သိမ်းပွဲကို ယနေ့နံနက်ပိုင်းက လယ်မြေကွင်းအမှတ် ၈၅၄-ခ ဦးပိုင်အမှတ်( ၃၅/၄) တောင်သူဦးစိုးသိန်းပါ သုံးဦး၏ လယ်ယာမြေ ၁၈ ဧကၕကျင်းပခဲ့သည်။

အဆိုပါ မိုးစပါးစံကွက်ရိတ်သိမ်းပွဲသို့ ပဲခူးခရိုင် စိုက်ပျိုးရေးကြီးကြပ်မှု အဖွဲ့ဝင်များ၊ သနပ်ပင်မြို့နယ်စိုက်ပျိုးရေးကြီးကြပ်မှုအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှဝန်ထမ်းများ၊ ဒေသခံတောင်သူများက စပါးရိတ်ခြွေစက်ဖြင့် မျိုးစေ့ထုတ် မိုးစပါးစံပြကွက် ရိတ်သိမ်းနေမှုများနှင့် မိုးစပါးစိုက်ပျိုးအောင်မြင်ဖြစ်ထွန်းနေမှုအခြေအနေများကို ကြည့်ရှုကြသည်။

ထိုသို့ မျိုးစေ့ထုတ်မိုးစပါးစံပြကွက် ဆင်းသုခမျိုးစပါး စိုက်ဧက ၁၈ ဧက ရိတ်သိမ်းရာတွင် တစ်ဧကလျှင် အထွက်နှုန်း ၈၁ ဒသမ ၂၂ တင်း ထွက်ရှိကြောင်း သိရသည်။

**လှမိုး(ပြန်/ဆက်)**



## ဗြိတိန်ဝန်ကြီးချုပ် လစ်ဇ်ထရပ်စ် ရာထူးမှ နုတ်ထွက်

**လန်ဒန် အောက်တိုဘာ ၂၀**

ဗြိတိန် ဝန်ကြီးချုပ် လစ်ဇ်ထရပ်စ်သည် အောက်တိုဘာ ၂၀ ရက်တွင် ရာထူးမှ နုတ်ထွက်သွားခဲ့ကြောင်း သိရသည်။ ၎င်းတာဝန်ထမ်းဆောင်ခဲ့သည့် အချိန်ကာလမှာ သီတင်း ခြောက်ပတ်ကျော်သာ ကြာမြင့်ခဲ့သဖြင့် ဗြိတိန်သမိုင်းတွင် တာဝန်ထမ်းဆောင်သည့် ရာထူးသက်တမ်းအတိုဆုံးဝန်ကြီးချုပ် ဖြစ်လာခဲ့ကြောင်းသိရသည်။



လာမည့် သီတင်းပတ်တွင် ဝန်ကြီးချုပ်ရာထူးနေရာအတွက် ရွေးကောက်ပွဲကို ကျင်းပသွားမည်ဖြစ်ပြီး ဝန်ကြီးချုပ်အသစ် ရွေးကောက်တင်မြှောက်နိုင်ခြင်း မရှိသေးသည့် ကာလအထိ ယာယီဝန်ကြီးချုပ်အဖြစ် လက်ရှိဝန်ကြီးချုပ်လစ်ဇ်ထရပ်စ်ကသာ ဆက်လက်တာဝန်ထမ်းဆောင်သွားမည်ဟု အမှတ် (၁၀ ဒေါင်းနင်းလမ်း နေအိမ်မှ ထုတ်ပြန်သည့် ထုတ်ပြန်ချက်တွင် လစ်ဇ်ထရပ်စ်က ပြောကြားသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-စိုးသူရ**

## ကိုဗစ်-၁၉ ရောဂါ ကမ္ဘာလုံးဆိုင်ရာ ကျန်းမာရေး အရေးပေါ်အခြေအနေတစ်ရပ်အဖြစ် ဆက်လက်ရှိနေ

**ဂျီနီဗာ အောက်တိုဘာ ၂၀**

ကိုဗစ်-၁၉ ရောဂါကူးစက်မှုကြောင့် သေဆုံးမှုများနှင့် ဗိုင်းရပ်စ်အပေါ် သေချာစွာကိုင်တွယ်ထိန်းချုပ်မှု မရှိသေးသည့်အတွက် ကိုဗစ်-၁၉ ရောဂါသည် ကမ္ဘာလုံးဆိုင်ရာကျန်းမာရေး အရေးပေါ်အခြေအနေတစ်ရပ်အဖြစ် ဆက်လက်ရှိနေမည်ဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ယနေ့ပြောသည်။

ကိုဗစ်-၁၉ ရောဂါကို နိုင်ငံတကာ ပြည်သူ့ကျန်းမာရေးဆိုင်ရာ အရေးပေါ်အခြေအနေအဖြစ် ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလတွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ပထမဆုံးအကြိမ် ကြေညာခဲ့သည်။

ကိုဗစ်-၁၉ ရောဂါကို အရေးပေါ်အခြေအနေအဖြစ် ကြေညာထားခြင်းမှ ပြန်လည်ရုပ်သိမ်းရန်အတွက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ဆေးဘက်ဆိုင်ရာကျွမ်းကျင်ပညာရှင်များက ယမန်နေ့တွင် ပထမဆုံးအကြိမ်ဆွေးနွေးခဲ့သည်။

သို့သော် အဆိုပါရောဂါကူးစက်မှုကြောင့် သေဆုံးမှုများရှိနေသေးသည့်အတွက် အရေးပေါ်အခြေအနေမှ ပြန်လည်ရုပ်သိမ်းရန် အချိန်စောသေးကြောင်း ကျွမ်းကျင်ပညာရှင်များက တညီတညွတ်တည်း ဆုံးဖြတ်ချက်ချမှတ်ခဲ့သည်။

ထို့ပြင် အဆိုပါရောဂါကြောင့် သေဆုံးမှုနှုန်းမြင့်တက်လာကြောင်းနှင့် ဖြစ်ပေါ်လာနိုင်ဖွယ်ရှိသည့် ဗီဇပြောင်းဗိုင်းရပ်စ်များနှင့်ပတ်သက်ပြီး ကျွမ်းကျင်ပညာရှင်များက စိုးရိမ်ပူပန်လျက်ရှိသည်။

နိုင်ငံတကာ၌ ရောဂါကူးစက်မှုများ လျော့ကျလာသော်လည်း ဂျာမနီနှင့် ပြင်သစ်နိုင်ငံများ၌ ဗိုင်းရပ်စ်ကူးစက်မှုကြောင့် ဆေးရုံတက်ရောက်ကုသသည့် လူနာအရေအတွက် မြင့်တက်လျက်ရှိကြောင်း သိရသည်။

**ကိုးကား- အင်န်အိတ်ချ်ကေ**
**ဘာသာပြန်- အောင်ကျော်ကျော်**

## ဂျပန်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါဆိုင်ရာ စည်းမျဉ်းများ ဖြေလျှော့ပြီးနောက် ပြည်ပခရီးသည်ဝင်ရောက်မှုမြင့်တက်

**တိုကျို အောက်တိုဘာ ၂၀**

ဂျပန်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နယ်စပ်ဖြတ်သန်းခွင့် စည်းမျဉ်းများကို ဖြေလျှော့ပေးခဲ့ပြီးနောက် နိုင်ငံအတွင်းသို့ လာရောက်လည်ပတ်သည့် ပြည်ပခရီးသွားအရေအတွက် မြင့်တက်လာကြောင်း သိရသည်။



စက်တင်ဘာလတစ်လတည်းအတွင်းမှာပင် ဂျပန်နိုင်ငံအတွင်းသို့ ပြည်ပခရီးသည် ၂၀၀၀၀၀ ကျော် လာရောက်လည်ပတ်ခဲ့ကြောင်း သိရသည်။

စက်တင်ဘာ ၇ ရက်မှစတင်၍ ကိုဗစ်-၁၉ ကာကွယ်ဆေး သုံးကြိမ်ထိုးနှံပြီးစီးသူ ပြည်ပခရီးသည်များအား ကိုဗစ်-၁၉ ရောဂါရှိ၊ မရှိစစ်ဆေးခြင်းမှ ကင်းလွတ်ခွင့်ပြုခဲ့ကာ ဂျပန်နိုင်ငံအတွင်းသို့ ဝင်ရောက်ခွင့်ပြုခဲ့ပြီး ဧည့်လမ်းညွှန်လိုက်ပါလာခြင်းမရှိသည့် ပြည်ပနိုင်ငံများမှ ခရီးသည်များကိုလည်း ဂျပန်နိုင်ငံအတွင်းသို့ဝင်ခွင့်ပြုခဲ့ကြောင်း သိရသည်။

လက်ရှိအချိန်တွင် ဂျပန်နိုင်ငံသို့ တောင်ကိုရီးယားမှ ခရီးသည် ၃၂၇၀၀၊ ဗီယက်နမ်မှ ခရီးသည် ၃၀၉၀၀ နှင့် အမေရိကန်နိုင်ငံမှ ခရီးသည် ၁၈၀၀၀ လာရောက်လည်ပတ်ကြောင်း သိရသည်။

**ကိုးကား-အင်န်အိတ်ချ်ကေ**
**ဘာသာပြန်-စိုးသူရ**

## အင်ဒိုနီးရှားနိုင်ငံ၌ ကလေးငယ် ၉၉ ဦး ကျောက်ကပ်ပျက်စီးမှုကြောင့် သေဆုံး၊ ဆက်စပ်သည့်သောက်ဆေးရည်များ ပိတ်ပင်တားမြစ်ထား

**ဂျကာတာ အောက်တိုဘာ ၂၀**

အင်ဒိုနီးရှားအစိုးရက ယခုနှစ်အတွင်း ကလေးငယ် ၉၉ ဦး ကျောက်ကပ်ပျက်စီးမှုကြောင့် အသက်ဆုံးရှုံးခဲ့ရသည့်အတွက် အဆိုပါသေဆုံးမှုနှင့်ပတ်သက်သည့် သောက်ဆေးရည်များကို နိုင်ငံအတွင်း ပိတ်ပင်လိုက်ပြီဖြစ်ကြောင်း ယနေ့သတင်းများအရ သိရသည်။

အောက်တိုဘာ ၁၈ ရက်အထိ ကလေးငယ်များအကြား ကျောက်ကပ်ပျက်စီးဆုံးရှုံးမှု ဖြစ်စဉ် ၂၀၆ ခုကို စစ်ဆေးတွေ့ရှိရပြီး ၎င်းတို့အနက် ကလေးငယ် ၉၉ ဦးမှာ အသက်ဆုံးရှုံးခဲ့ရသည်။ အဆိုပါသေဆုံးသည့် ကလေးငယ်အားလုံးမှာ ငါးနှစ်အောက်ကလေးငယ်များဖြစ်ကြောင်း အင်ဒိုနီးရှားကျန်းမာရေးဝန်ကြီးဌာနက ဆိုသည်။

အဆိုပါကလေးငယ်များအကြား ကျောက်ကပ်ပျက်စီးမှုဖြစ်စဉ်သည် ဩဂုတ်လနှောင်းပိုင်းတွင် စတင်မြင့်တက်လာခဲ့ကြောင်း ကျန်းမာရေးအာဏာပိုင်များက ပြောသည်။

ကလေးများအတွက်ဖော်စပ်ထားသည့် သောက်ဆေးရည်များတွင် ကျောက်ကပ်ပျက်စီးမှုကို ဖြစ်စေတတ်သည့်ပစ္စည်းများ ပါဝင်သည်ကို တွေ့ရှိရကြောင်း ကျန်းမာရေးအာဏာပိုင်များကဆိုသည်။ အဆိုပါဆေးညွှန်းများနှင့် သောက်ဆေးရည်များရောင်းချမှုတို့ကို နိုင်ငံအတွင်း ပိတ်ပင်တားမြစ်ရန် အစိုးရကအမိန့်ထုတ်ပြန်ထားကြောင်း သိရသည်။

ဂမ်ဘီယာနိုင်ငံ၌လည်း ကျောက်ကပ်ပျက်စီးမှုကြောင့် ကလေးငယ် ၇၀ သေဆုံးခဲ့သည့်ဖြစ်စဉ်ဖြစ်ပွားခဲ့ပြီးနောက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က စုံစမ်းစစ်ဆေးမှုများ ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ကလေးငယ်သေဆုံးမှုများနှင့်ပတ်သက်လျက်ရှိသည့် အိန္ဒိယဆေးဝါးကုမ္ပဏီထုတ် ချောင်းဆိုးပျောက်ဆေးရည်နှင့် အအေးမိသောက်ဆေးရည်လေးမျိုးတို့ကို သုံးစွဲမှုမရှိစေရန် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က အောက်တိုဘာ ၅ ရက်တွင် ကြေညာချက်တစ်ရပ် ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ပိတ်ပင်ထားသည့် အဆိုပါဆေးရည်လေးမျိုးသည် အင်ဒိုနီးရှားနိုင်ငံတွင် ရောင်းချခြင်းမရှိကြောင်း အင်ဒိုနီးရှားအစိုးရက ဆိုသည်။

**ကိုးကား- အင်န်အိတ်ချ်ကေ၊ ဘာသာပြန်- အောင်ကျော်ကျော်**



## ဥရောပဒေသ၌ ကိုဗစ်-၁၉ ရောဂါကူးစက်မှုများ မြင့်တက်

**ရောမ အောက်တိုဘာ ၂၀**

ဥရောပဒေသတွင် ကိုဗစ်-၁၉ ရောဂါကူးစက်မှုများမြင့်တက်လျက်ရှိသဖြင့် နှာခေါင်းစည်းဝတ်ဆင်ခြင်းကဲ့သို့သော ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကျန်းမာရေးစည်းမျဉ်းများကို တိကျစွာပြန်လည်လိုက်နာဆောင်ရွက်သွားရေးအတွက် တာဝန်ရှိသူများက ပန်ကြားခဲ့ကြောင်း သိရသည်။

လာမည့်ဆောင်းဦးရာသီတွင် ဥရောပဒေသအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်မှုများ ပြန်လည်မြင့်တက်လာနိုင်သဖြင့် ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကျန်းမာရေးစည်းမျဉ်းများကို တိကျစွာပြန်လည်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ဂရိနိုင်ငံတွင် အောက်တိုဘာ ၁၀ ရက်မှ ၁၆ ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၅၅၂၄၂ ဦးရှိခဲ့ပြီး ၎င်းအရေအတွက်သည် ပြီးခဲ့သည့်သီတင်းပတ်ကထက် ရှစ်ရာခိုင်နှုန်း များပြားကြောင်း သိရသည်။ နယ်သာလန်နိုင်ငံတွင်လည်း ကိုဗစ်-၁၉ ရောဂါကြောင့် ဆေးရုံတက်ရောက်ကုသသူအရေအတွက် များပြားလာသည်ကို တွေ့ရှိရပြီး ထပ်မံ၍လည်း ရောဂါကူးစက်မှုများရှိလာနိုင်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ဂရိနိုင်ငံတွင် စက်တင်ဘာ ၁၄ ရက်မှစတင်၍ ကိုဗစ်-၁၉ ကာကွယ်ဆေးအပိုဆောင်းထိုးနှံခြင်း လုပ်ငန်းများကို ဆောင်ရွက်နေကြောင်းသိရသည်။ ဥရောပဒေသရှိနိုင်ငံများတွင် ကိုဗစ်-၁၉ ရောဂါကူးစက်မှုများ မြင့်တက်နေသဖြင့် အပိုဆောင်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းအပါအဝင် ကျန်းမာရေးဆိုင်ရာစည်းမျဉ်းများကို တင်းကျပ်စွာပြန်လည်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ဥရောပဒေသဆိုင်ရာ ညွှန်ကြားရေးမှူး ဟန်ကလုတ်က ပြောကြားသည်။

လက်ရှိအချိန်တွင် ဥရောပဒေသအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်မှုအပြင် ရာသီတုပ်ကွေးရောဂါကူးစက်မှုများကိုလည်း တွေ့ရှိနေရသဖြင့် ရောဂါကူးစက်နိုင်သည့်၊ ရောဂါခုခံနိုင်စွမ်းနည်းပါးသည့် အုပ်စုများကို ကာကွယ်ဆေးများထိုးနှံပေးရေး အလေးထားဆောင်ရွက်သွားရမည်ဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။ ဆောင်းရာသီတွင် ဥရောပဒေသအတွင်း ကိုဗစ်-၁၉ နှင့် ရာသီတုပ်ကွေးရောဂါကူးစက်မှုများ မြင့်တက်လာနိုင်သဖြင့် သတိပြုနေထိုင်ကြရန် ဗြိတိန်ပြည်သူ့ကျန်းမာရေးလုပ်ငန်းမှ ညွှန်ကြားရေးမှူး စတိဗ်ရပ်ဆဲလ်ကပြောကြားသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-စိုးသူရ**

## ဖိလစ်ပိုင်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်မှုကြောင့် ၄၄ ဦး ထပ်မံသေဆုံး

**မနီလာ အောက်တိုဘာ ၂၀**

ဖိလစ်ပိုင်နိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်မှုကြောင့် ၄၄ ဦး ထပ်မံသေဆုံးခဲ့သည့်အတွက် အဆိုပါရောဂါကူးစက်မှုကြောင့် သေဆုံးသူပေါင်း ၆၃၆၆၉ ဦး ရှိလာကြောင်း ဖိလစ်ပိုင်နိုင်ငံကျန်းမာရေးဝန်ကြီးဌာနက ဆိုသည်။

အလားတူ လွန်ခဲ့သော ၂၄ နာရီအတွင်း ရောဂါကူးစက်ခံရသူ ၂၂၂၇ ဦး ထပ်မံတွေ့ရှိခဲ့ရာ ရောဂါကူးစက်ခံရသူပေါင်း ၃၉၈၉၅၆ ဦးရှိလာကြောင်း သိရသည်။

လက်ရှိတွင် ပိုးတွေ့ဆဲလူနာ ၂၃၇၂ ဦးရှိပြီး ရောဂါထပ်မံကူးစက်ခံရသူများအနက် ၇၃၅ ဦးသည် မြို့တော်မနီလာမှဖြစ်သည်။

လက်ရှိအချိန်အထိ မြို့တော်မနီလာ၌ ရောဂါကူးစက်ခံရသူပေါင်း ၁၂၈၃၀၀၉ ဦးရှိပြီဖြစ်ကြောင်း သိရသည်။

ဖိလစ်ပိုင်နိုင်ငံ၌ ဇန်နဝါရီ ၁၅ ရက်တွင် နေ့စဉ်ကူးစက်မှုအရေအတွက် ၃၉၀၀၄ ဦးဖြင့် စံချိန်တင်ခဲ့သည်။

လက်ရှိအချိန်အထိ ပြည်သူ ၇၃ ဒသမ ၄ သန်းကျော်အား ကာကွယ်ဆေးအပြည့်အဝ ထိုးနှံပေးပြီးဖြစ်ကြောင်း သိရသည်။

ပြည်သူ သန်း ၁၁၀ ဝန်းကျင်ရှိသည့် ဖိလစ်ပိုင်နိုင်ငံ၌ ပြည်သူ ၃၂ ဒသမ ၅ သန်းကျော်အား ကိုဗစ်- ၁၉ ရောဂါကူးစက်မှုရှိ၊ မရှိစစ်ဆေးမှုများ ပြုလုပ်ပြီးဖြစ်ကြောင်း သိရသည်။

**ကိုးကား- ဆင်ဟွာ**
**ဘာသာပြန်- အောင်ကျော်ကျော်**

## အမျိုးသမီးများကို တရုတ်အမျိုးသားထံ ပို့ဆောင်ရောင်းစားကာ ငွေကြေးအကျိုးအမြတ်ရယူခဲ့သူအား လူကုန်ကူးမှုဖြင့် ထောင်ဒဏ်ချမှတ်

**နေပြည်တော် အောက်တိုဘာ ၂၀**

အမျိုးသမီးများကို တရုတ်အမျိုးသားထံ ပို့ဆောင်ရောင်းစားကာ ငွေကြေးအကျိုးအမြတ်ရယူခဲ့သူအား လူကုန်ကူးမှုဖြင့် အလုပ်ကြမ်းနှင့် ထောင်ဒဏ် ၁၀ နှစ် ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့ အမှတ်(၂)ရပ်ကွက်နေ လှမြိုင်(ခ) ဗေလုဝ နှင့် ၎င်းဇနီး ဒေါ်မိညက်(ခ) ဒေါ်ဝင်းတင်တို့က တစ်မြို့တည်းနေ မ ---၊ ၁၅ နှစ်၊ မ ---၊ ၁၃ နှစ်၊ မ ---၊ ၂၄ နှစ်တို့အား မူဆယ်မြို့ ကားကြီးဝင်းအနီးရှိ အလုပ်ရုံတစ်ခုတွင် အဝတ်ခေါက်လုပ်ငန်း၌ တစ်လလျှင် ကျပ်နှစ်သိန်းရမည်ဟု ပြောဆိုစည်းရုံး၍ တရုတ်အမျိုးသားထံ ပို့ဆောင်ရောင်းစားကာ ငွေကြေးအကျိုးအမြတ်များ ရယူခဲ့သဖြင့် ကျောင်းကုန်းမြို့မရဲစခန်း(ပ) ၄၅၈/၂၀၁၉၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေ ပုဒ်မ ၂၄/၃၂ ဖြင့် အမှုရေးဖွင့်၍ ပုသိမ်ခရိုင်တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ ဖေဖော်ဝါရီ ၁၄ ရက်တွင် တရားခံ ဒေါ်မိညက် (ခ) ဒေါ်ဝင်းတင်အား အလုပ်နှင့် ထောင်ဒဏ် ၁၀ နှစ် ချမှတ်ခဲ့ပြီး တရားခံလှမြိုင်(ခ) ဗေလုဝအား ကျင့် ၂၅၈(၁)အရ အမှုမှ တရားသေလွှတ်ခဲ့မှုအပေါ် အယူခံတက်ရောက်ခဲ့ရာ တိုင်းဒေသကြီးတရားလွှတ်တော်မှ ရာဇဝတ်အယူခံ အမှုအမှတ် ၆၀/၂၀၂၂ ဖြင့် လက်ခံစစ်ဆေးခဲ့ပြီး အောက်တိုဘာ ၁၄ ရက်တွင် တရားခံလှမြိုင်(ခ) ဗေလုဝအား လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၂၄ အရ အလုပ်ကြမ်းနှင့် ထောင်ဒဏ် ၁၀ နှစ်ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## တရားမဝင် သစ်မျိုးစုံ၊ စားသုံးဆီ၊ စားသောက်ကုန်ပစ္စည်း၊ လူသုံးကုန်ပစ္စည်း၊ လုပ်ငန်းသုံးပစ္စည်း၊ ကွန်ပျူတာဆက်စပ်ပစ္စည်း၊ မော်တော်ယာဉ်အပိုပစ္စည်းနှင့် မော်တော်ယာဉ်များ သိမ်းဆည်းရမိ

**နေပြည်တော် အောက်တိုဘာ ၂၀**

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၁၈ ရက်တွင် တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ကော့သောင်းမြို့နယ် အကောက်ခွန်ဦးစီးဌာန ဝန်ထမ်းများနှင့် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့က ကော့သောင်းမြို့ သီရိမြိုင်ရပ်ကွက် ကားကြီးဝင်းအတွင်း ရှောင်တခင်စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ခရီးသည်တင်ယာဉ်တစ်စီးပေါ်၌ တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် ထိုင်းနိုင်ငံထုတ် စားသုံးဆီ ၁၈၂ ဖာ အပါအဝင် စားသောက်ကုန်ပစ္စည်းမျိုးစုံ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၅၃၂၀၀၀)၊ မော်တော်ဆိုင်ကယ် ၁၂ စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၂၇၂၀၀၀၀) နှင့် အဆိုပါ အကောက်ခွန်မဲ့ပစ္စည်းများ တင်ဆောင်လာသည့် မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀၀) စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၇၂၅၂၀၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။



တနင်္သာရီတိုင်းဒေသကြီးအတွင်း၌ ဖမ်းဆီးရမိမှု။

အလားတူ စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဦးဆောင်သော ပူးပေါင်းအဖွဲ့က စစ်ကိုင်းမြို့ တကောင်းရပ်ကွက် ရတနာပုံတံတားအနီးတွင် Toyota Crown အမျိုးအစား လိုင်စင်မဲ့မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရ လည်းကောင်း၊ သစ်တောဦးစီးဌာနဦးဆောင်သော ပူးပေါင်းအဖွဲ့က ကသာ-အင်းတော်သွားလမ်း မိုင်တိုင်အမှတ်(၃/၂) မြို့ဝင်မုခ်ဦးအနီးတွင် တရားမဝင်သစ်မျိုးစုံ ၂ ဒသမ ၁၀၂၈ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၈၇၈၄၈)ကို သစ်တောဥပဒေအရ လည်းကောင်း၊ စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၃၈၇၈၄၈) ကို ဖမ်းဆီးအရေးယူ ဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အောက်တိုဘာ ၁၈ ရက်တွင် ပဲခူးမြို့နယ် အကောက်ခွန်ဦးစီးဌာန ဦးဆောင်သော စစ်ဆေးရေးအဖွဲ့က မြဝတီမြို့မှ ရန်ကုန်မြို့သို့ သွားရောက်မည့် မော်တော်ယာဉ်တစ်စီးပေါ်၌ စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသော အားကစားပစ္စည်းများ၊ Cable ကြိုးခွေများ၊ ချည်အရုပ်များ၊ မော်တော်ကားအပိုပစ္စည်းများ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၉၈၇၆၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Isuzu အမျိုးအစား မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀၀)ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းအရ လည်းကောင်း၊ အောက်တိုဘာ ၂၀ ရက်တွင် တိုင်းဒေသကြီးသစ်တောဦးစီးဌာနဦးဆောင်သော ပူးပေါင်းအဖွဲ့က တောင်ငူခရိုင် အုတ်တွင်းမြို့နယ် ခပေါင်းကြိုးဝိုင်းအတွင်း တရားမဝင် ကျွန်းသစ် ၁၁ ဒသမ ၉၇၃၈ တန် (ခန့်မှန်းတန်ဖိုး ငွေကျပ် ၅၀၀၈၆၀၈)ကို သစ်တောဥပဒေအရ လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၇၅၉၉၆၂၀၈ ကို ဖမ်းဆီးအရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့အတူ အောက်တိုဘာ ၁၉ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် ရန်ကုန်တိုင်းဒေသကြီးရှိ အေးရှားဝေါလ်ကုန်သေတ္တာ စစ်ဆေးရေးစခန်း၌ တာဝန်ကျ အကောက်ခွန်အဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကုန်သေတ္တာသုံးလုံးအတွင်းမှ သွင်းကုန်ကြေညာလွှာ (ID) တွင် ကြေညာထားသည်နှင့် ကိုက်ညီမှုမရှိသည့် Waving Machine၊ Edge Film Tape နှင့် ကွန်ပျူတာဆက်စပ်ပစ္စည်းများ (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၉၆၉၇၅၀၀) ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

၎င်းအပြင် နေပြည်တော်ကောင်စီနယ်မြေ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် လယ်ဝေးမြို့နယ် သစ်တောဦးစီးဌာန ဦးဆောင်သော ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ လယ်ဝေးမြို့နယ်အတွင်း တရားမဝင်ကျွန်းသစ် ၃ ဒသမ ၀၈၈၀ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၈၁၅၈၀) ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ အောက်တိုဘာ ၁၈ ရက်၊ ၁၉ ရက်နှင့် ၂၀ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၂၀ မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၆၈၂၁၅၁၃၆ ) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

## လောက်ကိုင်နှင့် မူဆယ်မြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် အောက်တိုဘာ ၂၀**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၁၈ ရက် မွန်းလွဲ ၂ နာရီ မိနစ် ၅၀ တွင် လောက်ကိုင်မြို့ အမှတ်(၃) ရပ်ကွက် ပယ်ဟိုးလမ်းရှိ လီရှင်းလုံ ၄ားရမ်းနေထိုင်သည့်အခန်းသို့ ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၄၀၀ ကို လည်းကောင်း၊ အလားတူမူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည်အောက်တိုဘာ ၁၉ ရက် မွန်းလွဲ ၁ နာရီ မိနစ် ၅၀ တွင် မူဆယ်မြို့နယ် စယ်လန့်ကျေးရွာအုပ်စု နောင်မိုကျေးရွာအနီး မူဆယ်-နမ့်ခမ်းသွားကားလမ်းတွင် လှိုင်းခမ်း မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၆၀၀၀ ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

### မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၁-၁၀-၂၀၂၂ သောကြာနေ့

**MRTV HD**

- ၀၆:၀၀ "တောင်တန်းသာသနာပြုဆရာတော် ဘုရားကြီး၏ပရိတ်တရားတော်" (**အာဋာနာဋိယသုတ်**)
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၈:၃၅ "ပြည်သူအားလုံးနှင့်သက်ဆိုင်သောအနာဂတ်ဒီမိုကရေစီ"
- ၀၉:၁၀ "**ပဒုမ္မာကြာသက်နှံး**"
- ၀၉:၄၀ Soccer View
- ၁၀:၀၀ သတင်းထဲကသတင်း
- ၁၀:၃၀ "**မြန်မာ့ကျောက်မျက်ရတနာပြတိုက်**" (နေပြည်တော်)
- ၁၂:၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ '**အတိတ်ဒါးဒါးအချစ်ချိုချို**' (အပိုင်း-၁၇)
- ၁၃:၃၀ MRTV National News
- ၁၅:၀၀ မျိုးဂုဏ်တင့်စေဆိုကရေးတီးအငြိမ့်
- ၁၆:၃၅ လူငယ်ရေးရာအစီအစဉ်
- ၁၇:၁၅ ASEAN Information Exchange Initiative Program 2022 (Part-9)
- ၁၇:၃၀ Weekly Sports Info
- ၁၈:၀၀ ပြည်တွင်းသတင်း
- ၁၈:၃၀ သုတဝေဖြာ...သိရိဂေဟာ
- ၁၉:၁၀ နိုင်ငံခြားဇာတ်လမ်းတွဲ '**အတိတ်ဒါးဒါးအချစ်ချိုချို**' (အပိုင်း-၁၈)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၁:၀၀ စိန်ရတုလွတ်လပ်ရေးနေ့ ဂုဏ်ပြုသီချင်းဆိုပြိုင်ပွဲ 'တူယှဉ်နွဲ့ပျော်ဂီတပွဲတော် Season-2' တေးသီချင်းဆိုပြိုင်ပွဲတိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (အုပ်စု-ဃ)(ပွဲစဉ်-၈)

**mitv**

- 07:01 Evergreen Classic: Aseinnaya (Takkatho Lae Lae)
- 07:10 Artist Life: Designer Nay Chi Win Lai Yee
- 07:27 Xylophones' Home
- 07:48 Ancient Heritage In Natalin
- 08:01 News
- 08:27 Moe Ne' Keeps Its Tradition Alive
- 08:51 Chef Life: Zin Minn Htun
- 09:01 Myanmar Puppeteers (Tha Nge Taw Dance)
- 09:12 Kyaukse Cement Plant
- 09:27 A Memorable Visit to Alaungdaw Kathapa National Park
- 10:01 News
- 10:27 Topical Topics (No. 3)
- 10:32 Danu Food: Tofu Dish
- 10:40 Yoga & Health

**MRTV NRC**

- **အရှေ့ပိုးကရင် (၀၆:၀၀ မှ ၀၇:၀၀)** ပန်းလိုပွေး၍စွမ်းသည့်ဆေး
- **ချင်း (လိုင်ဇိုး) (၀၇:၀၀ မှ ၀၈:၀၀)** ဆီးချိုသွေးချိုရောဂါအကြောင်းသိကောင်းစရာ
- **ချင်း (ချိုး) (၀၈:၀၀ မှ ၀၉:၀၀)** ဘိုးဘွားတို့ရဲ့ဆိုဆုံးမစကား
- **မွန် (၀၉:၀၀ မှ ၁၁:၀၀)** ငါးနှပ်ပရပ်ပြားမွှန်ချက်
- **ရခိုင် (၁၁:၀၀ မှ ၁၃:၀၀)** ဒေသတစ်လွှားစိတ်ဝင်စားဖွယ်ရာများ(အပိုင်း-၁၇)
- **ရှမ်း (၁၃:၀၀ မှ ၁၅:၀၀)** အလှပြာဝေကမ္ဘောဇဒွာနေ
- **ဝ (၁၅:၀၀ မှ ၁၇:၀၀)** ဆွေညီနောင်များဘာသာစကားဖြင့်ချစ်ကြည်စေမည် (အပိုင်း-၉)
- **ကချင် (၁၇:၀၀ မှ ၁၉:၀၀)** ကြက်ဆန်လှော်
- **ကယား (၁၉:၀၀ မှ ၂၁:၀၀)** စာဖတ်ခြင်း၏အကျိုးကျေးဇူး
- **စကောကရင် (၂၁:၀၀ မှ ၂၂:၀၀)** မိရိုးဖလာသဘာဝမျှစ်ခြောက်ပြုလုပ်နည်း
- **အနောက်ပိုးကရင် (၂၂:၀၀ မှ ၂၃:၀၀)** တောင်ပေါ်ကွမ်းအကြောင်း

**MRTV NEWS**

- ၀၆:၀၀ အဖွင့်၊ တေးသီချင်း
- ၀၆:၄၀ အားကစားသတင်း
- ၀၈:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၀၈:၄၅ "**ရသစုံစွာ ဤမြေကမ္ဘာ**"
- ၀၉:၀၀ ပြည်တွင်းသတင်း (LIVE)
- ၀၉:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၂:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၁၄:၀၀ MRTV National News
- ၁၆:၀၀ သတင်းမှန်ကဏ္ဍ (LIVE)
- ၁၉:၄၅ ကာတာကမ္ဘာဖလား (အပိုင်း-၁)
- ၂၁:၀၀ ပြည်တွင်းသတင်း (LIVE)

**MRTV PARLIAMENT**

- ၀၉:၀၀ အဖွင့်၊ အလံ
- ၀၉:၃၀ ဥပဒေရေးရာအပြာပြာဇာတ်လမ်းတို "**ကူးစက်ရောဂါပြန့်ပွားစေသည့်ပေါ့လျော့မှု**"
- ၁၀:၀၀ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ကြေညာချက်သတင်းများ
- ၁၀:၃၀ ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာဆွေးနွေးခန်း (အပိုင်း-၃)
- ၁၁:၀၀ ဒီမိုကရေစီဆိုသည်မှာ (အပိုင်း-၂)
- ၁၁:၃၀ အတွေးအမြင် (အပိုင်း-၃)

**MRTV FARMERS'**

- ၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
- ၀၆:၀၂ တောင်သူလယ်သမားရေးရာသတင်းနှင့် မိုးလေဝသသတင်း
- ၀၇:၀၀ ကျေးလက်ကွန်ရက်
- ၀၇:၁၅ ကျန်းမာသုခဝင်ငွေရတဲ့မိသားစုဘဝလေးတည်ထောင်စို့
- ၀၇:၄၅ တစ်ပိုင်တစ်နိုင်စိုက်ပျိုးခြင်းမှသည် နှစ်ရှည်ဝင်ငွေတိုးပွားမည်
- ၀၈:၂၀ ရွှေသာမြေမှုပဲတီစီး
- ၀၉:၀၀ "**မြသားလယ်ပြင်မျိုးသန့်နှင့်အလှဆင်**" (ဇာတ်လမ်းတို)

**MRTV SPORTS**

- ၀၆:၀၀ အဖွင့်
- ၀၆:၃၀ အခြေခံအားကစားနည်းစနစ်များ
- ၀၇:၀၀ Sports News
- ၀၇:၃၀ Soccer View/ Weekly Sports Info/ Sports Diary/ Weekly MNL Review
- ၀၇:၄၅ အားကစားလောကထဲက သူတို့အကြောင်း
- ၀၈:၀၀ ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ်ဘောလုံးပွဲစဉ်များ
- ၂၀:၀၀ ပြည်တွင်းသတင်း

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၃)နာရီ (၆)ကြိမ်နှုန်း (၂၄)နာရီ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

## တပ်မတော် တပ်ရင်း / တပ်ဖွဲ့အသီးသီးမှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား ရင်းရင်းနှီးနှီး တွေ့ဆုံ၊ ဂုဏ်ပြုစားပွဲ အတူတကွသုံးဆောင်

နေပြည်တော် အောက်တိုဘာ ၂၀

ရဲဘော်စိတ်ဟူသည် ရဲဘော်အချင်းချင်းအပေါ် ထားရှိသော မေတ္တာတရား၊ သံယောဇဉ်တရား၊ သစ္စာစောင့်သိမှုတရားပင်ဖြစ်သည်နှင့်အညီ တပ်မတော်တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် အရာရှိ၊ စစ်သည် အဆင့်အတန်းအားလုံး ရဲဘော်စိတ်အပြည့်ထားရှိပြီး အထက်အောက်ညီညွတ်မျှတသည့် အုပ်ချုပ်မှုစနစ်ရှိရန် လိုအပ်ကြောင်း တပ်မတော်အကြီးအကဲမှ လမ်းညွှန်မှာကြားထားသည်ဖြစ်ရာ အုပ်ချုပ်မှု ညီညွတ်မျှတစေရန်အတွက် ကွပ်ကဲအုပ်ချုပ်ရာ၌ တပ်မှူးကောင်းစိတ်ဓာတ် (Commander Spirit)၊ ဖခင်သဖွယ်စိတ်ဓာတ် (Fatherly Spirit) တို့ဖြင့် ကွပ်ကဲအုပ်ချုပ်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်နှင့် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်တို့မှ တိုင်းမှူးနှင့် တာဝန်ရှိသူများက သက်ဆိုင်ရာ ကွပ်ကဲမှုအောက်ရှိ တပ်ရင်း/တပ်ဖွဲ့များနှင့် နယ်မြေခံသင်တန်းကျောင်းများသို့ သွားရောက်၍ အရာရှိ၊ စစ်သည်၊ မိသားစုများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ပြီး ဂုဏ်ပြုစားပွဲများ ပြုလုပ်ပေး၍ တက်ရောက်အားပေးကာ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် အတူတကွ လက်ရည်တစ်ပြင်တည်း နေ့လယ်စာသုံးဆောင်ခဲ့ကြသည်။

အလားတူ တိုင်းစစ်ဌာနချုပ်များအလိုက် တပ်နယ်အသီးသီးမှ တပ်မတော်အရာရှိကြီးများကလည်း ၎င်းတို့၏ ကွပ်ကဲမှုများအလိုက် တပ်ရင်း/တပ်ဖွဲ့များနှင့် နယ်မြေခံသင်တန်းကျောင်းများမှ အရာရှိ၊ စစ်သည်၊ မိသားစုများကို ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ပြီး ဂုဏ်ပြုစားပွဲများပြုလုပ်၍ တက်ရောက်အားပေးကာ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့်အတူတကွ နေ့လယ်စာသုံးဆောင်ခဲ့ကြောင်း သိရသည်။



သတင်းစဉ်

## ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် အင်းစိန်ဗဟိုအကျဉ်းထောင်၌ ပေါက်ကွဲမှုဖြစ်ပွား၍ အကျဉ်းဦးစီးဌာနမှ ဝန်ထမ်းအချို့နှင့် အပြစ်မဲ့ အရပ်သားပြည်သူများ သေဆုံးထိခိုက်ဒဏ်ရာရရှိမှုနှင့်စပ်လျဉ်း၍ ပြည်ဖျက်မီဒီယာအချို့၏ မဟုတ်မမှန် စွပ်စွဲချက်များအပေါ် တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့မှ ဗိုလ်ကြီး ဒေါ်အေးသဉ္ဇာကျော်၏ ဖြေကြားချက်

နေပြည်တော် အောက်တိုဘာ ၂၀

**မေး။** အင်းစိန်ထောင်မှာ မိုင်းပေါက်ကွဲမှုဖြစ်စဉ်ဖြစ်ပွားခဲ့တယ်လို့သိရပါတယ်။ အခုလို မိုင်းပေါက်ကွဲမှုဖြစ်စဉ်ကြောင့် ဝန်ထမ်းအချို့ ဒဏ်ရာရ၊ သေဆုံးခဲ့တာတွေရှိခဲ့ပြီးတော့မှ အရပ်သားပြည်သူတချို့လည်း သေဆုံးခဲ့ရတယ်လို့လည်း သိခဲ့ရပါတယ်။ အဲဒီလို သေဆုံးခဲ့မှုအပေါ်မှာ တချို့မီဒီယာတွေက လုံခြုံရေးတပ်ဖွဲ့ဝင်တွေက ပစ်ခတ်လို့ ထောင်ဝင်စာလာတွေ့တဲ့ အရပ်သားပြည်သူတွေ သေပါတယ်ဆိုပြီးတော့ ဖော်ပြနေတာတွေကို တွေ့ရပါတယ်။ ဒါနဲ့ပတ်သက်ပြီးတော့ ဖြစ်စဉ်အမှန်ကို ဖြေကြားပေးစေလိုပါတယ်။

**ဖြေ။** ဟုတ်ကဲ့ပါ အောက်တိုဘာ ၁၉ ရက် နံနက် ၉ နာရီ မိနစ် ၄၀ လောက်မှာ အင်းစိန်ဗဟိုအကျဉ်းထောင်ရဲ့ ထောင်ဝင်စာလက်ခံတဲ့နေရာမှာ မိုင်းပေါက်ကွဲမှုဖြစ်စဉ် ဖြစ်ပွားခဲ့ပါတယ်။ ဒီဖြစ်စဉ်ကြောင့် ဝန်ထမ်းသုံးဦး ကလေးအပါအဝင် အရပ်သားပြည်သူ ငါးဦး သေဆုံးခဲ့ပါတယ်။ ဒဏ်ရာရတာကတော့ ဝန်ထမ်းငါးဦးနဲ့ အရပ်သားပြည်သူ ၁၃ ဦးပါ။ ဒီလိုဖြစ်ပွားခဲ့တာကို အမည်ပျက်စာရင်းကြေညာခံထားရတဲ့ မီဒီယာတချို့က မိုင်းပေါက်ကွဲမှုဖြစ်စဉ်အပြီးမှာ လုံခြုံရေးတပ်ဖွဲ့ဝင်တွေက ပစ်ခတ်လို့ပဲ ပြည်သူတွေသေဆုံးခဲ့ရတယ်ဆိုပြီး မဟုတ်မမှန် ထုတ်လွှင့်နေတာတွေ ရှိပါတယ်။ ဒါနဲ့ပတ်သက်ပြီးပြောရမယ်ဆိုရင် အခုသေဆုံးသွားတဲ့ ဝန်ထမ်းတွေ၊ ပြည်သူတွေရဲ့ ရင်ခွဲစစ်ဆေးချက်အဖြေက ဒါဟာ လက်နက်ငယ်ဝင်ဖောက်တဲ့ ဒဏ်ရာကြောင့် သေဆုံးခဲ့သူတစ်ဦး တစ်ယောက်မှ မရှိဘဲနဲ့ မိုင်းပေါက်ကွဲချိန်မှာ ဒီမိုင်းစတွေထိမှန်လို့ သေဆုံးခဲ့ခြင်းဖြစ်တယ်ဆိုတာပါပဲ။ ဒါက ပထမတစ်ချက်ပါ။ နောက်တစ်ခုက မီဒီယာ ဒီလက်ရှိ မိုင်းပေါက်ကွဲတဲ့နေရာနဲ့ လုံခြုံရေးတပ်ဖွဲ့ဝင်တွေ နေရာယူထားတဲ့နေရာ၊ ဒါဟာအကွာအဝေးအရဆိုရင် ဒီလိုပစ်ခတ်ဖို့ထိရောက်တဲ့အကွာအဝေးလည်း မဟုတ်သလို ဒါအတွင်းခန်းအဆောက်အအုံထဲမှာ မိုင်းပေါက်ကွဲမှုဖြစ်ပွားခဲ့တဲ့အတွက် ဒီလုံခြုံရေးတပ်ဖွဲ့ဝင်တွေ နေရာယူထားတဲ့နေရာကဆိုရင် ဒါကျည်မျက်ကွယ်တဲ့ နေရာမျိုးဖြစ်နေတာ။ ပစ်မယ်ဆိုရင်တောင် ဒီလိုထိခိုက်နိုင်တဲ့ အနေအထားမရှိတဲ့နေရာဖြစ်ပါတယ်။ ဒါဟာ ဒုတိယအချက်ပါ။ ဒီအချက် နှစ်ချက်အရ အခု သေဆုံးဒဏ်ရာရသူတွေရဲ့ ရင်ခွဲစစ်ဆေးချက်တွေ၊ နောက်ပြီးတော့ လုံခြုံရေးတပ်ဖွဲ့ဝင်တွေ ဖြန့်ခွဲတာဝန်ယူထားရတဲ့နေရာအနေအထားတွေကို ကြည့်မယ်ဆိုရင် ဒီနာမည်ပျက်စာရင်းသွင်းခံထားရတဲ့ မီဒီယာတွေ၊ ပြည်ဖျက် မီဒီယာတချို့ရဲ့ မဟုတ်မမှန်စွပ်စွဲချက်တွေသာဖြစ်ကြောင်း ပြောကြားလိုပါတယ်။ ■




## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် အောက်တိုဘာ ၂၀

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော် ဝါဒဖြန့်မှု များကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

### ဖမ်းဆီးထိန်းသိမ်း

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် ဈေးရပ်ကွက်နေ ဟန်လင်းနိုင်(ခ) ဖိုးသားသည် ၎င်းအသုံးပြုသည့် “Han Lin Naing” Facebook အကောင့်၊ ကျောက်တံတားမြို့နယ် အမှတ်(၁)ရပ်ကွက်နေ အောင်အောင်(ခ) မင်းဦးသည် ၎င်းအသုံးပြုသည့် “Min Oo” Facebook အကောင့်၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် မိုးကွဲကျေးရွာနေ ဇင်နှင်းအောင်သည် ၎င်းအသုံးပြုသည့် “Zin Hnin Aung” Facebook အကောင့်၊ ပေါင်းတည်မြို့ ဈေးရပ်ကွက်(၂)နေ စိုးဝင်းသည် ၎င်းအသုံးပြုသည့် “Soe Win” Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်

# ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်း

နေပြည်တော် အောက်တိုဘာ ၂၀

ပြည်ထဲရေးဝန်ကြီးဌာန၊ တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်း မိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်းလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်ရှိ အောင်စည်သာကျောင်းတိုက်၊ စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ်ရှိ ဇိနောဒယပရိယတ္တိစာသင်တိုက်၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိ ရိုးဂိုးကျောင်းဟောင်းကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ်ရှိ ဇေယျဝတီပရိယတ္တိစာသင်တိုက်၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်ရှိ ဥက္ကံသာရာမရွှေကျောင်းတိုက်နှင့် သာကေတမြို့နယ်ရှိ တိပိဋကာလင်္ကာရကျောင်းတိုက်တို့သို့ ဆွမ်းဆန်တော်များကိုလည်းကောင်း၊ မကွေးတိုင်းဒေသကြီး မကွေးမြို့နယ်ရှိ မဟာဓမ္မိကာရာမကျောင်းတိုက်၊ မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်ရှိ မဟာဝိဇယရံသီစလေကျောင်းတိုက်၊ အမရပူရမြို့နယ်ရှိ မကျည်းတောကျောင်းတိုက်နှင့် အောင်မြေသာစံမြို့နယ်ရှိ နေထွက်ဂူကျောင်းတိုက်၊ ရှမ်းပြည်နယ် တောင်ကြီးမြို့နယ်ရှိ ဓမ္မဝိဟာရကျောင်းတိုက်၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်ရှိ အောင်မြေဘုံသာ ကျောင်းတိုက်တို့သို့ ဆန်ကြာဆံများကိုလည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။



သတင်းစဉ်

# ကျောင်းသား ကျောင်းသူများ စာဖတ်ရှိန်မြင့်မားရေး နယ်လှည့်စာကြည့်တိုက် ဖွင့်လှစ်

မော်လမြိုင် အောက်တိုဘာ ၂၀

မွန်ပြည်နယ် မော်လမြိုင်မြို့နယ်၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပညာရေးဌာနတို့ပူးပေါင်း၍ သုခဝတီ အခြေခံပညာ အထက်တန်းကျောင်း၌ ကျောင်းသား ကျောင်းသူများ စာဖတ်ရှိန်မြင့်မားပြီး အသိပညာဗဟုသုတတိုးပွားစေရေးအတွက် အောက်တိုဘာ ၂၀ ရက် နံနက်ပိုင်းက နယ်လှည့်စာကြည့်တိုက် ဖွင့်လှစ်ပေးခြင်း၊ အသိပညာပေး နံရံကပ်စာစောင်များ ခင်းကျင်းပြသပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

နယ်လှည့်စာကြည့်တိုက်ဖွင့်လှစ်ရာတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ဝန်ထမ်းများက ကျောင်းသား ကျောင်းသူများ အားလပ်ချိန်ကို အကျိုးရှိစွာ အသုံးပြုကြရေး၊ ကျောင်းစာကို ကြိုးစားကြသလို ဗဟုသုတတိုးပွားရေးအတွက် ပြင်ပစာပေများကိုပါ လေ့လာဖတ်ရှုကြရေးတို့ကို ဒုတိယဦးစီးမှူး ဒေါ်အေးအေးမွန်က အသိပညာပေး ဆွေးနွေးဟောပြောပြီး ကျောင်းသား ကျောင်းသူများက ခင်းကျင်းထားသည့် စာအုပ်စာစောင်များကို စိတ်ကြိုက်ရွေးချယ် ဖတ်ရှုစေခဲ့သည်။

အဆိုပါ အသိပညာပေးလုပ်ငန်းတွင် ကျောင်းသား ကျောင်းသူများ ဖတ်ရှုလေ့လာနိုင်ရန် ကလေးကဗျာများ၊ ရုပ်ပြပုံပြင်များ စသည့် စာအုပ်စာပေများကို ခင်းကျင်းပြသခြင်း၊ လက်ဝယ်အရောက် ငှားရမ်းပေးခြင်းတို့အပြင် အသိပညာဗဟုသုတကြွယ်ဝဖို့ စာအုပ်စာစောင်ဖတ်ကြစို့ စသည့် အသိပညာပေး နံရံကပ်စာစောင်များကို ခင်းကျင်းပြသထားရာ ကျောင်းသား ကျောင်းသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာခဲ့ကြသည်။

ခရိုင်(ပြန်/ဆက်)

# ဗုဒ္ဓဘာသာယဉ်ကျေးမှု ဓမ္မစကြာဒေသနာ ရွတ်ဆိုပူဇော်ပြိုင်ပွဲ ကျင်းပ

ရန်ကုန် အောက်တိုဘာ ၂၀

ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး(အနောက်ပိုင်းခရိုင်)တွင် ကျောင်းသား ကျောင်းသူများ စာသင်ကြားသည့်အပြင် ယဉ်ကျေးမှုဓလေ့ထုံးစံများ၊ ကိုယ်ကျင့်သီလပိုမိုစောင့်ထိန်းလာနိုင်စေရန်နှင့် အများပြည်သူနှင့် ပြောဆိုဆက်ဆံရာတွင် ကိုယ်၊ နှုတ်၊ နှလုံး၊ ယဉ်ကျေးသိမ်မွေ့စေရန်အတွက်(သတ္တမ)အကြိမ်မြောက် ဓမ္မစကြာဒေသနာရွတ်ဆိုပူဇော်ပြိုင်ပွဲကို အောက်တိုဘာ ၁၉ ရက် နံနက် ၁၀ နာရီမှစတင်၍ လမ်းမတော်မြို့နယ် ရွှေတောင်တန်းလမ်းရှိ အနောက်ပိုင်းခရိုင် ပညာရေးမှူးရုံးဘုရားခန်းမ၌ ကျင်းပသည်။

အဆိုပါ ဓမ္မစကြာဒေသနာရွတ်ဆိုပူဇော်ပြိုင်ပွဲကို ခရိုင်အဆင့်ကျင်းပခြင်းဖြစ်ပြီး အမျိုးသား ငါးဖွဲ့၊ အမျိုးသမီး ခုနစ်ဖွဲ့ စုစုပေါင်း ၁၂ ဖွဲ့ဖြင့် တစ်ဖွဲ့လျှင် ၃၁ ဦးဖြင့် အောက်တိုဘာ ၂၀ ရက်နေ့အထိ ယှဉ်ပြိုင်ပူဇော်ကျင်းပမည်ဖြစ်သည်။

ထို့အပြင်တိုင်းဒေသကြီးအဆင့် ဗုဒ္ဓဘာသာယဉ်ကျေးမှုဓမ္မစကြာဒေသနာရွတ်ဆိုပူဇော်ပြိုင်ပွဲကို အောက်တိုဘာ ၂၆ ရက်မှ ၂၇ ရက်အထိ ဗဟန်းမြို့နယ် ရွှေတိဂုံစေတီတော် ပညာရေးဓမ္မာရုံ၌ ဆက်လက်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သိရသည်။

ကျော်ဆန်းမြင့်



# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၁-၁၀-၂၀၂၂ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၁၉၉၅ | ၂၀၄၀ | ၂၀၃၅ | ၂၀၀၅ | ၂၀၄၀ | ၂၀၆၀ | ၂၀၅၀ | ၂၀၂၅ | ၂၁၂၀ | ၂၁၃၅ | ၂၀၃၀ | ၂၀၄၀ | ၂၀၇၅ | ၂၀၇၅ | ၂၀၈၀ | ၂၃၀၀ | ၂၇၇၀ |
| 95 Ron | ၂၀၇၀ | ၂၁၁၅ | ၂၁၁၅ | ၂၀၇၅ | ၂၁၁၅ | ၂၁၃၅ | ၂၁၂၀ | ၂၁၀၀ | ၂၁၉၅ | ၂၂၁၀ | ၂၁၀၅ | ၂၁၂၅ | ၂၁၅၀ | ၂၁၅၀ | ၂၁၅၅ | ၂၃၇၀ | ၂၈၅၅ |
| HSD (500 ppm) | ၂၆၉၀ | ၂၇၄၅ | ၂၇၄၀ | ၂၇၀၀ | ၂၇၄၅ | ၂၇၆၀ | ၂၇၆၀ | ၂၇၃၀ | ၂၈၄၅ | ၂၈၄၀ | ၂၇၃၅ | ၂၇၄၅ | ၂၇၈၀ | ၂၇၈၀ | ၂၇၈၅ | ၃၀၀၀ | ၃၄၈၅ |
| HSD (50 ppm) | ၂၇၇၅ | ၂၈၂၀ | ၂၈၂၀ | ၂၇၈၀ | ၂၈၂၀ | ၂၈၄၀ | ၂၈၃၅ | ၂၈၀၅ | ၂၉၂၀ | ၂၉၁၅ | ၂၈၁၀ | ၂၈၂၅ | ၂၈၅၅ | ၂၈၅၅ | ၂၈၆၀ | ၃၀၇၅ | ၃၅၂၀ |
| HSD (10 ppm) | ၂၇၇၅ | ၂၈၂၀ | ၂၈၂၀ | ၂၇၈၀ | ၂၈၂၀ | ၂၈၄၀ | ၂၈၃၅ | ၂၈၀၅ | ၂၉၂၀ | ၂၉၁၅ | ၂၈၁၀ | ၂၈၂၅ | ၂၈၅၅ | ၂၈၅၅ | ၂၈၆၀ | ၃၀၇၅ | ၃၅၂၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၈၉၆ | ၁၉၆၈ |
| 95 Ron | ၁၉၆၉ | ၂၀၄၂ |
| HSD (500 ppm) | ၂၅၈၂ | ၂၆၆၃ |
| HSD (50 ppm) | ၂၆၅၃ | ၂၇၃၆ |
| HSD (10 ppm) | ၂၆၅၃ | ၂၇၃၆ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

# စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် စစ်ကိုင်းစက်မှုဇုန်အတွင်းရှိ စက်မှုလက်မှုလုပ်ငန်းရှင်များနှင့် တွေ့ဆုံ၊ ပရိဘောဂပစ္စည်းစက်ရုံအား ကြည့်ရှုအားပေး



မုံရွာ အောက်တိုဘာ ၂၀

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်သည် အောက်တိုဘာ ၁၉ ရက် မွန်းလွဲပိုင်းတွင် စစ်ကိုင်းမြို့ ပတ္တမြားရပ်ကွက်ရှိ စက်မှုဇုန်ရုံးအစည်းအဝေးခန်းမ၌ စစ်ကိုင်းစက်မှုဇုန် အတွင်းရှိ စက်မှုလက်မှုလုပ်ငန်းရှင်များနှင့် တွေ့ဆုံပွဲ အခမ်းအနားသို့ တက်ရောက်ခဲ့သည်။

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်က တိုင်းဒေသကြီးအတွင်းရှိ စက်မှုဇုန်များနှင့် စက်ရုံအလုပ်ရုံများ ပုံမှန်လည်ပတ်နေခြင်းကြောင့် ဒေသနှင့်တိုင်းဒေသကြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုနေမှု အခြေအနေများ၊ ဒေသခံအလုပ်သမားများနှင့် ကျွမ်းကျင်လုပ်သားများအတွက် အလုပ်အကိုင်အခွင့်အလမ်းဖန်တီးပေးနိုင်မှု၊ နည်းပညာမြင့်ပြည်တွင်းထုတ်ကုန်များကို ဈေးနှုန်းသက်သာစွာဖြင့် ပြည်သူများအသုံးပြုနိုင်ခြင်းကြောင့် ပြည်ပသွင်းကုန်တင်သွင်းမှုကို လျှော့ချကာ နိုင်ငံခြားငွေလျှော့နည်းသုံးစွဲနိုင်မှု အခြေအနေ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ကုန်ချောထုတ်လုပ်ကာ အဆင့်မြင့်ထုတ်ကုန်များ ထုတ်လုပ်သည့် လုပ်ငန်းရှင်များအား အားပေးကာ အခက်အခဲများကို ဝိုင်းဝန်းကူညီဖြည့်ဆည်းဆောင်ရွက်ပေးနေမှု အခြေအနေများအား ရှင်းလင်းပြောကြားပြီး စစ်ကိုင်းစက်မှုဇုန်ဥက္ကဋ္ဌ ဦးကိုကိုမြင့်က စက်မှုဇုန်အတွင်းရှိ စက်ရုံများ လည်ပတ်လုပ်ကိုင်နေမှုအခြေအနေများအား ရှင်းလင်းတင်ပြကာ စစ်ကိုင်းစက်မှုဇုန်အတွင်း စက်မှုလက်မှုလုပ်ငန်းများ လုပ်ကိုင်နေကြသော လုပ်ငန်းရှင်များက တစ်ဦးချင်း ရင်းရင်းနှီးနှီး မိတ်ဆက်ကြပြီး မိမိတို့လုပ်ကိုင်ဆောင်ရွက်နေကြသော လုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ဆက်လက်ပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များနှင့် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများက မိမိတို့တာဝန်ယူဆောင်ရွက်နေသော ဌာနလုပ်ငန်းများနှင့်ပတ်သက်၍ လက်တွဲပူးပေါင်းဆောင်ရွက်ကာ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးမည့် အခြေအနေများအား ရှင်းလင်းပြောကြားကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်လာသူများ၏ ဆွေးနွေးချက်များအပေါ် ထုတ်ကုန်ပစ္စည်းများ အဆင့်အတန်းမီ အရည်အသွေးကောင်းမွန်ရေး၊ စက်မှုဇုန်အတွင်းရှိ လမ်းများကောင်းမွန်ရေး၊ လျှပ်စစ်မီးပြည့်မီစွာရရှိရေး၊ သောက်သုံးရေ လုံလောက်စွာရရှိစေရေး၊ ကုန်ကြမ်းရရှိမှုနှင့် ထုတ်လုပ်ပြီးကုန်ချောများ တင်ပို့ရောင်းချနေမှု အခြေအနေများကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးပြီး နိဂုံးချုပ်စကား ပြောကြားခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် စစ်ကိုင်းစက်မှုဇုန်ရှိ ပရိဘောဂ အချောထည်စက်ရုံသို့ရောက်ရှိရာ ထိုင်ခုံအမျိုးမျိုးနှင့် ပရိဘောဂပစ္စည်းအမျိုးမျိုး ထုတ်လုပ်နေမှု၊ အရည်အသွေးပြည့်မီအောင်ထုတ်လုပ်ပြီး ထုတ်လုပ်ပြီး ကုန်ချောများအား ထုပ်ပိုးကာ ဈေးကွက်အတွင်းသို့ တင်ပို့ရောင်းချရန် ပြင်ဆင်ထားရှိမှု အခြေအနေများကို လိုက်လံကြည့်ရှုအားပေးပြီး ထုတ်ကုန်ပစ္စည်းများ အရည်အသွေးကောင်းမွန်စေရေး၊ ဈေးနှုန်းသင့်တင့်စွာဖြင့် ပြည်သူများ အရည်အသွေးပြည့်မီစွာဖြင့် သုံးစွဲနိုင်ရေး၊ ကျန်းမာရေးနှင့် လုံခြုံရေး သတိပြုဆောင်ရွက်ရေး၊ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေးနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့က အားပေးကူညီမည့် အခြေအနေများကို စက်ရုံတာဝန်ရှိသူများအား ရှင်းလင်းမှာကြားခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# တရုတ်ကြက်သွန်နီများ ဝင်ရောက်နေသော်လည်း မြန်မာကြက်သွန်နီများ ဈေးကျဆင်းမှုမရှိဘဲ အရောင်းသွက်နေ



**မန္တလေး အောက်တိုဘာ ၂၀**

ယခုရက်ပိုင်းအတွင်း မန္တလေး ဈေးကွက်အတွင်းသို့ တရုတ်နိုင်ငံမှ ထွက်ရှိသည့် ကြက်သွန်နီများ လှိုင်လှိုင် ဝင်ရောက်နေသော်လည်း မြန်မာကြက်သွန်နီများ ဈေးနှုန်းကျဆင်းမှုမရှိဘဲ အရောင်းသွက်နေကြောင်း မန္တလေးမြို့ ကြက်သွန်ကုန်သည်များထံမှ သိရသည်။

တရုတ်နိုင်ငံမှထွက်ရှိသည့် ကြက်သွန်နီများသည် မန္တလေးဈေးကွက် အတွင်းသို့ သုံးမျိုးသုံးစားဖြင့် လှိုင်လှိုင် ဝင်ရောက်လာကြောင်း၊ ဝင်ရောက်လာရာတွင် ကြက်သွန်နီအပြား၊ ကြက်သွန်နီအလုံး၊ ကြက်သွန်နီအညိုဟူ၍ ဝင်ရောက်နေပြီး ဈေးနှုန်းများမှာလည်း တစ်ပိဿာလျှင် ငွေကျပ် ၁၀၀၀ မှ ၁၇၀၀ ဈေးထိရှိပြီး မြန်မာကြက်သွန်နီ ဈေးနှုန်းများမှာ တစ်ပိဿာလျှင် ငွေကျပ် ၃၇၀၀ မှ ၄၀၀၀ ဈေးထိ ရှိနေသော်လည်း တရုတ်ကြက်သွန်နီများ ဝင်ရောက်မှုရှိနေခြင်းကြောင့် ဈေးနှုန်းကျဆင်းမှုမရှိဘဲ အရောင်းအဝယ်များ သွက်နေကြောင်း မန္တလေးမြို့မှ စိုးဝင်းမြင့်ပွဲရုံပိုင်ရှင် ဦးစိုးဝင်းမြင့်က ပြောသည်။

"မန္တလေးဈေးကွက်ထဲကို အခု အောက်တိုဘာလဆန်းကစပြီး တရုတ်ကြက်သွန်နီတွေ လှိုင်လှိုင်ဝင်ရောက်နေပါတယ်။ ခုလိုမျိုး လှိုင်လှိုင်ဝင်ရောက်ပေမယ့်လည်း မြန်မာကြက်သွန်နီတွေ ဈေးကျဆင်းမှုမရှိပါဘူး။ တရုတ်နိုင်ငံက ဝင်ရောက်လာတဲ့ ကြက်သွန်နီဈေးနှုန်းက မြန်မာကြက်သွန်နီဈေးနှုန်းနဲ့ ကွာခြားနေပေမယ့် မြန်မာကြက်သွန်နီက တရုတ်ကြက်သွန်နီထက်စာရင် အရသာကောင်းပြီးအာဟာရလည်းပြည့်ဝပါတယ်။ အနှစ်လည်းရရှိတဲ့အတွက် မြန်မာကြက်သွန်နီကို စားသုံးသူများက အားထားပြီး ဝယ်ယူစားသုံးကြပါတယ်။ ခုချိန်မှာ ဈေးကွက်ထဲမှာ မြန်မာကြက်သွန်နီတွေ လက်ကျန်နည်းပါးနေပါတယ်။ ကြက်သွန်ဈေးက ကျဆင်းသွားစရာမရှိပါဘူး။ ဘင်္ဂလားဒေ့ရှ်နိုင်ငံကိုလည်း တင်ပို့နေရတာကြောင့် လက်ကျန်နည်းသွားတာပါ။ လက်ရှိအချိန်မှာ မြန်မာကြက်သွန်နီတွေ ဈေးကောင်းရရှိနေပါတယ်" ဟု ၎င်းက ပြောသည်။

မန္တလေးဈေးကွက်အတွင်းသို့ ယခုရက်ပိုင်းအတွင်း မုံရွာ၊ ပခုက္ကူ၊ မြင်းခြံ၊ တောင်သာ၊ မြစ်သားစသည့် ဒေသများမှထွက်ရှိလာသည့် ကြက်သွန်နီများ ဝင်ရောက်လာကြောင်း၊ ထိုသို့ဝင်ရောက်ရာတွင် ယခင်လများနှင့် နှိုင်းယှဉ်ပါက အဝင်နည်းသွားကြောင်း၊ တရုတ်ကြက်သွန်နီများ ဝင်ရောက်နေသော်လည်း ပြည်တွင်းမှထွက်ရှိသည့် မြန်မာကြက်သွန်နီဈေးနှုန်းမှာ ကျဆင်းသွားခြင်းမရှိဘဲ အရောင်းအဝယ်များ သွက်လျက်ရှိကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

❖

# အောက်တိုဘာလ တတိယ ၁၀ ရက်ပတ်အတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် လေဖိအားနည်းရပ်ဝန်း တစ်ကြိမ် ဖြစ်ပေါ်နိုင်သည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်သည်။

**မိုးအခြေအနေနှင့် မိုးရွာရက်**

မိုးရွာသွန်းမှုအခြေအနေမှာ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်း)၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် ရွာသွန်းမြဲအောက် လျော့နည်းနိုင်ကာ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း)၊ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ခြောက်ရက်မှ ရှစ်ရက်ခန့်နှင့် နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် သုံးရက်မှ ငါးရက်ခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**မြစ်ရေအခြေအနေ**

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ရွှေကူမြို့၊ ကသာမြို့နှင့် သပိတ်ကျင်းမြို့တို့တွင် ပေဝက်မှ နှစ်ပေခန့်၊ ဆိပ်သာမြို့၊ ဟသ်ာတမြို့နှင့် ဇလွန်မြို့တို့တွင် ပေဝက်မှ တစ်ပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်ပြီး မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ မြင်းမူမြို့၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့နှင့် ပြည်မြို့တို့တွင် တစ်ပေမှ နှစ်ပေခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ ဖောင်းပြင်မြို့၊ မော်လိုက်မြို့၊ ကလေးဝမြို့၊ မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင် ပေဝက်မှ သုံးပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်။

မြစ်သာမြစ်ရေသည် ကလေးမြို့တွင် သုံးပေခန့်၊ ဒုဋ္ဌဝတီမြစ်ရေသည် သီပေါမြို့၊ ရွှေစာရံနှင့် မြစ်ငယ်မြို့တို့တွင် ပေဝက်ခန့်စီ၊ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့နှင့် မဒေါက်မြို့တို့တွင် ပေဝက်ခန့်စီ၊ ပဲခူးမြစ်ရေသည် ဇောင်းတူမြို့နှင့် ပဲခူးမြို့တို့တွင် တစ်ပေမှ နှစ်ပေခန့်၊ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့၊ သာပေါင်းမြို့နှင့် ပုသိမ်မြို့တို့တွင် ပေဝက်မှ တစ်ပေခန့်၊ တိုးမြစ်ရေသည် မအူပင်မြို့တွင် တစ်ပေခန့်၊ ကုလားတန်မြစ်ရေသည် ပလက်ဝမြို့နှင့် ကျောက်တော်မြို့တို့တွင် ပေဝက်မှ နှစ်ပေခွဲခန့်နှင့် လေးမြို့ မြစ်ရေသည် မြောက်ဦးမြို့တွင် ပေဝက်ခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်ပြီး ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် ပေဝက်ခန့်၊ သံလွင်မြစ်ရေသည် ဖားဆောင်းမြို့နှင့် ဘားအံမြို့တို့တွင် ပေဝက်မှ တစ်ပေခန့်၊ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် တစ်ပေခန့်နှင့် ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် တစ်ပေခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

**မိုး/ဇလ**

# မြေအောက်ရေဖြင့် စိုက်ပျိုးရေပေးဝေကာ တောင်သူစီးပွား တိုးပွားစေမည်

**ရွှေယွန်း**



ရှောက်ကုန်းကျေးရွာအုပ်စု ပုဏ္ဏမာစက်ရေတွင်း Solar တပ်ဆင်၍ စိုက်ပျိုးရေပေးဝေမှုကို တွေ့ရစဉ်။

ရေပေးမြောင်း၏ တစ်ဖက်တစ်ချက်ရှိ လယ်ယာစိုက်ပျိုးခင်းများအတွင်း စိုက်ခင်း လုပ်ငန်းဆောင်တာများဖြင့် သက်ဝင်လှုပ်ရှားနေသည်။ စိုက်ခင်းများတွင် ရာသီပတ်လုံး စိုက်ပျိုးနိုင်အောင် စိုက်ပျိုးရေရရှိနေသဖြင့် တပ်ကုန်းမြို့နယ် စိုက်ပျိုးတောင်သူများ၏ လယ်ယာလုပ်ငန်းခွင်သည် စိုက်ပျိုးသီးနှံအထွက်တိုးအောင် ကြိုးပမ်းအားထုတ်ရင်းဖြင့် နွေ၊ မိုး၊ ဆောင်း လည်ပတ်နေသည်။

**ဆင်သေဆည်မှ အဓိကဖြန့်ဝေ**

တပ်ကုန်းမြို့နယ်အတွင်းရှိ ကျေးရွာများသည် စိုက်ပျိုးရေးကို အဓိကအားထားလုပ်ဆောင်ကြပြီး စိုက်ပျိုးမြေများအတွက် စိုက်ပျိုးရေကို ဆင်သေဆည်မှ အဓိကဖြန့်ဝေပေးလျက်ရှိသည်။ ထိုသို့တောင်သူများ၏ စိုက်ပျိုးမြေများထံ အကျိုးပြုဆည်ရေပေးဝေလျက်ရှိရာ ရာသီဥတုပြောင်းလဲမှု ဖြစ်စဉ်များကြောင့် မိုးရွာသွန်းမှုနည်း၍ မိုးရေချိန်လျော့နည်းပြီး ဆည်ရေအဝင်နည်းသည့်နှစ်များတွင် ရေပေးမြောင်းအဖျားပိုင်းရှိ ဆည်ရေသောက် ကေများအတွက် စိုက်ပျိုးရေ လုံလောက်ရန် လိုအပ်ပေသည်။

ထိုအခြေအနေကို ကျော်လွှားသွားနိုင်ရန် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနသည် သဘာဝပတ်ဝန်းကျင်နှင့် ရေအရင်းအမြစ်ကို ထိခိုက်မှုမရှိစေဘဲ မြေအောက်ရေဖော်ထုတ်သုံးစွဲခြင်းဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးအတွက် ရေရရှိရေးကို ကြိုးပမ်းဖော်ဆောင်လာရသည်။

"မြေအောက်ရေနဲ့ စိုက်ပျိုးရေပေးဝေနိုင်ဖို့အတွက်ဆိုရင် အဓိကသဘာဝပတ်ဝန်းကျင်နဲ့ ရေအရင်းအမြစ်ကိုလည်း ထိခိုက်မှုမရှိစေဖို့ အရင်ဆုံးလေ့လာဆန်းစစ်မှုတွေ လုပ်ရပါတယ်။ ကျွန်တော်တို့ဌာနအနေနဲ့ မြောင်းဖျားပိုင်းကျေးရွာတွေ စိုက်ပျိုးရေပေးနိုင်ဖို့ ဒီဒေသမှာ မြေအောက်ရေ စဉ်ဆက်မပြတ်ဖြည့်ဆည်းမှု (Ground Water Recharge)အားကောင်းမှ ဆောင်ရွက်လို့ရတာပါ။ ပြီးတော့ ရေအရည်အသွေးကောင်းမွန်ဖို့လည်း အရေးကြီးပါတယ်။ တပ်ကုန်းမြို့နယ်ဟာ အရှေ့ဘက်ကုန်းမြင့်ဒေသက စီးဆင်းလာတဲ့ မြစ်ချောင်းအရင်းအမြစ်တွေ ကောင်းတယ်။ မြေအောက်ရေဖြည့်ဆည်းမှုအားကောင်းတဲ့အတွက် တောင်သူတွေအတွက် ဖော်ဆောင်ပေးခွင့်ရတာပါ။ ရှောက်ကုန်း၊ ကျားသေအိုင်၊ နွယ်ရစ်ကျေးရွာအုပ်စုသုံးစု ပတ်ဝန်းကျင်မှာ ဘာသာရပ်ဆိုင်ရာ ခန့်မှန်းတွက်ချက်မှုအရ အခုကျွန်တော်တို့အနေနဲ့ ဒီလိုမြေအောက်ရေရှိနေတဲ့ မြေအောက်ရေအရင်းအမြစ်ကို ရယူသုံးစွဲရာမှာ ၂၂ ရာခိုင်နှုန်းပဲရှိပါတယ်။ ဒါကတော့ မြေအောက်ရေ ထုတ်ယူအသုံးပြုနိုင်မှု (Ground Water Discharge) ရာခိုင်နှုန်းပါ။ ဒီဒေသဟာ Ground Water Recharge ရာခိုင်နှုန်းပြည့် ဖြည့်ဆည်းမှု ရရှိတဲ့ဒေသဖြစ်ပါတယ်"ဟု ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးက ပြောကြားသည်။

**စမ်းသပ်တိုင်းတာဆောင်ရွက်**

တပ်ကုန်းမြို့နယ်တွင် တူးဖော်ပြီး စက်ရေတွင်းများကို ရေအောင်းလွှာ ဂုဏ်သတ္တိများဖြစ်သည့် ရေအောင်းလွှာအတွင်း မြေအောက်ရေစီးဆင်းမှု (Hydraulic Conductivity)၊ ရေအောင်းလွှာ၏ ရေထုတ်နိုင်စွမ်း (Transmissiti-vity)၊ စက်ရေတွင်းမှ ရေထုတ်ယူမှုကြောင့် ရေအောင်းလွှာနိမ့်ကျမှု အကျိုးသက်ရောက်သည့် ဧရိယာ (Cone of Depression) တို့ကို လေ့လာစမ်းသပ်တိုင်းတာ ဆောင်ရွက်ခဲ့ပြီးဖြစ်သည်။

ထိုသို့ စမ်းသပ်တိုင်းတာဆောင်ရွက်မှုများအရ ရေအောင်းလွှာအတွင်း မြေအောက်ရေစီးဆင်းမှု (Hydraulic Conductivity) တန်ဖိုး ၁၄၆ ဒသမ ၈၁ ft/day ဖြစ်၍ ရေပြန်လည်ဖြည့်တင်းနိုင်မှုမြန်ဆန်ကြောင်း၊ ရေအောင်းလွှာ၏ ရေထုတ်ပေးနိုင်စွမ်းပမာဏမှာ ၇၀၁၅၈ gal/ ft/ day ဖြစ်ကြောင်း လေ့လာတွေ့ရှိရသည်။ စက်ရေတွင်းတူးဖော်မှုမှတ်တမ်းများအရ ရေအောင်းလွှာ၏အထူမှာ ၃၈ ပေခန့် ထူကြောင်းသိရှိရသည်။ လက်ရှိတွင်းတူးဖော်ပြီး ၁၀ လက်မ စက်ရေတွင်းတစ်တွင်းမှ တစ်နာရီ ရေဂါလန် ၂၂၀၀၀ ထုတ်ယူအသုံးပြုနိုင်ကြောင်း ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။

ရေလွှာနိမ့်ကျမှု အကျိုးသက်ရောက်မည့် ဧရိယာတန်ဖိုး မီတာ ၁၅၀ ဖြစ်ပြီး ပေ ၅၀၀ ခန့်ရှိ၍ စက်ရေတွင်းများ တည်နေရာသတ်မှတ်ရာမှာ တစ်တွင်းနှင့်တစ်တွင်း အကွာအဝေး အနည်းဆုံး ပေ ၁၀၀၀ ခန့်ရှိသင့်သည်ကိုလည်း စမ်းသပ်တိုင်းတာ ဆောင်ရွက်မှုများအရ သိရှိရသည်။

**၂၂ ဒသမ ၁၈ ရာခိုင်နှုန်းသာထုတ်ယူ**

ထို့အပြင် စက်ရေတွင်း တူးဖော်ဆောင်ရွက်သည့် စီမံကိန်းဧရိယာအတွင်း နှစ်စဉ်ရွာသွန်းသော မိုးရေချိန်အပေါ်မူတည်၍ မြေအောက်ရေအောင်းလွှာအတွင်း ရေပြန်လည်ဖြည့်တင်းမှု (Rainfall Recharge) ပမာဏ ဧကပေ ၂၄၄၂၀ ခန့်ရှိပြီး ရေသွင်းစိုက်ပျိုးသည့် စိုက်ကွင်းများမှ မြေအောက် ရေအောင်းလွှာအတွင်း ပြန်လည်စိမ့်ဝင်သည့် Irrigation Return Flow သည် ဧကပေ ၁၀၅၀၀ ခန့်ရှိသဖြင့် စုစုပေါင်းနှစ်စဉ် ရေအောင်းလွှာအတွင်း ပြန်လည်ဖြည့်တင်းနိုင်မှုပမာဏ ဧကပေ ၃၄၉၂၀ ခန့်ရှိသည်။ လက်ရှိတွင် စိုက်ပျိုးရေနှင့်သောက်သုံးရေအတွက် ဧကပေ ၇၇၅၀ ခန့်သာ ထုတ်ယူသုံးစွဲမှုရှိကြောင်း ခန့်မှန်းတွက်ချက်ရရှိသဖြင့် မြေအောက်ရေအရင်းအမြစ် (Ground Water Potential) ၏ ၂၂ ဒသမ ၁၈ ရာခိုင်နှုန်းသာ ထုတ်ယူသုံးစွဲမှုရှိသည်။

သို့အတွက် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနသည် မြေအောက်ရေ အလားအလာကောင်းမွန်သည့်နေရာများတွင် စိုက်ပျိုးရေ စက်ရေတွင်းများတူးဖော်ပေး၍ မြေအောက်ရေဖြင့် စိုက်ပျိုးရေးကို အကျိုးပြုထောက်ပံ့ပေးလျက်ရှိသည်။ ဆင်သေဆည်ရေသောက်စနစ်၏ မြောင်းဖျားပိုင်းရှိ ရှောက်ကုန်းကျေးရွာအုပ်စု၊ ကျားသေအိုင်ကျေးရွာအုပ်စုနှင့် နွယ်ရစ်ကျေးရွာအုပ်စုတို့ရှိ စိုက်ကေများအတွက် သဘာဝပတ်ဝန်းကျင်နှင့် ရေအရင်းအမြစ်ကို ထိခိုက်မှုမရှိစေဘဲ မြေအောက်ရေဖော်ထုတ်ကာ စိုက်ပျိုးရေပေးဝေနိုင်ရန် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

တပ်ကုန်းမြို့နယ် ရှောက်ကုန်းကျေးရွာအုပ်စု၊ ကျားသေအိုင်ကျေးရွာအုပ်စုနှင့် နွယ်ရစ်ကျေးရွာအုပ်စုတို့တွင် ၁၀ လက်မတွင်းအရွယ် စိုက်ပျိုးရေစက်ရေတွင်း ၂၅ တွင်းကို တူးဖော်နိုင်ခဲ့ပြီး လျှပ်စစ်ဖြင့် စိုက်ပျိုးရေပေးဝေရေးလုပ်ငန်းများကို ဆောင်ရွက်နေပြီဖြစ်သည်။ ထိုကဲ့သို့ စိုက်ပျိုးရေစက်ရေတွင်းများ ဖော်ဆောင်နိုင်ခဲ့သည့်အတွက် လက်ရှိတွင် စိုက်ပျိုးမြေဧက ၇၅၀ ကို ဖြည့်စွက်ရေလုံလောက်စွာ ပေးဝေနိုင်ပြီဖြစ်သည်။

စာမျက်နှာ ၁၉ သို့ ☆



နွယ်ရစ်ကျေးရွာအုပ်စု နွယ်ရစ်ကျေးရွာ စက်ရေတွင်းမှ ဆောင်းသီးနှံများစိုက်ပျိုးထားမှုကို တွေ့ရစဉ်။

**"မြေအောက်ရေ အလားအလာကောင်းမွန်သည့်နေရာများတွင် စိုက်ပျိုးရေ စက်ရေတွင်းများတူးဖော်ပေး၍ မြေအောက်ရေဖြင့် စိုက်ပျိုးရေးကို အကျိုးပြုထောက်ပံ့ပေးလျက်ရှိသည်။ ဆင်သေဆည်ရေသောက်စနစ်၏ မြောင်းဖျားပိုင်းရှိ ရှောက်ကုန်းကျေးရွာအုပ်စု၊ ကျားသေအိုင်ကျေးရွာအုပ်စုနှင့် နွယ်ရစ်ကျေးရွာအုပ်စုတို့ရှိ စိုက်ကေများအတွက် သဘာဝပတ်ဝန်းကျင်နှင့် ရေအရင်းအမြစ်ကို ထိခိုက်မှုမရှိစေဘဲ မြေအောက်ရေဖော်ထုတ်ကာ စိုက်ပျိုးရေပေးဝေနိုင်ရန် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနက ကြိုးပမ်းဆောင်ရွက်"**

❖ ပွင့်လင်းရာသီမှ

ခရီးသွားလုပ်ငန်းများ ကိုဗစ်-၁၉ကပ်ရောဂါကြောင့် ရပ်နားထားခဲ့ရာမှ ပြန်လည်အသက်ဝင်မှုဖြင့် ခရီးသွားလုပ်ငန်းမှ ဝင်ငွေရရှိလျက်ရှိရာ မြန်မာနိုင်ငံတွင်လည်း မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်၏ အသည်းနှလုံးဟုတင်စားထားသော ပုဂံယဉ်ကျေးမှုဒေသ၏အလှကို မိုးပျံပူဖောင်းစီးနင်း၍ ကြည့်ရှုခံစားနိုင်ရန် မကြာမီဝင်ရောက်တော့မည့် ပွင့်လင်းခရီးသွားရာသီအတွက် ပုဂံဒေသရှိ မိုးပျံပူဖောင်းကုမ္ပဏီအချို့က သီတင်းကျွတ်လပြည့်နေ့မှစတင်ကာ ခရီးသွားဝန်ဆောင်မှုကို စတင်ခဲ့ခြင်းဖြစ်သည်။

**ရပ်နားထားခဲ့**

၂၀၂၁ ခုနှစ် ခရီးသွားရာသီတွင် ကမ္ဘာ့ကပ်ရောဂါကြောင့် ပုဂံတွင် မိုးပျံပူဖောင်းစီး၍လေ့လာသော ခရီးသွားလုပ်ငန်းများ ရပ်နားထားခဲ့ပြီး ယခုနှစ်တွင် နိုင်ငံတော်က ပြည်တွင်းခရီးသွားများ စိတ်လက်ပေါ့ပါးပျော်ရွှင်စွာ ခရီးသွားလာနိုင်ရန် လေကြောင်းလိုင်းများနှင့်အတူ ခရီးသွားလုပ်ငန်းများကို ပြန်လည်ဖွင့်လှစ်ခဲ့ရာ ဘုရား၊ စေတီ၊ ပင်လယ်ကမ်းခြေနှင့်အပန်းဖြေစခန်းများသို့ ပြည်သူများ စိတ်အေးချမ်းစွာ သွားလာနိုင်ခဲ့ပြီး နိုဝင်ဘာလမှ ဧပြီလအထိ ခရီးသွားရာသီ၌ ပြည်တွင်း/ ပြည်ပခရီးသွားများ စည်ကားသောနှစ်တစ်နှစ်အဖြစ် ဌာနဆိုင်ရာများနှင့် ခရီးသွားလုပ်ငန်းများက ကြိုးပမ်းဆောင်ရွက်ထားခြင်းဖြစ်သည်။

သီတင်းကျွတ်လပြည့် ရုံးပိတ်ရက်ကာလတွင် ပုဂံဒေသသို့ ယမန်နှစ်ထက် ခရီးသွားထက်ဝက်ကျော်ဝင်ရောက်ခဲ့ပြီး ပြည်ပခရီးသွားများကို အဓိကအားပြုလုပ်ကိုင်ရသည့် မိုးပျံပူဖောင်းဝန်ဆောင်မှု လုပ်ငန်းများ ပြန်လည်အသက်ဝင်လာလျက်ရှိကာ ပုဂံဒေသသို့ ပြည်တွင်း/ပြည်ပခရီးသွားများ စိတ်အေးချမ်းစွာအပန်းဖြေလေ့လာနိုင်ရန် မိုးပျံပူဖောင်းကုမ္ပဏီအချို့က ဝန်ဆောင်မှုပေးခဲ့ပြီး ပွင့်လင်းခရီးသွားရာသီအတွက် ကြိုတင်ပြင်ဆင်မှုတစ်ရပ်အနေဖြင့် ပြည်တွင်းခရီးသွားများကို အပန်းဖြေလေ့လာနိုင်သော ခရီးသွားလုပ်ငန်းဖြင့် ပြန်လည်မိတ်ဆက်ခဲ့ခြင်းဖြစ်သည်။

**ဝန်ဆောင်မှုပေး**

"ခရီးသွားပွင့်လင်းရာသီ မစမီမှာ ပြည်တွင်းခရီးသွားနဲ့ ခရီးသွားရာသီကို စတင်ခဲ့တယ်လို့ဆိုရမှာပါ။ ကိုဗစ်-၁၉ ရောဂါကြောင့် နိုင်ငံခြားခရီးသွားဝင်ရောက်မှု လျော့ကျခဲ့တယ်။ ဒီနှစ်ခရီးသွားရာသီမှာ ကိုဗစ်-၁၉ရောဂါကျဆင်းမှုကြောင့် ခရီးသွားတွေ ဝင်ရောက်ရာမှာ ပြည့်ပြည့်ဝဝ ဝန်ဆောင်မှုပေးနိုင်အောင် ကြိုတင်ပြင်ဆင်တဲ့အနေနဲ့ ပြည်တွင်းခရီးသွားတွေကို မိုးပျံပူဖောင်းစီးနင်းပြီး ပုဂံအလှကို ကြည့်ရှုနိုင်အောင်ဝန်ဆောင်မှုပေးခဲ့ပါတယ်။ ပြည်တွင်းခရီးသွားတစ်ဦးကိုအမေရိကန်ဒေါ်လာ ၂၀၀ နဲ့ဈေးနှုန်းလျှော့ပြီး Hot Air Balloon စီးနိုင်အောင်ဝန်ဆောင်မှုပေးခဲ့ပါတယ်။ ပုံမှန်ဆိုရင်နိုင်ငံခြားသားတစ်ဦးကို အမေရိကန်ဒေါ်လာ ၃၂၀ နဲ့ ၄၂၀ ဆိုပြီး Class နှစ်ခုကို ရောင်းပေးပါတယ်။ ဒီနှစ်မှာရိုးရိုး Class ပဲပျံသန်းပြီး ၁၆ ဦးစီးနင်းရာမှာ တစ်ဦးကို အမေရိကန်ဒေါ်လာ ၂၀၀ နဲ့ ပြည်တွင်းခရီးသွားတွေစီးနိုင်အောင် ဝန်ဆောင်မှုပေးခဲ့တယ်။ အောက်တိုဘာ ၁၇ ရက်ကစပြီး ၁၉ ရက်အထိ တစ်ဦးကိုအမေရိကန်ဒေါ်လာ ၁၄၀၊ တစ်ဒေါ်လာကို မြန်မာငွေကျပ် ၂၁၀၀ နဲ့ အွန်လိုင်းပရိုမိုးရှင်းလုပ်ပေးခဲ့ပါတယ်။ သီတင်းကျွတ်လပြည့်နေ့က စပြီးပျံသန်းခဲ့တာပါ။ ပွင့်လင်းခရီးသွားရာသီအတွက် ကြိုတင်ပြင်ဆင်မှုအနေနဲ့ ပုဂံဒေသကို နိုင်ငံခြားခရီးသွားတဖွဲဖွဲဝင်ရောက်လာ မယ်ဆိုတဲ့မျှော်မှန်းချက်နဲ့ ပြင်ဆင်ထားတာပါ" ဟု Bagan Sale Office မှ ဦးဝင်းဇော်ဦးက ပြောသည်။

နိုင်ငံခြားခရီးသွားများ မိုးပျံပူဖောင်းစီး၍ ပုဂံအလှကိုကြည့်ရှုရာတွင် မိုးပျံပူဖောင်းကုမ္ပဏီများက ဟိုတယ်သို့သွားရောက်ကြိုဆိုပြီး မိုးပျံပူဖောင်းမတက်မီ လက်ဖက်ရည်၊ ကော်ဖီ၊ ကွတ်ကီးမုန့်ဖြင့်ဧည့်ခံကာ လေထဲတွင် ၄၅ မိနစ်မှ တစ်နာရီအထိ လေကြောင်းပေါ်မှုတည်၍ ပုဂံအလှကိုကြည့်ရှုခံစားပြီးနောက် ပြန်ဆင်းလာပါက အအေး၊ ဝိုင်၊ ငှက်ပျောသီးကိတ်နှင့် အခြားကိတ်မုန့်များဖြင့် ဝန်ဆောင်မှုပေး၍ဟိုတယ်သို့ပြန်လည်ပို့ဆောင်ပေးလျက်ရှိသည်။ မိုးပျံပူဖောင်းများကို Bagan Amazing Golf Club နှင့် ဟိုတယ်ဇုန်မှ လွှတ်တင်လေ့ရှိပြီး ပုဂံတွင် မိုးပျံပူဖောင်းစီးနင်းမှုကို နိုင်ငံခြားသားခရီးသွားများ အထူးနှစ်ခြိုက်သော ဝန်ဆောင်မှုတစ်ခုအနေဖြင့် အာဆီယံနိုင်ငံများတွင် နာမည်ရလျက်ရှိသည်။

ဧရိယာစတုရန်းမိုင် ၁၉ မိုင်ကျယ်ဝန်းသော ပုဂံယဉ်ကျေးမှုဒေသတွင် မိုးပျံပူဖောင်းဝန်ဆောင်မှုပေးသော ကုမ္ပဏီလေးခုရှိပြီး အောက်တိုဘာ ၉ ရက်မှ ၂၀၂၃ ခုနှစ် ဧပြီ ၁၀ ရက်အထိ မိုးပျံပူဖောင်းဖြင့် ပြည်တွင်း/ ပြည်ပခရီးသွားများကို ဝန်ဆောင်မှုပေးသွားမည်ဖြစ်သည်။ ပုဂံဒေသ၏ စေတီပုထိုး ပေါင်း ၃၈၂၂ ဆူ၏အလှနှင့် ဧရာဝတီမြစ်၏သဘာဝအလှကို ဝေဟင်မှကြည့်ရှုခံစားနိုင်ရန် မိုးပျံပူဖောင်းကုမ္ပဏီများက ခရီးသွားရာသီကာလတွင် ခရီးသွားကဏ္ဍမြင့်တင်မှု တစ်ရပ်အနေဖြင့် ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားခြင်းဖြစ်သည်။ **သတင်း-ညိမ်းသူ(သတင်းစဉ်)**

**ဓာတ်ပုံ - ကနူး**

## ဘီးလင်းမြို့နယ် ဇုတ်သုတ်ချောင်းအတွင်း ငါးမျိုးစိုက်ထည့်

**ဘီးလင်း အောက်တိုဘာ ၂၀**

မွန်ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာနက ကြီးကြပ်၍ ဘီးလင်းမြို့နယ်ငါးလုပ်ငန်းဦးစီးဌာနက သဘာဝမြစ်ချောင်းများအတွင်း ငါးသယံဇာတများ ရေရှည်တည်တံ့စေရေးနှင့် ကျေးလက်နေပြည်သူများ ငါးရိက္ခာပိုမိုရရှိစားသုံးနိုင်ရေးအတွက် ဘီးလင်းမြို့နယ် ပေါက်တောကျေးရွာ ဇုတ်သုတ်ချောင်းအတွင်း ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားကို အောက်တိုဘာ ၁၈ ရက် နံနက် ၈နာရီခွဲက အဆိုပါကျေးရွာ၌ ကျင်းပခဲ့သည်။

ငါးမျိုးစိုက်ထည့်ပွဲအခမ်းအနားသို့ ဘီးလင်းမြို့နယ် ငါးမျိုးစိုက်ထည့်ခြင်းကြီးကြပ်ကွပ်ကဲရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြပြီး သထုံငါးလုပ်ငန်းစခန်းမှ သားဖောက်ထုတ်လုပ်သော နှစ်လက်မအရွယ် ငါးမြစ်ချင်း၊ ရွှေဝါငါးကြင်းနှင့် ငါးခုံးမကြီးငါးသားပေါက်ကောင်ရေတစ်သိန်းကို မျိုးစိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



ပြင်ပအလင်းရောင်ကို အသုံးချပါ၊ မလိုအပ်သော အိမ်တွင်းလျှပ်စစ်မီးများကို လျှော့သုံးပါ

☆ စာမျက်နှာ ၁၈ မှ

ထိုကဲ့သို့ စက်ရေတွင်းများမှ စိုက်ပျိုးရေပေးဝေနိုင်ရန်အတွက် ၁၀ လက်မအရွယ် စက်ရေတွင်း တူးဖော်ခြင်း၏ ဆက်စပ်လုပ်ငန်းများဖြစ်သည့် 11 kV၊ HT ဓာတ်အားလိုင်းများတည်ဆောက်ခြင်း၊ 11/0.4 kV၊ LT ဓာတ်အားလိုင်းများ တည်ဆောက်ခြင်း၊ ထရန်စဖော်မာများ တည်ဆောက်ခြင်း၊ ရေပေးအဆောက်အအုံများတည်ဆောက်ခြင်း၊ Submersible Pump များ တပ်ဆင်ခြင်းလုပ်ငန်းများကိုပါ အကောင်အထည်ဖော်ခဲ့ပြီးဖြစ်သည်။

"ကျွန်တော်တို့ ရွာတွေမှာ ဆည်ရေကရောက်ပေမယ့် ဆည်ရေအဝင်နည်းတဲ့ အခါမြောင်းဖျားကျနေတော့ အချို့နှစ်တွေမှာ လုံလောက်မှုမရှိတာတွေ တွေ့ကြုံလာရတယ်။ မြောင်းဖျားမှာကျနေတဲ့ တောင်သူတွေအဆင်ပြေစေဖို့ အခုဆိုရင် မြေအောက်ရေနဲ့ စိုက်ပျိုးရေးအတွက် လိုအပ်တဲ့ ဖြည့်စွက်ရေကို ရရှိနေပါပြီ။ တောင်သူတွေအတွက် စိုက်ပျိုးဖို့ရေက အဓိကဖြစ်နေတော့ ဒီအခက်အခဲကိုကျော်လွှားသွားနိုင်တာဖြစ်တဲ့အတွက် ရေရတာ ရွှေရသလိုပါပဲ" ဟု နွယ်ရစ်ကျေးရွာမှ တောင်သူဦးခင်မောင်က ပြောပြသည်။

**တောင်သူများကိုယ်တိုင်ပါဝင်သည့် ရေအသုံးချသူများအဖွဲ့(WUG)၏ အစီအစဉ်ဖြင့် ဆောင်ရွက်**

ထိုကဲ့သို့ တောင်သူများအတွက် လိုအပ်သည့် စိုက်ပျိုးရေကို စက်ရေတွင်းများမှ ပေးဝေရာတွင် လျှပ်စစ်ဖြင့် ရေတင်ပေးဝေရေး ဆောင်ရွက်ရသဖြင့် စက်ရေတွင်းအလိုက် မောင်းနှင်သည့် စက်မောင်းနာရီအား စာရင်းပြုစု၍ လျှပ်စစ်ဓာတ်အားသုံးစွဲမှု မှတ်တမ်းတင်ခြင်း၊ မီတာကောက်ခံခြင်း၊ လျှပ်စစ်မီတာခပေးချေခြင်းတို့ကို တောင်သူများကိုယ်တိုင်ပါဝင်သည့် ရေအသုံးချသူများအဖွဲ့ (WUG) ၏ အစီအစဉ်ဖြင့် ဆောင်ရွက်လျက်ရှိသည်။



ရှောက်ကုန်းကျေးရွာ စက်ရေတွင်းအမှတ်(၁) မိုးစပါးစိုက်ပျိုးရေပေးဝေထားမှုကိုတွေ့ရစဉ်။

ယခုအခါ စိုက်ပျိုးရေစက်ရေတွင်းများအား လျှပ်စစ်အပြင် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် (Renewable Energy) Solar စနစ်ဖြင့် ရှောက်ကုန်းကျေးရွာအုပ်စု ပုဏ္ဏမာစိုက်ပျိုးရေတွင်းအား စတင်ဆောင်ရွက်၍ စိုက်ပျိုးမြေ ၂၅ ဧကအား စိုက်ပျိုးရေပေးဝေခဲ့ပြီး ယခုနှစ်ဆောင်ရွက်ရန် ၁၀ လက်မစက်ရေတွင်းငါးတွင်းမှ တစ်တွင်းအားလည်း Solar + လျှပ်စစ်စနစ်ဖြင့် ဆောင်ရွက်ရန် လျာထားလျက်ရှိသည့်အပြင် ရှောက်ကုန်းကျေးရွာအုပ်စု စိုက်ပျိုးရေစက်ရေတွင်း တွင်းအမှတ် (၈) မှ Smart Irrigation စနစ် Rain Gun Sprinkler စနစ်ဖြင့် တောင်သူများ သရုပ်ပြစိုက်ပျိုးမှုများ ဆောင်ရွက်ပေးခဲ့ပြီးဖြစ်သည်။

တပ်ကုန်းမြို့နယ် ရှောက်ကုန်းကျေးရွာအုပ်စု၊ ကျားသေအိုင်ကျေးရွာအုပ်စုနှင့် နွယ်ရစ်ကျေးရွာအုပ်စုတို့တွင် ၁၀ လက်မစက်ရေတွင်း ၂၅ တွင်းမှ စိုက်ပျိုးရေပေးဝေလျက်ရှိရာ ရှောက်ကုန်းကျေးရွာတွင် ၁၀ တွင်း၊ ကျားသေအိုင်ကျေးရွာတွင် ငါးတွင်း၊ နွယ်ရစ်ကျေးရွာတွင် ၁၀ တွင်းရှိကြောင်း သိရှိရသည်။ လက်ရှိတွင် နွယ်ရစ်ကျေးရွာ၌ စက်ရေတွင်းငါးတွင်းကို တူးဖော်ဆောင်ရွက်ပေးလျက်ရှိပြီး အဆိုပါစက်ရေတွင်းများပြီးစီးပါက စိုက်ပျိုးမြေများ ထပ်မံတိုးတက်၍ စိုက်ပျိုးရေပေးဝေနိုင်မည်ဖြစ်သည်။

**စိုက်ပျိုးမြေဧက ၁၂၀၀ ကို ရေပေးနိုင်မည်**

အဆိုပါကျေးရွာများမှ စိုက်ပျိုးမြေများ စိုက်ပျိုးရေတိုးတက်ပေးဝေနိုင်ရေးအတွက် စက်ရေတွင်း ၁၀ တွင်းကို ထပ်မံအကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်ရန် လျာထားဆောင်ရွက်နေပြီး ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ဆောင်ရွက်ပြီးစီးသည့် စက်ရေတွင်း ၂၅ တွင်း၊ ဆောင်ရွက်ဆဲစက်ရေတွင်းငါးတွင်းနှင့် ဆက်လက်ဆောင်ရွက်ပေးသွားမည့် စက်ရေတွင်း ၁၀ တွင်း စုစုပေါင်းစက်ရေတွင်း ၄၀ မှ စိုက်ပျိုးမြေဧက ၁၂၀၀ ကို ရေပေးသွားနိုင်မည်ဖြစ်သည်။

"အဓိကကတော့ မြေအောက်ရေက ပြန်လည်ဖြည့်တင်းပေးနိုင်မှု ရှိတယ်။ သုံးစွဲမှုကလည်း သဘာဝပတ်ဝန်းကျင်နဲ့ ရေအရင်းအမြစ်ကို ထိခိုက်မှုမရှိဘူး။ ဒီကျေးရွာတွေ စိုက်ပျိုးရေအဆင်ပြေစေဖို့ ဆက်လက်အကောင်အထည်ဖော်ဆောင်ပေးမယ့် စက်ရေတွင်းကနေ မြေအောက်ရေသုံးစွဲရင်လည်း ထိခိုက်မှုမရှိနိုင်ဘူး။ ဒါကြောင့် စက်ရေတွင်းတစ်တွင်းကို ဧက ၃၀ ခန့်မှန်းပေးဝေမှုနဲ့ စိုက်ပျိုးမြေဧက ၁၂၀၀ ကိုအကျိုးပြုနိုင်ဖို့ စက်ရေတွင်း ၄၀ ကို ဖော်ဆောင်သွားမှာဖြစ်ပါတယ်" ဟု ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးက ရှင်းပြသည်။

သို့ပါ၍ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနအနေဖြင့် ယခုကဲ့သို့ စိုက်ပျိုးရေစက်ရေတွင်းများ ဆောင်ရွက်ပေးနိုင်မှုကြောင့် ဒေသခံတောင်သူများအတွက် မိုးစပါးဖြည့်စွက်ရေ၊ ဆောင်းသီးနှံ၊ နွေသီးနှံတို့ကို ရာသီပတ်လုံးစိုက်ပျိုးရေး အားထည့်ဆောင်ရွက်နိုင်မည်ဖြစ်ကာ တောင်သူများ၏လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးကိုသာမက နိုင်ငံတော်၏ စိုက်ပျိုးစီးပွားကဏ္ဍကိုပါ များစွာအထောက်အကူ ပြုနိုင်မည်ဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

# (၂၃)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်) ပြိုင်ပွဲတွင် ယှဉ်ပြိုင်ခဲ့သည့် ဧရာဝတီတိုင်းဒေသကြီး ကိုယ်စားပြုအသင်းနှင့် ဆုရရှိသူများအား ဂုဏ်ပြုဆုချီးမြှင့်




**နေပြည်တော် အောက်တိုဘာ ၂၀**

(၂၃)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်) ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် ဧရာဝတီတိုင်းဒေသကြီး ကိုယ်စားပြုအသင်းနှင့် ဆုရရှိသူများ ဂုဏ်ပြုဆုချီးမြှင့်ခြင်းကို ယနေ့မွန်းလွဲပိုင်းတွင် ပုသိမ်မြို့ မြို့တော်ခန်းမ၌ ပြုလုပ်ရာ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် အောင်ခင်ဇော်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဂုဏ်ပြုအမှာစကားပြောကြားပြီး တိုင်းဒေသကြီး ကိုယ်စားပြုအသင်းမှ ဘာသာရပ်အလိုက် ပညာရှင်ကြီးများနှင့် အသင်းနည်းပြများကို ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ရာ တာဝန်ရှိသူတစ်ဦးက လက်ခံရယူသည်။

ထို့နောက် (၂၃)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်) ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် တိုင်းဒေသကြီး ကိုယ်စားပြုအသင်းမှ ဆုရရှိခဲ့သူများကို တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ဒုတိယတိုင်းမှူးနှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။ ထို့နောက် တာဝန်ရှိသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် တိုင်းဒေသကြီး ကိုယ်စားပြုအသင်းမှ ဆုရရှိသူများ၏ ဖျော်ဖြေမှုများကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## အဂတိပယ်ရှားပြည်သာယာဖို့ ပူးပေါင်းဆောင်ရွက်ကြပါစို့

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေး လုပ်ငန်းစဉ်တစ်ရပ်အဖြစ် ကော်မရှင် အပါအဝင် အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသည့် ရုံးဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် "1111 " အသုံးပြု၍ SMS မှတစ်ဆင့်မေးခွန်းများ မေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Programme – PFP) ကို အသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

ပြည်သူများအနေဖြင့် ဝန်ဆောင်မှုရယူခဲ့သည့် ဌာန/အဖွဲ့အစည်းထံမှ မိမိတို့၏ လက်ကိုင်ဖုန်းများသို့ ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့် အခြေအနေများနှင့်စပ်လျဉ်း၍ Short Code နံပါတ် "1111" ဖြင့် SMS များ ပေးပို့မေးမြန်းလာပါက မှန်ကန်စွာပြန်လည်ဖြေကြား၍ ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းဖြင့် သက်ဆိုင်ရာဌာနများ၏ ဝန်ဆောင်မှုလုပ်ငန်း အရည်အသွေးနှင့် လိုအပ်ချက်များကို အချိန်မီ ပြုပြင်နိုင်မည်ဖြစ်ပြီး ပြည်သူများအနေဖြင့်လည်း ပိုမိုကောင်းမွန်သည့် ဝန်ဆောင်မှုများကို ရရှိလာမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် Short Code နံပါတ် "1111" ဖြင့်ပေးပို့လာသည့် မေးခွန်းများကို ပြန်လည်ဖြေကြားခြင်းဖြင့် အဂတိပယ်ရှား ပြည်သာယာရေး ပူးပေါင်းဆောင်ရွက် ပေးကြပါရန် တိုက်တွန်းနှိုးဆော်တင်ပြအပ်ပါသည်။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**

# စလင်းမြို့နယ်တွင် အခြေခံလူတန်းစားအိမ်ထောင်စု ၇၀၀ သို့ အခြေခံစားသောက်ကုန်များ ထောက်ပံ့



**စလင်း အောက်တိုဘာ ၂၀**

အခြေခံလူတန်းစားအိမ်ထောင်စု ၇၀၀ သို့ အခြေခံစားသောက်ကုန်ထောက်ပံ့ပေးအပ်ခြင်း အခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲက မကွေးတိုင်းဒေသကြီး စလင်းမြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းအတွင်းရှိ မိုးလုံလေလုံ အားကစားရုံခန်းမ ဆောင်၌ ကျင်းပသည်။

မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်က အခြေခံစားသောက်ကုန် ပေးအပ်ရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးစီးပွားရေးရာဝန်ကြီး ဦးအောင်ချိန်နှင့် တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးထွန်းခင်တို့က အခြေခံလူတန်းစား အိမ်ထောင်စုများအား ထောက်ပံ့ပေးအပ်သည်။

ဆက်လက်၍ စလင်းမြို့နယ် ဆန်စက်၊ ဆီစက် လုပ်ငန်းရှင်များအသင်းကိုယ်စား မြို့မိမြို့ဖ ဦးအေးဟန်ချိုက အိမ်ထောင်စု ၂၀၀ တို့အား အခြေခံစားသောက်ကုန်များ ထပ်ဆောင်းပံ့ပိုး ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# နတ်တလင်းမြို့နယ်၌ မိုးစပါးစံကွက်ရိတ်သိမ်းပွဲ ကျင်းပ

**နတ်တလင်း အောက်တိုဘာ ၂၀**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့နယ် စိုက်ပျိုးရေးညှိနှိုင်းမှုကြီးကြပ်ရေးကော်မတီက ကြီးမှူးကျင်းပသည့် မိုးစပါးစံကွက်ရိတ်သိမ်းပွဲကို ယနေ့ နံနက်ပိုင်းက ကြခတ်ဝါးရုံကျေးရွာအုပ်စုရှိ ကွင်းအမှတ်(၂၅၉) ဦးပိုင်အမှတ်(၃) တောင်သူ ဦးမြင့်ကြိုင်၏ မိုးစပါးစိုက်ပျိုးလယ်မြေ စံပြကွက်၌ ကျင်းပသည်။

အဆိုပါမိုးစပါးရိတ်သိမ်းပွဲသို့ နတ်တလင်းခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခင်မောင်ဦး၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ကျော်ဦးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စိုက်ပျိုးရေးညှိနှိုင်းမှုကြီးကြပ်ရေးကော်မတီအဖွဲ့ဝင်များ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်မြေစာရင်းဦးစီးဌာနမှဝန်ထမ်းများ၊မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် ဒေသခံတောင်သူများ တက်ရောက်ကြကြောင်း သိရသည်။

ထို့နောက် ကြခတ်ဝါးရုံကျေးရွာအုပ်စု တောင်သူဦးမြင့်ကြိုင်၏ ရတနာတိုးမျိုး မိုးစပါးစံပြကွက် ရိတ်သိမ်းကြရာ တစ်ဧကအထွက်နှုန်း ၉၈ ဒသမ ၇၈ တင်းနှုန်းထွက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ထန်းတပင်မြို့နယ်တွင် မိုးစပါးအထွက်နှုန်း မှတ်တမ်းတင် စံကွက်ရိတ်သိမ်း

**ထန်းတပင် အောက်တိုဘာ ၂၀**

ထန်းတပင်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ကြီးမှူးကျင်းပသော မိုးစပါးအထွက်နှုန်းမှတ်တမ်းတင် စံကွက်ရိတ်သိမ်းပွဲအခမ်းအနားကို အောက်တိုဘာ ၂၀ ရက် နံနက် ၁၀ နာရီက အောင်မင်္ဂလာကျေးရွာအုပ်စု ကွင်းအမှတ် (၄၅၅) ရှိတောင်သူ ဦးမြင့်စိုး၏လယ်၌ အကွက်အရွယ်အစားသုည ဒသမ ၁၀ ဖြင့် မှတ်တမ်းတင်ရိတ်သိမ်းပွဲပြုလုပ်ခဲ့ရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးလှမြင့်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ဒေသခံတောင်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုစိုးက စပါးစိုက်ပျိုးရာတွင် အထွက်နှုန်းမိတ်ဖက်များဖြစ်သော တစ်ဧကဝင်ဆံ့သည့် အပင်အရေအတွက်၊ အနှံ့ပင်ပွားနှုန်း၊ စပါးအနှံတစ်ခု၌ ပါဝင်သောအစေ့၊ အောင်စေ့ရာခိုင်နှုန်းများ၏ အရေးပါမှုနှင့် အောင်မြင်စွာဆောင်ရွက်နိုင်မည့် နည်းပညာများကို ဆွေးနွေးပြောကြားသည်။



ထို့နောက် အထွက်နှုန်းမှတ်တမ်းတင်စံကွက် သုည ဒသမ ၁၀ ကို ရိတ်သိမ်းခဲ့ရာ တစ်ဧကလျှင် ၁၄၁ ဒသမ ၈၀ တင်းထွက်ရှိခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# မြောက်ဦးမြို့နယ်သမဝါယမအသင်းစု(လီမိတက်) နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာအစည်းအဝေး ကျင်းပ

**မြောက်ဦး အောက်တိုဘာ ၂၀**

ရခိုင်ပြည်နယ် မြောက်ဦးမြို့နယ်သမဝါယမအသင်းစု(လီမိတက်)၏ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်နှင့် ၂၀၂၁-၂၀၂၂ ခုနှစ် (၆)လ တာဘဏ္ဍာနှစ်တို့အတွက် နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ယနေ့နံနက် ၉ နာရီက မြောက်ဦးမြို့နယ် သမဝါယမအသင်းစု အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါအစည်းအဝေးသို့ မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိနှင့် တာဝန်ရှိသူများ၊ မြို့နယ်သမဝါယမအသင်းစု အမှုဆောင်ဒါရိုက်တာအဖွဲ့ဝင်များ၊ အသင်းဝင်အသင်း ၈၂ သင်းမှကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် သဘာပတိ မြောက်ဦးမြို့နယ် သမဝါယမအသင်းစုဥက္ကဋ္ဌနှင့် မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိတို့က အမှာစကားပြောကြားသည်။ ဆက်လက်၍ မြို့နယ်သမဝါယမအသင်းစု အုပ်ချုပ်မှုဒါရိုက်တာက အမှုဆောင်အဖွဲ့အစီရင်ခံစာနှင့် ရှေ့လုပ်ငန်းစဉ်များ ဖတ်ကြားခြင်း၊ အသင်းစာရင်းစစ်အဖွဲ့အစီရင်ခံစာကို အသင်းစာရင်းစစ်အဖွဲ့ခေါင်းဆောင်က ဖတ်ကြားတင်ပြခြင်းနှင့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်နှင့် ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်(၆)လတို့အတွက် အစီရင်ခံစာကို မြို့နယ်သမဝါယမဦးစီးဌာနမှ ဦးစီးမှူးတစ်ဦးက ဖတ်ကြားတင်ပြကြသည်။ ထို့နောက် အစီရင်ခံစာနှင့် ရှေ့လုပ်ငန်းစဉ်များကို တက်ရောက်လာသောအသင်းဝင်ကိုယ်စားလှယ်များ၏ ဆုံးဖြတ်ချက်ရယူကာ အတည်ပြုခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

■

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ အောင်လင်း၏ အရိုင်းစံပယ် အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့၊ ဗုဒ္ဓဟူးနေ့နှင့် သောကြာနေ့တို့တွင် ဖော်ပြပေးသွားမည် ဖြစ်ပါသည်။




၁၉-၁၀-၂၀၂၂ ရက်နေ့မှအဆက်

"'မ' ကိုချစ်တဲ့စိတ်ကြောင့် ခုလို ထိန်းမရဘဲ ဖြစ်သွားတာပါ။ ဒါနဲ့ပတ်သက်ပြီး နောက်တစ်ကြိမ်မှာ ကိုယ်လိုချင်တဲ့အဖြေကိုပေးနိုင်အောင် စဉ်းစားထားစေချင်တယ်။ ကိုယ်သွားဦးမယ်နော် ရွှေ'မ'"

'မ' သည် ကိုခင်မောင်ကြည် နှုတ်ဆက်သည်ကို ခေါင်းညိတ်ရုံသာ ညိတ်လိုက်မိသည်။ 'မ' ၏ အာရုံကား ကိုဘခက်ဆီသို့ လုံးလုံးရောက်၍သွားလေသည်။

ကိုဘခက်၏အပြုအမူကိုလည်း လုံးဝနားမလည်နိုင်အောင်ရှိတော့သည်။ အမှန်ဆိုလျှင် သည်လိုအဖြစ်မျိုးကို တွေ့မြင်နေပါလျက်နှင့် ခုလို ရှောင်ထွက်၍မသွားသင့်ပေ။

တပည့်မတစ်ဦးအနေနှင့်ဖြစ်စေ၊ မိတ်ဆွေတစ်ဦးအနေနှင့်ဖြစ်စေ၊ ကူညီစောင့်ရှောက်ဖို့ ဝတ္တရားရှိသည်။ ယခုမူ ကိုဘခက်သည် သူနှင့် လုံးဝမဆိုင်သောကိစ္စတစ်ခုအနေနှင့် မျက်နှာလွှဲ၍သွားသည်။ ဘာမျှမဆန်းသောကိစ္စတစ်ခုကို မြင်တွေ့လိုက်ရသကဲ့သို့ အေးစက်စက်ဖြင့် ရှောင်ထွက်သွားသည်။ 'မ'သည် တွေးရင်း ကိုဘခက်ကို မကျေချမ်းနိုင်အောင်ရှိတော့သည်။ နစ်စရာရှိလျှင် ကယ်မည့်သူ တွေ့လျက်နှင့် ရက်စက်စွာ မျက်နှာလွှဲသွားသဖြင့် ကိုယ်သာနစ်နာရပေတော့မည်။ သည်တော့မှလည်း ခဏတွင်း ဖြစ်ပျက်ခဲ့သော အဖြစ်အပျက်အားလုံးကို တွေးရင်း ဝမ်းနည်းလာသည်။ ရှက်လာသည်၊ ဒေါသလည်းဖြစ်လာသည်။

'မ' သည် ကျိတ်၍ငိုနေရာမှ ရှိုက်လာသည်။ ရှိုက်သံများလည်း တိတ်ဆိတ်သောအခန်းတွင်းသို့ ပျံ့လွင့်၍လာသည်။ ပေါင်ပေါ်တွင် မျက်နှာအပ်၍ ငိုလိုက်မိသည်။

ထိုအတွင်းမှာပင် ရှိုက်သံနှင့် ရောထွက်လာသော စောင်းသံလွင်လွင်ကို ကြားလိုက်ရပြန်သည်။ စောင်းသံသည် တဖြည်းဖြည်း ပို၍ကျယ်လာသည်။ 'မ' သည် စောင်းသံကိုကြားရသဖြင့် မခံမရပ်နိုင်အောင်ရှိတော့သည်။

အမှန်တော့လည်း ကိုဘခက်၏စောင်းသံသည် 'မ' ကို လှောင်သလို ရှိတော့သည်။ 'မ' သည် ကလေးငယ်တစ်ယောက်ကဲ့သို့ နေရာမှထ၍ စန္ဒရားကို အသံဖွင့်၍ မွှေလိုက်သည်။

ညှော်ခန်းတစ်ခုလုံးမှာ စန္ဒရားသံကလွဲ၍ ဘာသံမှ မကြားရတော့ချေ။ 'မ' သည် ဒေါသဖြစ်တိုင်း စန္ဒရားကို တအားမွှေ၍ တီးလိုက်လေသည်။ တီးသည်ဆိုသော်လည်း သီချင်းကိုတီးခြင်းမဟုတ်။ အသံစဉ်ကိုစမ်းခြင်းမဟုတ်။

လက်ဆယ်ချောင်းကို စန္ဒရားခလုတ်ပေါ်တင်၍ မနားတမ်းမွှေလိုက်ခြင်းဖြစ်သည်။ မကျေနပ်တိုင်း ခေါင်းကိုငုံ့၍ စန္ဒရားကို တီးနေမိတော့သည်။ အတန်ကြာအောင်တီးပြီးမှ မောလာဟန်ရှိသည်။ ခဏမျှ နားပြီးလျှင် ခေါင်းကိုမော့၍ တအားပြန်၍တီးလိုက်သည်။ သည်တစ်ကြိမ်တွင်မှ 'မ' သည် စန္ဒရားကို တစ်ရှိန်ထိုးမွှေနေရာမှ ရပ်လိုက်မိသည်။

သူ့ရှေ့တည့်တည့်တွင် စန္ဒရားခုံကို လက်ထောက်၍ မတုန်မလှုပ်ကြည့်နေသော ကိုဘခက်ကို တွေ့ရသည်။

'မ' သည် ကိုဘခက်မျက်နှာကိုမြင်ရမှ ပို၍ဒေါသဖြစ်မိသည်။ ကိုဘခက်သည် သူ့ကို တမင်အရွဲ့တိုက်နေသည်။ သရော်နေသည်ဟုလည်း ထင်သည်။

'မ' သည် ကိုဘခက်ကို မျက်တောင်မခတ် စိုက်၍ကြည့်နေမိသည်။

ရန်တွေ့လိုသောကြောင့် သူ့နှုတ်ခမ်းကလေးများမှာလည်း တဆတ်ဆတ်တုန်၍နေသည်။

"စောစောက 'မ' ကို အနှောင့်အယှက်ပေးမိတာကို ကျွန်တော်တောင်းပန်ပါတယ်"

ကိုဘခက်က တောင်းပန်မှ 'မ' မှာ ပို၍ဒေါသဖြစ်မိပြန်သည်။

"ဘာလဲ ... ဘာအနှောင့်အယှက်ပေးတာလဲ"

'မ' က အသံခပ်မာမာဖြင့် ပြန်၍မေးလိုက်သည်။

ကိုဘခက်ကမူ တကယ်ပင်စိတ်မကောင်းဟန်ဖြင့် ဆက်၍ တောင်းပန်လိုက်ပြန်သည်။

"ကျွန်တော် ဒီညှော်ခန်းကို ဝင်လာတာဟာ 'မ' တို့ကို အနှောင့်အယှက်ဖြစ်မယ်ဆိုရင် ဝင်မိမှာ မဟုတ်ပါဘူး"

"တော်ပြီ ဆရာ၊ 'မ' ကို နောက်ထပ် ဘာမှမပြောနဲ့တော့"

'မ' သည် သူ့စိတ်ကိုသူ မထိန်းနိုင်တော့ပေ။

ဒေါသသံဖြင့် ပြောလိုက်သော်လည်း မျက်ရည်များက တလိမ့်လိမ့်စီးကျလာသည်။

ကိုဘခက်ကမူ 'မ' ကိုသာ ဆို့နင့်သောမျက်လုံးများဖြင့် ကြည့်နေတော့သည်။

ကြီးမားသောအပြစ်တစ်ခုကို ကျူးလွန်မိသူကဲ့သို့ ယူကျုံးမရဖြစ်နေဟန်လည်းရှိသည်။

"ကျွန်တော့်စကားဆုံးအောင်တော့ ပြောပါရစေ။ ကျွန်တော်စိတ်အထိခိုက်ဆုံးကတော့ 'မ' မှာ ခုလို ရည်စူးပြီးသားလူ ရှိနေမှန်းသိရင် ကျွန်တော်ဟာ 'မ' ဆီက မရနိုင်တဲ့ပစ္စည်းကို ခုလိုတောင်းမိမှာ မဟုတ်ဘူး။ ခုတော့ ...."

"တော်ပါတော့ ဆရာ၊ ဆရာပြောတာတွေ တစ်ခုမှမဟုတ်ဘူးသိလား။ ဆရာ 'မ'ကို စိတ်ညစ်အောင် ဘာလို့တမင်အရွဲ့တိုက်နေတာလဲ။ ဆရာ မကောင်းဘူးသိလား။ ဆရာ့ကို 'မ' စိတ်ဆိုးတယ်"

'မ' သည် ငိုရင်း ရန်တွေ့လိုက်သည်။ ခုတော့လည်း 'မ' ၏အပြုအမူမှာ ကလေးဆန်လှသည်။ ကိုဘခက်ကိုယ်တိုင် 'မ' ၏အဖြစ်ကို နားမလည်နိုင်အောင်ရှိတော့သည်။

"ကျွန်တော် 'မ' ကို ဘာမှအရွဲ့မတိုက်ပါဘူး။ ကျွန်တော့်အပြစ်အတွက် ကျွန်တော် ယူကျုံးမရဖြစ်မိလို့ တောင်းပန်တာပါ"

"မဟုတ်ဘူး ဆရာ...မဟုတ်ဘူး။ ဆရာထင်တာတွေ တစ်ခုမှမဟုတ်ဘူး သိလား။ 'မ' ကို သူစော်ကားတာကို ဆရာကြည့်နေရက်တာ အံ့သြတယ်။ ဆရာ့ကို 'မ' သိပ်စိတ်ဆိုးတယ် ... သိလား"

'မ' သည် ရန်တွေ့ရင်း စန္ဒရားကို လက်သီးဆုပ်ကလေးဖြင့် ထုနေတော့သည်။ ထိုအခါတွင် ကိုဘခက်သည် 'မ' အနားသို့ တိုးရပ်လိုက်သည်။ ပြီးမှ 'မ'၏ လက်နှစ်ဖက်ကို အသာဆွဲယူလိုက်ပြီးလျှင် စန္ဒရားအဖုံးကိုပိတ်လိုက်သည်။ 'မ' သည် သူနှင့် မျက်နှာချင်းဆိုင်ရပ်၍နေသော ကိုဘခက်ကို မော့ကြည့်လိုက်သည်။ တစ်ယောက်နှင့်တစ်ယောက် အတန်ကြာအောင် ဘာမျှမပြောဘဲ ငြိမ်၍ကြည့်နေကြသည်။

"ဒီလိုဆိုရင်တော့ ကျွန်တော် အထင်မှားမိတယ် 'မ'ရာ။ ကျွန်တော်လည်း စိတ်မကောင်းပါဘူး။ ရုတ်တရက်မြင်လိုက်ရတော့ ကျွန်တော့်ရင်ထဲမှာ နင့်သွားတယ်။ ယူကျုံးမရလည်း ဖြစ်တယ်။ ဒါကြောင့် ကျွန်တော့်စိတ်ကိုဖြေတဲ့အနေနဲ့ စောင်းကို ကောက်တီးမိတာပါ။ တကယ်ဆိုတော့ 'မ' ကို နိုင်ထက်စီးနင်း စော်ကားတယ်လို့ ကျွန်တော် လုံးလုံးမရိပ်မိပါဘူး။ ဒီလိုမရိပ်မိတာလည်း ကျွန်တော် မွန်နေလို့ပါ။ ရုတ်တရက်မြင်တွေ့လိုက်ရတော့ ကျွန်တော့်ရင်ထဲမှာ မီးတောင်ကြီးပေါက်ကွဲသလို ခံစားရတယ်။ ကျွန်တော် အစိုးရိမ်လွန်မိတယ်။ ဒီလိုဖြစ်ရတာကလည်း တခြားကြောင့်မဟုတ်ဘူး။ ကျွန်တော် 'မ' ကို ဆုံးရှုံးမှာ အကြောက်ကြီးကြောက်မိလို့ပဲ။ ကျွန်တော့်ကိုခွင့်လွှတ်ပါ 'မ' ရယ်"

ကိုဘခက်သည် ကြေကွဲလှိုက်လှဲသောအသံဖြင့် ဝမ်းပန်းတနည်း တောင်းပန်လိုက်သောအခါ 'မ' မှာ ဘာကိုမျှ ပြန်၍မပြောနိုင်တော့ချေ။ ကိုယ့်အဖြစ်ကို ကိုယ်ရှက်သလိုပင် ဖြစ်မိသည်။ အမှန်တော့ 'မ' သည် ကိုဘခက်၏ အကြင်နာအယုအယ ခံယူလိုကြောင်း ထင်ရှားနေသည်။ ကိုဘခက်သည် 'မ' ကို ဆို့နင့်သောမျက်လုံးများဖြင့် ကြည့်နေသည်။

'မ' သည် ကိုဘခက်ကိုပင် အားတုံ့အားနာ ပြန်၍ဖြစ်မိသည်။ သူ၏ ကလေးဆန်သောအပြုအမူများအတွက်လည်း ရှက်မိသည်။ 'မ' သည် ခေါင်းငုံ့၍သာ ကိုယ့်စိတ်ကို ပြန်တင်းထားလိုက်သည်။ မည်သို့တင်းထားသော်လည်း တစ်ချက်တစ်ချက် ရှိုက်လိုက်သော ရှိုက်သံကလေးများကမူ ပွင့်လျှံ၍ ထွက်လာတတ်သည်။ သည်တော့မှလည်း ကိုဘခက်က 'မ' ၏အဖြစ်ကို နားလည်တော့သည်။

ကိုဘခက်သည် 'မ' ၏ မေးဖျားကလေးကို လက်ညှိုးကလေးဖြင့် မ၍တင်လိုက်သည်။ 'မ' သည် ကလေးငယ်ကဲ့သို့ အလိုက်သင့် မော့၍ပေးလိုက်သည်။ ကိုဘခက်သည် 'မ' ၏ပါးပြင်ပေါ်မှ စီးကျနေသော မျက်ရည်စများကို လက်ဖဝါးဖြင့် သုတ်၍ပေးလိုက်သည်။ သည်တော့မှ 'မ' က ပို၍ဝမ်းနည်းလာသည်။ ကိုဘခက်၏ ကြင်နာသောအပြုအမူများသည် သူ့ရင်ထဲတွင် ပို၍ခိုက်လာမိသည်။

"'မ' ကို ဆရာ စိတ်မဆိုးဘူးနော်"

'မ' ၏ အက်ကွဲကွဲအသံကလေးမှာ ကိုဘခက်အဖို့ ပို၍သနားဖွယ်ကောင်းတော့သည်။ ကိုဘခက်သည် 'မ'၏ ပါးမို့မို့ကလေးနှစ်ဖက်ကို လက်ဖဝါးဖြင့် ခပ်ဖွဖွညှပ်လိုက်သည်။ 'မ' သည် ကိုဘခက်ကို အသနားခံသော မျက်နှာကလေးဖြင့် ကြည့်နေရှာသည်။ မျက်ရည်ရွှဲနေသော မျက်လုံးကလေးများမှာ ရွှဲလုံးကလေးပမာ လည်၍နေတော့သည်။

'မ'ကို စိတ်ဆိုးစရာအကြောင်း တစ်ခုမှမရှိပါလား 'မ'ရယ်။ ရှိတဲ့တိုင်အောင်လည်း ကျွန်တော် 'မ' ကို ဘယ်တော့မှ စိတ်ဆိုးမှာမဟုတ်ဘူးသိလား။ ကျွန်တော် 'မ' ကို တစ်ခါတလေ အပြစ်မဲ့တဲ့ကလေးလိုသနားတယ်။ တစ်ခါတလေတော့လည်း တကယ့်ရင့်ကျက်တဲ့မိန်းကလေးတစ်ယောက်လို လေးစားမြတ်နိုးတယ်။ ဒါတွေအားလုံးပေါင်းလိုက်တော့..."

ကိုဘခက်သည် ပြောမည့်စကားကို ဖြတ်၍ထားလိုက်ပြီးလျှင် သက်ပြင်းကို ခပ်လေးလေးချလိုက်သည်။ 'မ' သည် ကိုဘခက်အား ကြည်ညိုလေးစားသောအကြည့်ဖြင့် ငေးစိုက်ကြည့်နေမိသည်။

"ဆရာ့ပါးစပ်က ဟလိုက်ရင် ဆရာ့ရင်ထဲမှာ ဘာတွေအပြည့်အကျပ်ရှိနေတယ်ဆိုတာ 'မ' သိပါတယ်ဆရာ။ 'မ' ကို ဆရာ့ရင်ထဲမှာ ခံစားနေသမျှအားလုံး အန်ထုတ်နိုင်ပါတယ်။ 'မ' လေ ဆရာ့ကို နားလည်ပါတယ်။ အထင်လည်းမလွဲဘူး။ စိတ်လည်း မဆိုးဘူး သိလား။ ဒါပေမဲ့ ဝမ်းနည်းတယ်။ ဆရာ့အလိုအတိုင်းလိုက်ဖို့ 'မ' သတ္တိမရှိဘူး။ 'မ' သတ္တိနည်းတယ်ဆရာ"

ကိုဘခက်သည် မချင့်မရဲဖြင့် 'မ' ၏ပခုံးအစုံကို အသာပွေ့ယူလိုက်သည်။ 'မ' ကလည်း အလိုက်သင့်ပင် ကိုဘခက်၏ရင်ခွင်၌ သူ့မျက်နှာကို ကပ်ထားလိုက်သည်။

ကိုဘခက်သည် 'မ' ၏ကျောပြင်ကို သိုင်းဖက်ထားလိုက်ပြီးလျှင် သူ့ပါးနှင့် 'မ' ၏ ဆံနုကလေးများကို ပွတ်သပ်၍နေလိုက်သည်။

"ကျွန်တော်သိတယ် 'မ'။ ကျွန်တော်နဲ့ 'မ' ကြားမှာ တားဆီးတဲ့အရာတွေ အများကြီးရှိတယ်ဆိုတာ ကျွန်တော်နားလည်ပါတယ်။ 'မ' ရဲ့ ကြီးမားတဲ့အနှောင်အဖွဲ့က ကျွန်တော်တို့နှစ်ယောက်ရဲ့ဘဝကြားမှာ ပင်လယ်ကြီးလို ကန့်လန့်ကာဆီးနေတယ်ဆိုတာ ကျွန်တော်နားလည်ပါတယ်။ ဒါပေမဲ့ မတတ်နိုင်ဘူး။ ကျွန်တော် ဒီနေရာမှာတော့ အရှုံးပေးရမှာပဲ။ ကျွန်တော့်စိတ်ကို ကျွန်တော် မထိန်းနိုင်ပါဘူး။ ကျွန်တော့်ရဲ့ စွဲလမ်းတဲ့စိတ်၊ ချစ်တဲ့စိတ်ကို ကျွန်တော် ဘယ်နည်းနဲ့မှ ဖျောက်ဖျက်လို့မရဘူး။ ဒီစိတ်တွေဟာ ကျွန်တော့်ဘဝမှာ ဒုက္ခဝန်ထုပ်ကြီးလို တစ်သက်လုံး သယ်ပိုးသွားရမှာ ကျွန်တော်ကြောက်တယ်" **ဆက်လက်ဖော်ပြပါမည်။**

ဆရာအောင်လင်း၏ "အရိုင်းစံပယ်" စာအုပ်အား စာရေးသူ၏ မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြ ခြင်းဖြစ်ပါသည်။ **စာတည်း**

**ကျွန်တော်နဲ့ 'မ' ကြားမှာ တားဆီးတဲ့အရာတွေ အများကြီးရှိတယ်ဆိုတာ ကျွန်တော်နားလည်ပါတယ်။ 'မ' ရဲ့ ကြီးမားတဲ့အနှောင်အဖွဲ့က ကျွန်တော်တို့နှစ်ယောက်ရဲ့ဘဝကြားမှာ ပင်လယ်ကြီးလို ကန့်လန့်ကာဆီးနေတယ် ဆိုတာ ကျွန်တော်နားလည်ပါတယ်။ ဒါပေမဲ့ မတတ်နိုင်ဘူး။ ကျွန်တော် ဒီနေရာမှာတော့ အရှုံးပေးရမှာပဲ။ ကျွန်တော့်စိတ်ကို ကျွန်တော် မထိန်းနိုင်ပါဘူး။ ကျွန်တော့်ရဲ့ စွဲလမ်းတဲ့စိတ်၊ ချစ်တဲ့စိတ်ကို ကျွန်တော် ဘယ်နည်းနဲ့မှ ဖျောက်ဖျက်လို့မရဘူး။ ဒီစိတ်တွေဟာ ကျွန်တော့်ဘဝမှာ ဒုက္ခဝန်ထုပ်ကြီးလို တစ်သက်လုံး သယ်ပိုးသွားရမှာ . . .'**

# ဖရက်ဒ်နဲ့ ဘရူနိုဖာနန်ဒက်စ်တို့ရဲ့သွင်းဂိုးတွေနဲ့ စပါးအသင်းကို မန်ယူအသင်းအနိုင်ရ

အောက်တိုဘာ ၁၉ ရက်ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ ပရီမီယာလိဂ်ပွဲစဉ်(၁)ရဲ့ အကောင်းဆုံးပွဲစဉ်တစ်ပွဲဖြစ်သော မန်ယူအသင်းနဲ့ စပါးအသင်းတို့ပွဲစဉ်မှာ အိမ်ရှင်မန်ယူအသင်းက ဧည့်သည်စပါးအသင်းကို နှစ်ဂိုး–ဂိုးမရှိနဲ့ အနိုင်ရရှိခဲ့ပါတယ်။

အဲဒီပွဲစဉ်မှာ တန်ပြန်တိုက်စစ်ကို ဦးစားပေးကစားတတ်တဲ့ နည်းပြကွန်တီရဲ့ စပါးအသင်းဟာ ပထမပိုင်းပွဲကစားချိန်အတွင်းမှာ မန်ယူအသင်းကို ဂိုးသွင်းခွင့်အကြိမ်ရေ အများအပြားပေးခဲ့ရပြီး ဂိုးသမားဟူဂိုလိုးရစ် ကာကွယ်နိုင်ခဲ့လို့သာ ပထမပိုင်းမှာ ဂိုးမပေးခဲ့ရတာဖြစ်ပါတယ်။

ပထမပိုင်းပွဲကစားချိန်အတွင်း ဘယ်အသင်းကမှ ဂိုးမသွင်းနိုင်ခဲ့ပေမယ့် မန်ယူအသင်းက ပွဲကစားချိန် ၄၇ မိနစ်မှာ ဖရက်ဒ်ရဲ့ သွင်းဂိုး၊ ၆၉ မိနစ်မှာ ဘရူနိုဖာနန်ဒက်စ်ရဲ့သွင်းဂိုးတွေရရှိခဲ့လို့ စပါးအသင်းကို နှစ်ဂိုးပြတ်နဲ့ အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။

နည်းပြတန်ဟက်ရဲ့ မန်ယူအသင်းဟာ စပါးအသင်းကို အနိုင်ရရှိခဲ့တာကြောင့် ဇယားထိပ်က အာဆင်နယ်အသင်းနဲ့ ရှစ်မှတ်အကွာ ရမှတ် ၁၉ မှတ်နဲ့ အမှတ်ပေးဇယား အဆင့်(၅)နေရာမှာ ရပ်တည်ခွင့်ရရှိခဲ့ပြီး စပါးအသင်းကတော့ မန်ယူအသင်းကိုရှုံးနိမ့်ခဲ့လို့ မန်စီးတီးအသင်းကို ကျော်ဖြတ်ပြီး အဆင့်(၂)နေရာ တက်လှမ်းမယ့် အခွင့်အရေးနဲ့ လွဲခဲ့ရကာ အဆင့်(၃)နေရာမှာပဲ ဆက်လက်ရပ်တည်ခွင့်ရရှိခဲ့တာ ဖြစ်ပါတယ်။



အခြားသော ပရီမီယာလိဂ်ပွဲစဉ်တွေမှာတော့ လီဗာပူးအသင်းက ဝက်စ်ဟမ်းအသင်းကို တစ်ဂိုး–ဂိုးမရှိ၊ နယူးကာဆယ်အသင်းက အဲဗာတန်အသင်းကို တစ်ဂိုး–ဂိုးမရှိ၊ ဆောက်သမ်တန်အသင်းက ဘုန်းမောက်အသင်းကို တစ်ဂိုး–ဂိုးမရှိနဲ့ အနိုင်ရရှိခဲ့ပြီး ဘရန်းဖို့ဒ်အသင်းနဲ့ ချယ်လ်ဆီးအသင်းတို့ပွဲစဉ်မှာ ဂိုးမရှိသရေရလဒ် ထွက်ပေါ်ခဲ့တာ ဖြစ်ပါတယ်။

ငွေကြယ်

# မြန်မာအမျိုးသမီးလိဂ်တွင် လက်ရှိချန်ပီယံ အား/ကာသိပ္ပံအသင်း ဂိုးပြတ်အနိုင်ရ



Young Lionesses အသင်းနှင့် အား/ကာသိပ္ပံအသင်းတို့ ယှဉ်ပြိုင်နေစဉ်။

ရန်ကုန် အောက်တိုဘာ ၂၀

၂၀၂၂ ရာသီ မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ်(၅) ပထမနေ့ကို အောက်တိုဘာ ၂၀ ရက်က ဗဟန်းမြက်ခင်းတုကွင်း၌ကျင်းပရာ အား/ကာသိပ္ပံအသင်းက Young Lionesses အသင်းကို ၁၄ ဂိုး–ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။

အား/ကာသိပ္ပံအသင်းသည် အသင်းသစ်ဖြစ်သော မြန်မာ ယူ–၁၆ လက်ရွေးစင်(ခ)Young Lionesses အသင်းကို ဂိုးပြတ်သွင်းယူကာ နိုင်ပွဲဆက်ခဲ့သည်။ အား/ကာသိပ္ပံအသင်းအတွက် ဂိုးများကို ခြောက်မိနစ်တွင် မိုးမိုးသန်း၊ ကိုးမိနစ်တွင် နှင်းပွင့်အေး၊ ၁၂၊ ၁၃၊ ၄၆ မိနစ်တွင် ရွှေရည်ထွန်း၊ ၁၄၊ ၁၉ မိနစ်တွင် နန့်မေသဇင်၊ ၆၉၊ ၇၆ မိနစ်တွင် ခင်မာလာထွန်း၊ ၇၇၊ ၇၈၊ ၈၆ မိနစ်တွင် မီမီဇင်၊ ၇၉၊ ၈၄ မိနစ်တွင် ယဉ်လွန်းအိမ်တို့က သွင်းယူခဲ့သည်။

ယခုပွဲအပြီးတွင် အား/ကာသိပ္ပံအသင်းက လေးပွဲကစား ရမှတ် ၁၀ မှတ်၊ Young Lionesses အသင်းက ငါးပွဲကစား ရမှတ် သုံးမှတ် ရရှိထားသည်။

သတင်း – ကိုညီလေး၊ ဓာတ်ပုံ – MWL


## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော် ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၁၆/ညောင်ပင်ကြီးစုရပ်၊ ညောင်ပင်ကြီးစုကွက်သစ် မြေရေိယာ(၀.၀၈၂)ဧကရှိ မြေကွက်အမှတ်(ပ.၂၂၃) ဒေါ်သန်းကြည်(ခ) ဝွက်ထော်၊ မှတ်ပုံတင်အမှတ်၉/ပဗသ(နိုင်)၀၁၄၅၄၇၊ အဘအမည် ဦးကျော်ရှိန် အမည်ပေါက် ပါမစ်မြေကွက်ကို ဦးအောင်ဘိုဘို မှတ်ပုံတင်အမှတ် ၁၀/ကမရ(နိုင်)၀၈၀၂၈၈၊ အဘအမည် ဦးရဲစိန်မှ မြေပေးမိန့်မိတ္တူ၊ မြေကွက်အရောင်းအဝယ်စာချုပ်မိတ္တူ၊ မြေကွက်ရောင်းချသူ၏ ရောင်းချထားကြောင်း တရားရုံးကျမ်းကျိန်ဆိုချက် မူရင်း၊ မြေကွက်ဝယ်သူ၏ဝယ်ယူထားကြောင်း တရားရုံးကျမ်းကျိန်ဆိုချက် မူရင်း၊ နှစ်ဦးသဘောတူကတိ ဝန်ခံချက်မူရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး၏ထောက်ခံချက် မူရင်း၊ ရဲစခန်းထောက်ခံချက် မူရင်း၊ မြေကွက်ဝယ်ယူသူ(လျှောက်ထားသူ)၏ဝန်ခံကတိပြုချက် မူရင်းတင်ပြပြီး ၎င်း၏အမည်ဖြင့် မြေငှားစာချုပ်ချထားပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့(၄–၁၁–၂၀၂၂)ရက်နေ့ နောက်ဆုံးထားပြီး လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

ဌာနမှူး
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၄၇)၊ အင်းကြင်းမြိုင်လမ်း၊ မြေကွက်အမှတ်(၁၉၄)၊ မြေအမျိုးအစား–ဂရန်မြေ၊ အကျယ်အဝန်း(အလျား ၄၀ ပေ x အနံ ၆၀ ပေ)အနက်မှ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် မြေတိုင်းရပ်ကွက်အမှတ်(၄၇)၊ အင်းကြင်းမြိုင်လမ်း၊ မြေကွက်အမှတ်(၁၉၄/ခေါင်းရင်းခြမ်း) အကျယ်အဝန်း (အလျား ၂၀ ပေ x အနံ ၆၀ ပေ)ဟု ခေါ်တွင်သည့် မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ ရေ၊ မီး အပါအဝင် သီးပင်၊ စားပင် ခြံမြေပေါ် ခြံမြေအောက် အကျိုးခံစားခွင့်အရပ်ရပ်များအားလုံးတို့မှာ အရှုပ်အရှင်းကင်းပြီး တရားဝင်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဦးခိုင်မိုးကျော်(၁၂/ဒဂမ(နိုင်)၀၁၄၁၂၂)ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးစိုင်းအောင်ကိုကိုလွင်(၇/ဒဥန(နိုင်)၁၀၃၃၄၁)က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှုစာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ထက် ကျော်လွန်ပါကအရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည့်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ –
ဒေါ်ဇာနည်အောင် LL.B,DBL,DIL,DML
တရားလွှတ်တော်ရှေ့နေ
စဉ်–၁၂၇၁၈ (၁၅. ၆. ၂၀၁၇)
အမှတ်–၁၅၃/ဘီ(၃၂)လမ်း၊ပန်းဘဲတန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း–၀၉ ၅၀၃၀၉၁၉

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ဖော့ကန်ရပ်ကွက်၊ အောင်မင်္ဂလာ (၂) လမ်း၊ အမှတ်- ၄/၇၃ ဟုခေါ်တွင်သော (၁၆' × ၂၅') ပေရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော (၂) ထပ် နေအိမ်တစ်လုံး၊ ရေမီးစုံ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား ပိုင်ဆိုင်သူ ဦးချစ်ကောင်း [၈/နမန (နိုင်) ၁၃၈၂၆၀]၊ ဒေါ်ပန်းစုခင် [၁၂/အစန (နိုင်) ၂၅၄၅၈၀] နှင့် မဆုသက်ခင် [၁၂/ရပသ (နိုင်) ၀၉၆၅၅၇] တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်ဖြူဖြူအောင် [၁၂/အစန (နိုင်) ၂၁၆၆၃၇]က ဝယ်ယူရန် စရံငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်ကိစ္စရပ်အား ကန့်ကွက်ရန်ရှိပါက ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

| | |
|---|---|
| ဒေါ်ဇင်မာထွန်း (LL.B, D.B.L) | ဦးထွန်းလင်းကျော် (LL.B, D.B.L) |
| တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ |
| စဉ်-၁၀၀၇၃ | စဉ်-၁၃၀၀၅ |

အင်းစိန်ရှေ့နေအသင်းရုံးခန်း၊ စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်။
ဖုန်း-၀၉ ၄၄၈၀၀၈၇၁၆


## အနုပညာ

# ပဲရစ်မှာ ယိုအာအင်နဲ့အတူ တွေ့ခဲ့ရတဲ့ အိုင်ယူ

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အနုပညာရှင်တွေဖြစ်ကြတဲ့ မင်းသား ယိုအာအင်နဲ့ တေးသံရှင်နဲ့ သရုပ်ဆောင်တစ်ဦးဖြစ်သူ အိုင်ယူတို့နှစ်ဦးကို ပဲရစ်မှာ အတူတွေ့ခဲ့ရတာကြောင့် သူတို့နှစ်ဦး တိတ်တဆိတ် ချိန်းဆိုတွေ့ဆုံခဲ့ဖွယ်ရှိကြောင်း စွန်ပီဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ယိုအာအင်နဲ့ အိုင်ယူတို့နှစ်ဦး ပြင်သစ်နိုင်ငံ ပဲရစ်မြို့ရဲ့ လမ်းတွေပေါ်မှာ အတူတွေ့ဆုံခဲ့ကြတဲ့ ဓာတ်ပုံတွေကို ပရိသတ်တစ်ဦးက အောက်တိုဘာ ၂၀ ရက်က ဖော်ပြခဲ့ပါတယ်။ ပြီးခဲ့တဲ့ လကုန်ပိုင်းက သူတို့နှစ်ဦး တွေ့ဆုံခဲ့ကြတာဖြစ်ပြီး ဒီလိုပုံတွေ ထွက်ပေါ်လာတာကြောင့် သူတို့နှစ်ဦး ချစ်သူတွေအဖြစ် တိတ်တဆိတ် လက်တွဲခဲ့ကြဖွယ်ရှိကြောင်း ဒေသတွင်းမီဒီယာတွေကရေးသားဖော်ပြခဲ့ကြပါတယ်။

သူတို့နှစ်ဦး တွေ့ဆုံခဲ့ကြတဲ့ အချိန်ဟာ အိုင်ယူအနေနဲ့ အီတလီမှာ ပြုလုပ်တဲ့ မီလန်ဖက်ရှင်သီတင်းပတ်ကို တက်ရောက်ဖို့ ဥရောပကို ရောက်ရှိနေချိန်ဖြစ်ပြီး ယိုအာအင်ကတော့ Bottega Veneta နွေရာသီဖက်ရှင်ပြပွဲကို တက်ရောက်ဖို့ရာ ပြင်သစ်ကို ရောက်ရှိနေချိန်လည်း ဖြစ်ပါတယ်။



# ရုပ်သံဇာတ်လမ်းတွဲသစ်နဲ့အတူ ပရိသတ်ရှေ့အရောက်ပြန်လာမယ့် ကင်ဆွန်းဟို



တောင်ကိုရီးယားမင်းသား ကင်ဆွန်းဟိုဟာ ရုပ်သံဇာတ်လမ်းတွဲသစ်မှာ ပါဝင်ရိုက်ကူးမှာဖြစ်ကြောင်း လတ်တလောမှာ အေဂျင်စီဘက်က ထုတ်ပြန်ခဲ့တယ်လို့ အောကေပေ့ါ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ကင်ဆွန်းဟိုရဲ့ ဇာတ်လမ်းတွဲသစ်ဟာ Haesi's Shinru လို့ အမည်ရပြီး ခေတ်ဟောင်းကားတစ်ခုလည်း ဖြစ်ပါတယ်။ အဆိုပါ ဇာတ်လမ်းတွဲမှာ ကင်ဆွန်းဟိုပါဝင်ထားတဲ့ ဇာတ်ကောင်ဟာ ထူးချွန်တဲ့ သိပ္ပံပညာရှင်တစ်ဦးဖြစ်ပြီး သူဟာ ကြယ်တွေကို ချစ်မြတ်နိုးသူတစ်ဦးလည်း ဖြစ်ပါတယ်။ သူဟာ အနာဂတ်ကို ကြိုတင်သိမြင်နိုင်တဲ့ အမျိုးသမီးတစ်ဦးနဲ့ တွေ့ဆုံခဲ့ပြီး သူတို့နှစ်ဦးရဲ့ အချစ်ဇာတ်လမ်းကို ပုံဖော်ရိုက်ကူးမှာလည်း ဖြစ်ပါတယ်။

# ထိပ်ဆုံးမှာ ရပ်တည်နေဆဲ BLACKPINK ရဲ့ Shut Down

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့အမျိုးသမီးတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ BLACKPINK ဟာ လက်ရှိမှာ စွန်ပီတေးဂီတဇယားမှာ နံပါတ်တစ်နေရာကို ရယူထားနိုင်ဆဲဖြစ်ကြောင်း စွန်ပီဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

အောက်တိုဘာ တတိယပတ်မှာ BLACKPINK ရဲ့ တေးသီချင်းသစ် Shut Down ဟာ စွန်ပီတေးဂီတဇယားရဲ့ ထိပ်ဆုံးမှာပင် ရပ်တည်နေဆဲဖြစ်တာ တွေ့ရပါတယ်။ အဆိုပါ တေးသီချင်းဟာ အဖွဲ့ရဲ့ တေးအယ်လ်ဘမ်သစ်မှာ ပါဝင်တဲ့ တေးသီချင်းသစ်တစ်ပုဒ်ဖြစ်ပြီး သီတင်းပတ်သုံးပတ်ဆက်တိုက် စွန်ပီတေးဂီတဇယားရဲ့ နံပါတ်တစ်နေရာကို ရယူထားတာဖြစ်တယ်လို့ သိရပါတယ်။



အေးပြည့် – စုစည်းသည်

၁၉၈၉ – ခုနှစ်မှစ၍ လအညီမှန်မှန် ထုတ်ဝေလျက်ရှိပါသည်။
အောက်တိုဘာလထုတ်
မင်္ဂလာဓမ္မာဒီပနီ ရုပ်စုံ
မင်္ဂလာရောင်ခြည်စာပေ၊ အမှတ်–၁၂၅၊ ၄၃–လမ်း(အောက်)
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်။ ဖုန်း–၀၉ ၂၆၁၁၈၈၃၅
ထွက်ပြီ

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးကိုဒဥပဒေအမိန့်– ၅၊ နည်းဥပဒေ – ၂၀)
## အင်းစိန်ခရိုင်တရားရုံး
## ၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ် – ၅၁၁

၁။ ဦးနောင်စိုးမိုးဝေ　　နှင့်　　ဒေါ်စန်းရီ
၂။ ဒေါ်ခိုင်မေသက်

**(တရားလို)**　　**(တရားပြိုင်)**

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ (၁၈)ရပ်ကွက်၊ အနော်ရထာလမ်း၊ အမှတ်(၂၂/ခ)နေ တရားပြိုင် ဒေါ်စန်းရီ(ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင်တို့အပေါ်၌တရားလိုက **"ကတိပဋိညာဉ်ပါအတိုင်း အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုမှု"** လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့မဟုတ်၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ် ရုံးအခွင့်အမိန့်ရ ရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ၊ ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ( ၄ )ရက် (၁၃၈၄ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၂ ရက်နေ့) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့် နေ့ရက်တွင်သင် မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာ၌ ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။　သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ (၄)ရက်က တင်သွင်းရမည်။

၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ (၁၄)ရက်နေ့တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(စောဖြူဖြူလှိုင်)**
**ဒုတိယခရိုင်တရားသူကြီး(၂)**
**အင်းစိန်ခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၅)၊ ဦးတင်အေးလမ်း၊ မြေကွက်အမှတ်(၁၀၀၆) ဟုခေါ်တွင်သော(အလျား ၄၁ပေx အနံ ၆၀ပေ) အကျယ်အဝန်းရှိ ဒေါ်ဝင်းဝင်းနွဲ့ ( L /RGN–၀၂၈၄၆၉) အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်၏ တရားဝင်မခွဲစိတ်ရသေးသော ခေါင်းရင်းဘက်ခြမ်း မြေကွက်အမှတ်(၁၀၀၈)နှင့် ကပ်လျက်ဘက်ခြမ်း (အလျား ၂၁ပေx အနံ ၆၀ပေ) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို ဦးစိုးမြိုင် [၁၂/ဗဟန(နိုင်)၀၇၁၀၈၁]မှ ဥပဒေနှင့်အညီ တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုပြောဆိုလာရာ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူမှ အပြီးအပိုင်လွှဲပြောင်း ဝယ်ယူရန်အတွက် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါသည်။ ၎င်းအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးမောင်မောင်ချစ်(စလင်း) LL.B** | **ဒေါ်မိုးယုနွယ်** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်–၇၇၄၇)** | **LL.B, D.B.L, D.I.L, D.M.L,** |
| **Ph–09954280932** | **WIPO(Switzerland)** |
| **အမှတ်(၈၁)၊ တကောင်း(၅)လမ်း၊** | **တရားလွှတ်တော်ရှေ့နေ(စဉ်–၁၃၉၂၄)** |
| **(၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။** | **Ph:09420080932,09977402677** |

## "အများသိစေရန် ကြေညာခြင်း"

ကျွန်ုပ်တို့မိတ်ဆွေ　မောင်မြတ်နိုးအောင် [၁၂/တမန(နိုင်)၁၁၈၆၃၇]နှင့် မဆုပြည့်စုံအောင် [၁၂/တမန(နိုင်)၁၁၈၉၇၀]တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်–

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မအူကုန်းရပ်ကွက်၊ ၁၃၉ လမ်း၊ အမှတ်–၁၅၊ (၃)လွှာ၊ (အေ+ဘီ) နှစ်ခန်းတွဲတိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့သည် ကျွန်ုပ်တို့မိတ်ဆွေ မောင်မြတ်နိုးအောင်နှင့် မဆုပြည့်စုံအောင် တို့၏မိခင် ဒေါ်ခင်မြမြမော် (PAN–188268) [၁၂/မဂတ(နိုင်)၀၆၆၇၆၇]မှ (၁၈–၁၁–၂၀၁၁)နေ့စွဲပါ တိုက်ခန်းအရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်သည့် မိခင် ဒေါ်ခင်မြမြမော် အမည်ပေါက်အခန်းဖြစ်ပါသည်။

မိခင် ဒေါ်ခင်မြမြမော် [၁၂/မဂတ(နိုင်)၀၆၆၇၆၇]သည် (၁–၇–၂၀၀၇)နေ့တွင်လည်းကောင်း၊ ဖခင် ဦးအောင်သန်းဝင်း [၁၂/တမန(နိုင်)၀၄၉၈၉၄]သည် (၈–၂–၂၀၁၃) နေ့တွင်လည်းကောင်း အသီးသီးကွယ်လွန်ခဲ့ကြပါသည်။

သို့ဖြစ်၍　မောင်မြတ်နိုးအောင် နှင့်　မဆုပြည့်စုံအောင် တို့သည်　ဖခင် ဦးအောင်သန်းဝင်း နှင့် မိခင်ဒေါ်ခင်မြမြမော် တို့ ကွယ်လွန်သည့်အခါ အထက်ဖော်ပြပါ ဒေါ်ခင်မြမြမော် အမည်ပေါက် တိုက်ခန်းများအား အစ္စလာမ်တရားတော်နှင့်အညီ တရားဝင်အမွေဆက်ခံပိုင်ဆိုင်သူများ ဖြစ်ပါသည်။

သို့ပါ၍ အထက်ပါတိုက်ခန်း(၂)ခန်းအား ရောင်းချခြင်း၊ပေါင်နှံခြင်း၊ လွှဲပြောင်းခြင်း၊ ပေးကမ်းစွန့်လွှတ်ခြင်းနှင့် တစ်နည်းနည်းစီမံခန့်ခွဲခြင်းအပြင် အာမခံတင်သွင်းခြင်းတို့ကို ကျွန်ုပ်တို့မိတ်ဆွေများဖြစ်သော မောင်မြတ်နိုးအောင်နှင့် မဆုပြည့်စုံအောင် တို့သာလျှင် တရားဝင်စီမံဆောင်ရွက်ပိုင်ခွင့်ရှိကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်မြင့်မြင့်စန်း (LL.B; Advocate)** | **ဒေါ်ခင်ဝတ်ရည်ဦး (LL.B.;D.B.L.; D.I.L.)** |
| **(စဉ်–၆၃၇၂/၁၉၉၇)** | **(စဉ်–၁၃၉၇၉/၂၀၁၇)** |

**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်–၇၂၊ ၆လွှာ(ဘီ)၊ ရေကျော်လမ်းမ၊ (၇)ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊**
**ရန်ကုန်မြို့၊ ဖုန်း– ၀၉–၂၆၀၀၀၅၇၃၃၊ ၀၉–၉၆၆၃၂၃၈၃၆**

## ကန့်ကွက်နိုင်ပါကြောင်း

လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်– ၁၂/ပန်းလှိုင်၊ မြေကွက်အမှတ်– ၁၁၇၊ ဧရိယာ (၀.၂၅၁)ဧက၊ နှစ်(၆၀)မြေငှားစာချုပ် အမည်ပေါက်မှာ Group Synergetic Force Co.,Ltd ဖြစ်ပါသည်။ အဆိုပါမြေကွက်၏ကုမ္ပဏီ အမည်ပေါက်ဖြစ်သူထံမှအထူးကိုယ်စားလှယ်လွှဲစာရရှိသူ ရိုးမဘဏ်လီမိတက် ကိုယ်စား ရရှိသူ ဦးဝင်းမင်းစိုး [၈/ဆဖန(နိုင်)၀၅၃၉၁၅]မှ အထူးကိုယ်စားလှယ်လွှဲစာအမှတ်၊ ၂၅၈၀/၂၀၂၁၊ နေ့စွဲ (၃၁–၅–၂၀၂၁)နှင့် ကျမ်းကျိန်လွှာ အမှတ်စဉ် (၇၁၂/၂၀၂၂)၊ နေ့စွဲ (၁၇–၁၀–၂၀၂၂)တို့ တင်ပြ၍ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံမြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့်　ကန့်ကွက်လိုပါက အထောက်အထား(မူရင်း) အပြည့်အစုံ တင်ပြ၍ ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ဤဌာနသို့　လာရောက် ကန့်ကွက်နိုင်ပါသည်။

**မြေတိုင်းနှင့်မြေစာရင်းမှတ်တမ်းဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**
**ရန်ကုန်တိုင်းဒေသကြီး**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်– ၂၁၊ မြေကွက်အမှတ် ၄၅၊ မြေကွက်တည်နေရာ အမှတ် ၄၅၊ လှော်ကားလမ်း၊ ၂၁ ရပ်ကွက်၊ ဒဂုံတောင်၊ ဦးကြည်လှိုင် [၉/မရမ(နိုင်)၀၃၀၇၉၃] အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား ဂရန်အမည်ပေါက် ဦးကြည်လှိုင် [၉/မရမ(နိုင်)၀၃၀၇၉၃]မှ မေတ္တာဖြင့် အပိုင်ပေးမြေပုံကူးလျှောက်ထားလာရာ (၂၀၂၁)ခုနှစ်တွင် ထုတ်ယူခဲ့သော မေတ္တာဖြင့် အပိုင်ပေး မြေပုံမြေရာဇဝင်မူရင်းမှာ အထားမှား၍　ရှာဖွေမတွေ့ရှိတော့ပါကြောင်း၊ မည်သူ့ကိုမျှ ပေးကမ်းရခြင်းမရှိပါကြောင်း　တရားရုံးကျမ်းကျိန်လွှာ အမှတ် ၉၈၈/၂၀၂၂ (၁၈–၇–၂၀၂၂)နှင့် နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)မူရင်းတို့ တင်ပြ၍ မေတ္တာဖြင့် အပိုင်ပေးမြေပုံကူး လျှောက်ထားခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့်　ဤကြော်ငြာပါသည့်နေ့မှစ၍　(၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း　အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်　(၈/ဒက္ခိဏသီရိ အလယ်ရပ်) မြေကွက်အမှတ် (ဒ–၃၀၀၄၁၊ ဒ–၃၀၀၄၂)၊ မြေဧရိယာ (၀.၂၉၃)ဧကရှိ ဦးဆယ်မောင်(ဘ) ဦးဘငြိမ်း [၅/စကန(နိုင်)၁၂၂၆၂၉] အမည်ပေါက် မြေကွက်အား ဦးဆယ်မောင်ထံမှ မိုးကုတ်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထွေထွေကိုယ်စားလှယ်လွှဲအပ်စာအမှတ် (၃၁/၂၀၂၂)၊ (၂၅–၈–၂၀၂၂) ရရှိထားသူ ဒေါ်ခရေမင်းဆောင် (ဘ) ဦးမင်းဆောင် [၇/ရကန(နိုင်)၀၀၀၀၉၆]မှ မြေကွက်နေရာ (ယာယီ)ချထားပေးသည့်လက်မှတ် (မူရင်း)၊ တင်ပြ၍ မြေပေးမိန့်လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ၊ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်　မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅) ရက်အတွင်း　လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့်　သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက　ဌာန၏　လုပ်ထုံးလုပ်နည်းများနှင့်အညီ အဆိုပါမြေပေးမိန့်ကို ဒေါ်ခရေမင်းဆောင် (ဘ) ဦးမင်းဆောင် [၇/ရကန(နိုင်)၀၀၀၀၉၆]အား　ထုတ်ပေးသွားမည်ဖြစ်ကြောင်း　အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေး**
**ကော်မတီ**

## ဆောက်လုပ်ရေးဝန်ကြီးဌာန
## အဆောက်အဦ ဦးစီးဌာန
## အဆောက်အဦ အထူးအဖွဲ့ (၁) ရန်ကုန်
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)
## အမှတ်စဉ်(၄/၂၀၂၂)

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အဆောက်အဦ ဦးစီးဌာန အဆောက်အဦ အထူးအဖွဲ့ (၁) ရန်ကုန်မှ　(၂၀၂၂–၂၀၂၃) ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် တည်ဆောက်ရေးလုပ်ငန်းများအတွက် လိုအပ်သော ဓာတ်လှေကား (၉)စင်းနှင့် လုပ်ငန်းသုံးပစ္စည်းများ (လက်အုတ်၊ ဘိလပ်မြေ၊　Ready Mixed Concrete Alumium　လုပ်ငန်းများ၊　Repare Motor,　Grouting Cement (မျက်နှာစာအလှဆင်လုပ်ငန်း (Composite)လုပ်ငန်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါသဖြင့် အိတ်ဖွင့်တင်ဒါပေးသွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်။

| | | |
|---|---|---|
| ၁။ တင်ဒါပိတ်မည့်ရက်နှင့်အချိန် | – | ၄–၁၁–၂၀၂၂ ညနေ (၄;၀၀) နာရီ |
| ၂။ တင်ဒါဖွင့်မည့်ရက်နှင့် အချိန် | – | ၁၀–၁၁–၂၀၂၂ နံနက် (၁၀:၀၀) နာရီ |
| ၃။ တင်ဒါသွင်း/စိစစ် ရွေးချယ်မည့်နေရာ | – | အဆောက်အဦအထူးအဖွဲ့ (၁)ရုံး၊ အေ(၁)၊ အေ (၂) သံသုမာလမ်းနှင့် သရဖီလမ်းထောင့်၊ (၂၅) ရပ်ကွက်၊ သုဝဏ္ဏ၊ သင်္ဃန်းကျွန်းမြို့နယ် |

အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံနှင့် အသေးစိတ်အချက်အလက်များကို အဆောက်အဦအထူးအဖွဲ့ (၁) ရန်ကုန်တွင် ရုံးချိန်အတွင်း ဖုန်း–၀၁–၇၃၃၃၅၆၀ သို့ စုံစမ်းမေးမြန်းဝယ်ယူနိုင်ပါသည်။

**မှတ်ချက်။**　　။ပြောင်းလဲမှုရှိလျှင် အကြောင်းကြားပါမည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၁)တိုးချဲ့။ မြေကွက်အမှတ် (၅၄၄)၊ အကျယ်အဝန်း (၄၀'x၆၀')၊ (၂၄၀၀)စတုရန်းပေရှိ နှစ်(၆၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ် (၅၄၄)၊ သီဟသူလမ်း၊ မြသီတာအိမ်ရာ၊ (၁၁)တိုးချဲ့ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်စုစုတင် [၁၂/မဂဒ(နိုင်)၀၁၇၉၅၆]က တရားဝင်ပိုင်ဆိုင်ပြီး ရောင်းချလိုကြောင်းကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် သဘောတူညီထားပြီးဖြစ်ပါသည်။ အဆိုပါ မြေကွက်နှင့် အဆောက်အဦအပေါ် ပိုင်ဆိုင်မှု၊ ရောင်းချမှုနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ကျွန်ုပ်ထံသို့ ခိုင်လုံသည့်အထောက်အထားမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ အပြီးအပြတ်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခိုင်ဇာလွင်**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၂၅၀၈)**
**အမှတ်–၃၃/၄၉၊ အခန်း(၂)၊ Strand Condo (ပ)ထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း– ၀၉ ၄၃၁၄၄၆၆၇**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၇)၊ မြေကွက်အမှတ် (၇၆၀)၊ အကျယ်အဝန်း (၂၄၀၀ စတုရန်းပေ)၊ ဧရိယာ (၀.၀၅၅ ဧက)ရှိ နှစ် (၆၀)ဂရန်မြေကွက်နှင့်　ယင်းမြေကွက်ပေါ်ရှိ　အမှတ် (၇၆၀)၊　စကားဝါလမ်း၊ (၃၇)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ဟု ခေါ်တွင်သည့် မြေနှင့်အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် ဦးတင်ထွန်း [၁၂/မဂတ(နိုင်) ၀၃၄၈၇၅] အမည်ပေါက်ပါသည်။　ယင်းအမည်ပေါက်ထံမှ အထူးကိုယ်စားလှယ်စာ ရယူ၍ ဝယ်ယူပိုင်ဆိုင် လက်ရောက်ရယူထားကြောင်းအဆိုပြုသူ ဦးအောင်ဇော်ဟန် [၁၂/မရက(နိုင်)၀၄၂၂၆]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေ ပေးချေပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ–**
**ဒေါ်အိသီရိကြူ LL.B, M.A(Business Law)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၉၅၃၃)**
**ဖုန်း–၀၉–၄၃၁၆၃၄၀၅**
**အမှတ်(၃၇)၊ အနော်ရထာလမ်း၊ (၁၄) ရပ်ကွက်၊**
**ရန်ကင်းမြို့နယ်။ ရန်ကုန်မြို့။**

## အမှတ်တံဆိပ်အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ဗိုလ်ချုပ်ကျေးရွာ၊ သဲတန်းလမ်း၊ နယ်မြေ ၃၊ အမှတ်–၃/၂၃ တွင် နေထိုင်သော ဒေါ်လပြည့်ဝန်း (ဘ) ဦးမြင့်သိန်း [၁၂/သလန(နိုင်)၁၆၆၅၉၇]သည်　အောက်တွင်ဖော်ပြထားသော　အမှတ်တံဆိပ်အား ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်သွင်းထားသည့် အမှတ်တံဆိပ် မူပိုင်ရှင်ဖြစ်ပါသည်–

Yearn For Yarns

**စာချုပ်အမှတ်(၄/၈၁၂၈/၂၀၂၂) (နေ့စွဲ– ၄–၁၀–၂၀၂၂)**

အထက်ဖော်ပြပါ အမှတ်တံဆိပ်ဖြင့် အမျိုးသား/အမျိုးသမီး/ကလေးအိတ် အမျိုးမျိုးနှင့် ဒီဇိုင်းအမျိုးမျိုး၊ အမျိုးသား/ အမျိုးသမီး/ ကလေးဝတ်အဝတ်အထည် အမျိုးမျိုးနှင့် ဒီဇိုင်းအမျိုးမျိုးတို့ကို မြန်မာနိုင်ငံတစ်ဝန်းလုံး၌ လက်လီ၊ လက်ကား ထုတ်လုပ်ဖြန့်ဖြူး ရောင်းချသွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါကုန်အမှတ်တံဆိပ်အမည်၊ အမှတ်အသားနှင့် စာလုံးဒီဇိုင်းပုံတံဆိပ်များ၏ အမှတ်အသားများအား တစ်စိတ်တစ်ဒေသဖြစ်စေ၊ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ ဆင်တူယိုးမှားဖြစ်စေ၊ ထင်ယောင်ထင်မှားဖြစ်စေ၊ တစ်နည်းနည်းဖြင့် တုပသုံးစွဲခြင်း၊ ဖြန့်ဖြူးထုတ်လုပ်ခြင်း မပြုလုပ်ကြရန်နှင့် အကယ်၍ ထိုသို့ပြုလုပ်ခဲ့ပါက တည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်လပြည့်ဝန်း (ဘ) ဦးမြင့်သိန်း [၁၂/သလန(နိုင်) ၁၆၆၅၉၇]၏**
**လွှဲအပ်ညွှန်ကြားချက်အရ**

| | | |
|---|---|---|
| **ဦးကျော်ဇင်လတ်(LL.B)** | **ဦးမင်းဇော်ဟိန်း (LL.B., LL.M)** | **ဦးခိုင်ဦးလှိုင်(LL.B)** |
| **(စဉ်–၅၁၆၇၄)** | **(စဉ်–၅၂၄၇၇)** | **(စဉ်–၅၂၈၈၉)** |

**အထက်တန်းရှေ့နေများ**
**အခန်း(၂၁၁)၊ ဒုတိယထပ်၊ တိုက်အမှတ် C2A၊ ဗိုလ်တထောင်တိုင်းစကွဲကွန်ဒို၊**
**ဗိုလ်တထောင်ဈေးလမ်းနှင့် ကုန်သည်လမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း–၀၉– ၇၇၇၈၀၀၀၃၀**

သမိုင်းဝင်မဟာဓမ္မရံသီအိမ်တော်ရာစေတီတော်မြတ်ကြီး
မြို့မကျောင်းလမ်း၊ဒဂုံမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

အိမ်တော်ရာစေတီတော်(ရန်ကုန်) ဂေါပကအဖွဲ့အနေဖြင့်　လာမည့် နိုဝင်ဘာလမှစတင်၍ ပဋ္ဌမအကြိမ်လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူနိုင်ရန် စီမံဆောင်ရွက်လျက်ရှိပါသည်။ ထိုသို့ကပ်လှူဆောင်ရွက်ရာတွင် (စက်ရွှေ) သင်္ကန်း ကပ်လှူမည်ဖြစ်ပါသဖြင့် စက်ရွှေ ရွှေသင်္ကန်း ဝယ်ယူရန်ရှိပါသည်။ သို့ပါ၍ အဆိုပါစက်ရွှေသင်္ကန်း ဝယ်ယူရန်အတွက် တင်ဒါအဆိုပြုလွှာနှင့် တင်ဒါစည်းကမ်းချက်များအား (၂၄–၁၀–၂၀၂၂) ရက်နေ့မှစ၍ ဂေါပကရုံးဖုန်း -၀၁ ၈၃၈၃၇၉၄ နှင့် ၀၉၅၁၆၆၇၇၄ သို့ ဆက်သွယ်စုံစမ်းရယူ နိုင်ပါသည်။

(တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ)

## "ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၂)၊ ဘုရင့်နောင်လမ်း၊ မြေကွက်အမှတ်(၁၉၉) မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော နှစ်ခန်းတွဲ(၆)ထပ်တိုက်အဆောက်အဦ၏ ခြေရင်းခန်း၊ တတိယထပ်၊ (၄)လွှာ၊ အကျယ်အဝန်း (၁၉ပေ x ၅၄ပေ)ရှိ တိုက်ခန်းအား ဝယ်ယူမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာခြင်း"

အထက်ပါတိုက်ခန်းသည် မြေပိုင်ရှင် ဒေါ်ခင်အေးနွယ် [၁၂/ဥကတ(နိုင်) ၀၄၉၉၁၂] ကိုင်ဆောင်ထားသူ တရားဝင် ပိုင်ဆိုင်လက်ဝယ်ထားပြီး အရှုပ်အရှင်းကင်းရှင်းစွာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသည့်အတွက် ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဦးထွန်းနိုင်ကျော် [၄/ဟခန(နိုင်)၀၃၀၆၁၁] ကိုင်ဆောင်ထားသူမှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသည့်ပိုင်ဆိုင်မှုအထောက်အထားစာရွက်စာတမ်း(မူရင်း)များဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပြီး သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးထွန်းနိုင်ကျော်၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ကြည်ကြည်စမ်း (LL.B)**
**အထက်တန်းရှေ့နေ(စဉ်–၅၀၆၇၈)**
**အမှတ်(၉/၁၁)၊ ၀၀၄–မြေညီထပ်၊ (၃၆)လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း–၀၉– ၄၂၀၂၃၅၆၆၈**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ အမှတ်(၁၆)ရပ်ကွက်၊ စကားဝါလမ်း၊ အမှတ်(၄၁၃/ခ)တွင် နေထိုင်သော ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်မြမင်းစိန် [၁၂/မဂဒ(နိုင်)၀၀၆၇၇၂]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်–

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မြမင်းစိန်၏ သမီးဖြစ်သူ မမျိုးမြတ်မြတ်လှ [၁၂/မဂဒ(နိုင်)၀၅၄၈၁၉]သည် မိခင်၏ဆိုဆုံးမမှုကို နားမထောင်သည့်အပြင် ၎င်း၏ ပြုလုပ်ဆောင်ရွက်မှုများကြောင့် မိခင်ဖြစ်သူမှာ ကိုယ်စိတ်နှစ်ပါး အကြိမ်ကြိမ် စိတ်ဆင်းရဲရသည့်အတွက် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့် နောက်နောင် ၎င်းနှင့်ပတ်သက်သမျှ ကိစ္စအဝဝသည် မိသားစုနှင့် လုံးဝသက်ဆိုင်မှုမရှိကြောင်း မမျိုးမြတ်မြတ်လှ နှင့် အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**
**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်နန်းယုအောင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၅၃၂၀)**
**ရှေ့နေများနားနေခန်း၊**
**ရွှေပြည်သာမြို့နယ်တရားရုံးရှေ့၊ Ph: 09– 255779105**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၄)၊ မြေကွက်အမှတ်(၁၀၇၆)၊ အကျယ်အဝန်း (၄၄ပေ x ၆၀ပေ)ရှိ နှစ်(၆၀)ဂရန် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ　အမှတ် (၁၀၇၆)၊ ပိတောက်မြိုင်လမ်း၊ (၃၄)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ဟုခေါ်တွင်သည့် မြေနှင့်အိမ် အပါအဝင်　အကျိုးခံစားခွင့်အရပ်ရပ်အား　မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် ဒေါ်ခင်မျိုးအောင်(ခ)အမာ [၇/ပတန(နိုင်)၀၀၃၇၈၄] အမည်ပေါက်ပိုင်ဆိုင်ပြီး ယင်းအမည်ပေါက်ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့　လာရောက်ကန့်ကွက်နိုင်ပါသည်။　သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ –**
**ဒေါ်အိသီရိကြူ LL.B, M.A (Business Law)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၉၅၃၃)**
**ဖုန်း – ၀၉–၄၃၁၆၃၄၀၅**
**အမှတ်(၃၇)၊ အနော်ရထာလမ်း၊ (၁၄)ရပ်ကွက်၊**
**ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၅၅၊ မြေကွက်အမှတ်– ၄၅၅(ခ)၊ ဧရိယာ (၂၀x၆၀)ပေရှိ ဦးမောင်မောင်ညို [၁၂/လမန(နိုင်)၀၆၄၈၀၉] (YKN–006857) အမည်ပေါက် ပါမစ်မြေကွက်မှ တရားဝင်မခွဲမစိတ်ရသေးသော(ခြေရင်းခြမ်း)၊ ဧရိယာ (၁၀x၆၀)ပေရှိ ပါမစ်မြေကွက်(မူရင်း) စာရွက်စာတမ်းများနှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ အမှတ်(၅၅)ရပ်ကွက်၊ ရွှေပိတောက်လမ်း၊ အမှတ်–၄၅၅(ခ) ဟုခေါ်တွင်သော အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ပိုင်ဆိုင်သူ ဦးထွန်းအောင် [၁၂/ဒဂန(နိုင်)၀၀၅၄၅၀] (ကွယ်လွန်)၏ အမွေဆက်ခံပိုင်ဆိုင်သူ (ဇနီး) ဒေါ်ခင်သန်းမြင့် [၁၂/တမန(နိုင်) ၀၀၆၅၄၉] မှ တရားဝင်ရောင်းချပိုင်ခွင့်ရှိကြောင်း တာဝန်ယူဝန်ခံ၍ ရောင်းချရာ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ဝင်းမာ [၁၂/ပဇတ(နိုင်)၀၂၃၉၄၁]က ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်သူ မည်သူမဆို ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်မိုးခင်အိ(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၂၅၁)**
**အမှတ်(၃၇)၊ ပွဲစားလမ်း၊ အိုးဘိုရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း–၀၉– ၄၄၃၀၇၁၁၄၈**

## ကန့်ကွက်နိုင်ပါကြောင်းနှင့် အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၁)၊ အောင်မင်္ဂလာလမ်း၊ မြေကွက်အမှတ်(၉၈၁–ခ)ဟုခေါ်တွင်သော (၂၀ပေ x ၆၀ပေ)ရှိ ဦးမြင့်သန်း (ISN–၅၁၁၉၂၇) အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အရပ်ကတိစာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူပိုင်ဆိုင်၍ တရားဝင်လက်ရှိဖြစ်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း　ဝန်ခံလျက်　ဦးကြည်ဝင်း [၈/ပခက(နိုင်)၀၇၅၁၀၇]မှ　ရောင်းချရန်ကမ်းလှမ်းရာ　ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှလည်း ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ဤအရောင်းအဝယ်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိကြောင်း ကန့်ကွက်လိုပါက ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းအပြည့်အစုံဖြင့် လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

| | |
|---|---|
| **ဦးခင်မောင်မြင့် LL.B, D.B.L, D.M.L, D.I.L** | **ဦးကျော်ဝင်းလှိုင် (L.L.B)** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်–၅၆၈၃)** | **တရားလွှတ်တော်ရှေ့နေ (စဉ်–၁၇၄၇၇)** |
| **(၂၈–၆–၁၉၉၁)** | **(၂၁–၁၂–၂၀၂၁)** |
| **၀၉ ၄၃၀၃၂၁၈၁** | **၀၉ ၄၂၁၀၈၆၁၆၀** |

**အမှတ်(၉)၊ ဂန္ဓမာလမ်း၊ (၅/၁)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်။**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**
(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး
(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA)ပါ အတိုင်း အလေးထားလုပ်ဆောင်ရေး
(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး “မူ” ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ **စီးပွားရေး**
(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
(ခ) ဈေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင် အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**
(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

**ကျွန်တော်တို့အစိုးရအနေနဲ့ “ရှေ့သို့လှမ်းမည်၊ ပန်းတိုင်ဆီ” (Keep Moving Forward to Achieve Our Goal) ဆိုတဲ့အတိုင်း နိုင်ငံအကျိုး၊ တိုင်းရင်းသားပြည်သူလူထုအကျိုးကို ရှေးရှုပြီး ပိုမိုကောင်းမွန်တဲ့ နိုင်ငံတော်နဲ့ လူမှုစီးပွားဘဝတွေကို တည်ဆောက်ပေးသွားမှာဖြစ်ကြောင်း တိုင်းရင်းသားပြည်သူလူထုကို အသိပေး ပြောကြားလိုပါတယ်။ ပြည့်အင်အားသည် ပြည်တွင်းမှာရှိတယ်ဆိုတဲ့အတိုင်း ကျွန်တော်တို့အားလုံး အတူတကွ ပူးပေါင်းဆောင်ရွက်သွားရမှာဖြစ်ပါတယ်။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၁ နှစ်နှင့် ၆ လ (၁၈ လ) ပြည့် နိုင်ငံတော်တာဝန် ထမ်းဆောင်ခဲ့မှုနှင့်ပတ်သက်၍ ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်) ၁-၈-၂၀၂၂

# ၂၀၂၂ ခုနှစ် နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဒုတိယနေ့ ဆက်လက်ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၂၀**

၂၀၂၂ ခုနှစ် နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဒုတိယနေ့ကို နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပသည်။

**စိတ်ကြိုက်လေ့လာကြည့်ရှု**

နံနက်ပိုင်းမှစတင်၍ ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များသည် မဏိရတနာ ကျောက်စိမ်းခန်းမအတွင်း ခင်းကျင်းပြသထားသည့် ပုလဲအတွဲများ၊ ကျောက်စိမ်းအတွဲများ၊ ကျောက်မျက်အတွဲများနှင့် ခန်းမအပြင်ဘက်သတ်မှတ်နေရာများအလိုက် ခင်းကျင်းပြသထားသည့် ကျောက်စိမ်းအရိုင်းတွဲများကို စိတ်ကြိုက်လေ့လာကြည့်ရှုကြသည်။

ယနေ့ပြပွဲတွင် ရောင်းချမည့် ပုလဲအတွဲအမှတ်(၁)မှ အတွဲအမှတ်(၂၀၀) အထိ ပုလဲအတွဲများကို ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များက ကြည့်ရှုစစ်ဆေးကြပြီး ဈေးနှုန်းတင်သွင်းလွှာများကို တင်ဒါပုံးများအတွင်းသို့ ထည့်သွင်းကြသည်။

ထို့နောက် ပြပွဲတွင် ရောင်းချသည့် ပုလဲအတွဲပေါင်း ၄၀၀ အနက်မှ **စာမျက်နှာ ၁၁ ကော်လံ ၁ သို့** ☆




ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များ မဏိရတနာကျောက်စိမ်းခန်းမအတွင်း ခင်းကျင်းပြသထားသည့် ပုလဲအတွဲများကို စိတ်ကြိုက်လေ့လာကြည့်ရှုကြစဉ်။

**ယနေ့ ဖတ်စရာ**

**ဓာတ်ခွဲနမူနာစုစုပေါင်း ၁၂၄၆၂ ခု စစ်ဆေးပြီးစီး၊ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၂၇၃ ဦး တွေ့ရှိ**
စာမျက်နှာ » ၁၂

**ဗြိတိန်ဝန်ကြီးချုပ် လစ်ဇ်ထရပ်စ် ရာထူးမှနုတ်ထွက်**
စာမျက်နှာ » ၁၃

**အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ**
စာမျက်နှာ » ၁၅



# ပွင့်လင်းရာသီတွင် ခရီးသွားကဏ္ဍမြှင့်တင်မှုအနေဖြင့် နိုင်ငံခြားခရီးသွားများ ပုဂံယဉ်ကျေးမှုဒေသ၏အလှကို ဝေဟင်မှကြည့်ရှုခံစားနိုင်ရန် ပြင်ဆင်ဆောင်ရွက်ထား

**ရန်ကုန် အောက်တိုဘာ ၂၀**

၂၀၂၂ ခုနှစ်၏ ပွင့်လင်းခရီးသွားရာသီအစဖြစ်သော နိုဝင်ဘာလဆန်းပိုင်းတွင် ပုဂံဒေသသို့ နိုင်ငံခြားသားခရီးသွားများ ပိုမိုဝင်ရောက်နိုင်ရန် ရည်မှန်း၍ ခရီးသွားကဏ္ဍမြှင့်တင်မှုအနေဖြင့် ပုဂံယဉ်ကျေးမှုဒေသ၏ သဘာဝအလှကို ဝေဟင်မှ ကြည့်ရှုခံစားနိုင်ရန် ပုဂံဒေသရှိ ဟိုတယ်များနှင့် မိုးပျံပူဖောင်းကုမ္ပဏီများက ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ထားကြောင်း သိရသည်။

နိုင်ငံခြားခရီးသွားများ စိတ်ဝင်စားရာ အီတလီနိုင်ငံတွင် အောဒ်ဇနိုင်းတောင်တန်းနှင့် ရှုခင်းအလှတို့ဖြင့် ကမ္ဘာကျော်နေသော အီတလီနိုင်ငံအလယ်ပိုင်း တာစကန်နီဒေသ၏အလှကို ဝေဟင်မှမိုးပုံးပျံစီး၍ ကြည့်ရှုခံစားနိုင်မည့် **စာမျက်နှာ ၁၉ ကော်လံ ၁ သို့** ❖